# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ၂၀၁၇ ခုနှစ်၊ မေ ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၃၂)


# (၁၃)ကြိမ်မြောက် အေဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများလက်ခံကျင်းပရေး ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကျင်းပ



(၁၃)ကြိမ်မြောက် အေဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ လက်ခံကျင်းပရေး ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံ၌ (၁၃)ကြိမ်မြောက် အေဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ လက်ခံကျင်းပရေး ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✻

## အစည်းအဝေးကျင်းပရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်မြင်စွာ ကျင်းပသွားနိုင်ရန်လိုအပ်

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး


စာမျက်နှာ ➢ ၃

## မြေခွန်ကောက်ခံခြင်းဆိုင်ရာဥပဒေများ ပေါ်ထွက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ပြည်သူ့လွှတ်တော် စာမျက်နှာ ➢ ၇

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ပလက်ဝမြို့နယ်ရှိ အထက်တန်းကျောင်းခွဲအား အဆင့်တိုးမြှင့်ရန် စီစဉ်လျက်ရှိ

အမျိုးသားလွှတ်တော် စာမျက်နှာ ➢ ၇

မြန်မာ့အလင်း

# လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ပီပြင်စေရေး

အလုပ်သမားဆေးရုံများကို ပြင်ပပုဂ္ဂလိကဆေးရုံကြီးများနှင့် တန်းတူဖြစ်စေရေးအတွက် အဆင့်မြှင့်တင်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါ ရင်းနှီးမြှုပ်နှံခွင့်ပြုသွားမည်ဟု သိရသည်။ လူမှုဖူလုံရေးထည့်ဝင်ငွေ ပေးသွင်းထားသော ဝန်ထမ်းများနှင့် အလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလုပ်သမားဆေးရုံအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ရုံနှင့် မန္တလေးတိုင်းဒေသကြီးတွင် တစ်ရုံရှိပြီး လူမှုဖူလုံရေးဆေးခန်းအနေဖြင့် ဆေးခန်းပေါင်း ၉၀ ကျော်ရှိသည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လူမှုဖူလုံရေးစီမံကိန်းသည် အလုပ်သမားများနှင့် အများပြည်သူတစ်ရပ်လုံး အာမခံထားခွင့်ရှိသည်။ လူမှုဖူလုံရေး အာမခံထားသူများအနေဖြင့် အခမဲ့ဆေးကုသမှုခံယူနိုင်ခြင်း၊ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ လုပ်ငန်းခွင်ထိခိုက်မှုတို့အတွက် ငွေကြေးအကျိုးခံစားခွင့်ရှိခြင်း၊ အငြိမ်းစားယူပြီးနောက်တွင်လည်း ဆေးဝါးကုသမှုဆက်လက်ခံယူနိုင်ခွင့်ရှိခြင်း၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့် ၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များရရှိစေရန်အထိ ရည်ရွယ်ထားသည်ကို တွေ့ရသည်။

ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အရ ထည့်ဝင်ကြေးအနေဖြင့် အလုပ်ရှင်က ၂ ရာခိုင်နှုန်းနှင့် အလုပ်သမားက ၂ ရာခိုင်နှုန်း စုစုပေါင်း ၄ ရာခိုင်နှုန်းကို လစာနှုန်းထားအလိုက် ထည့်ဝင်ကြရခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အလုပ်သမားဆေးရုံကြီးမှာ ခုတင် ၂၅၀ ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ ထန်းတပင်အလုပ်သမားဆေးရုံကြီးမှာ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ မန္တလေးအလုပ်သမားဆေးရုံကြီးမှာ ခုတင် ၁၅၀ ဆံ့ ဆေးရုံအဖြစ်လည်းကောင်း ရပ်တည်နေကြခြင်းဖြစ်သည်။ နိုင်ငံအတွင်းရှိ ဝန်ထမ်းနှင့် အလုပ်သမားအင်အားနှင့် အလုပ်သမားဆေးရုံကြီးများ၏ တည်နေရာ၊ လက်ခံကုသပေးနိုင်မှုတို့မှာ ပစ္စုပ္ပန်အခြေအနေတို့နှင့် လိုက်လျောညီထွေ မရှိတော့သည်မှာတော့ သေချာလှသည်။ သို့ဖြင့် အလုပ်သမားဆေးရုံကြီးများမှာ လူမှုဖူလုံရေးထည့်ဝင်ကြေး ပေးဆောင်နေကြသည့် အလုပ်သမားများ၊ ဝန်ထမ်းများ၏ မှီခိုအားထားရာ ဖြစ်မလာဘဲ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများဆီသို့သာ ပြေးကြရသည့်အခြေအနေသို့ ရောက်ရှိနေခဲ့ရာ ယခုကဲ့သို့ အလုပ်သမားဆေးရုံကြီးများကို ပြင်ပပုဂ္ဂလိကဆေးရုံကြီးများကဲ့သို့ အဆင့်မြှင့်မည်ဆိုသည့်သတင်းမှာ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြရမည့် သတင်းကောင်းပင်ဖြစ်သည်။

အလုပ်သမားဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်းနှင့် တစ်ဆက်တည်းမှာပင် လူမှုဖူလုံရေး ဆေးခန်းများကိုလည်း အဆင့်မြှင့်တင်ပေးကာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ လူမှုဖူလုံရေးအာမခံစနစ်အတွင်း ထည့်ဝင်ကြေးများ လစဉ်ပေးကာ ဝင်ရောက်ထားသည့် အလုပ်သမားများနှင့် ဝန်ထမ်းများ၏ အကျိုးခံစားခွင့်များ ပီပီပြင်ပြင် ရရှိခံစားနိုင်ရေးကိုလည်း အကောင်အထည်ဖော်ပေးစေလိုပါကြောင်း။ ။




## အမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

ရန်ကုန် မေ ၂၂

"စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" က ကြီးမှူးပြုလုပ်သော (၇)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ မေ ၂၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ပါကြောင်း၊ သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေး ထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" က အမှတ်တရ လက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ကြောင်း၊ သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ဖုန်း - ၀၉-၅၁၃၅၅၁၅ ၊ ၀၉-၇၈၆၆၇၇၂၉၂ တို့သို့ မေ ၂၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

### ထင်သာမြင်သာ ပြုပြင်စရာ

## 7top မီးပွိုင့် လမ်းဆုံနေရာ ကတ္တရာလမ်းခုံးတွန့်ခြင်းကို ပြုပြင်ပေးစေလို



တောင်ငူမြို့၁၈ ရပ်ကွက် မင်းကြီးညိုလမ်းနှင့် ရန်ကုန်-မန္တလေး ပုံမှန်လမ်းမကြီးဆုံရာ 7top မီးပွိုင့် လေးပွင့်ဆိုင်နေရာတွင် ကတ္တရာလမ်း ခုံးတွန့်နေခြင်းကြောင့် ယာဉ်အန္တရာယ်များ မကြာခဏ ဖြစ်ပေါ်နေ၍ ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

အဆိုပါ လေးပွင့်ဆိုင် မီးပွိုင့်နေရာသည် ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု အများဆုံးနေရာဖြစ်ပြီး ယာဉ်တိုက်မှုများလည်း မကြာခဏ ဖြစ်ပေါ်တတ်သည်။ ညအချိန်တွင် လမ်းသွားလမ်းလာ မော်တော်ဆိုင်ကယ်များ သတိမမူဘဲမောင်းနှင်ပါက ကတ္တရာလမ်း တွန့်ကွေးလှိုင်းဖြစ်ပေါ်နေခြင်းကြောင့် ယာဉ်အန္တရာယ်များ ဖြစ်ပွားမည်ကို ဒေသခံများ စိုးရိမ်လျက်ရှိသည်။ "ဒီနေရာက အပူချိန်များရင် လမ်းကခုံးပြီး ဖောင်းလာတယ်။ နှစ်တိုင်းဖြစ်တယ်။ စနစ်တကျ သေချာပြုပြင်ရင် ကောင်းသွားမှာပါ။ မီးပွိုင့်နေရာဆိုတော့ မီးပွိုင့် စိမ်းတာနဲ့ အတင်းဖြတ်ကြတာ အဲ့ဒီတော့ အန္တရာယ်ရှိနိုင်တယ်" ဟု ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

ထို့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ရေရှည်အသုံးပြုနိုင်အောင် ပြုပြင် ပေးစေလိုကြောင်း အကြံပြုရေးသားလိုက်ရသည်။

**သူရ (တောင်ငူ)**

## အတူတူခရီးဆက်ကြမယ်...

✻ ပင်လုံတဲ့...
ရင်ခုန်စေတဲ့အသံ
မနက်ဖြန်ကို အားဖြစ်စေတယ်...။

✻ ငြိမ်းချမ်းရေးစကားပြောဖို့
ဒေါသ၊ မောဟ
မာန်မာနတွေကို ခဝါချ
အပြုံးတွေကိုမျှဝေ
တို့အားလုံးက
ညီအစ်ကိုတွေပဲလေ...။

✻ ချစ်ကြည်မှုတွေနဲ့တွေ့ဆုံ
ယုံကြည်မှုတွေနဲ့ လက်တွဲ၊
တို့ရင်ထဲမှာ အမုန်းတရားမရှိ
ပကတိအေးချမ်းတဲ့
အနာဂတ်ကို ဖန်တီးပြီး၊
(ဒီနေ့ကစ...)
အတူတူခရီးဆက်ကြမယ်...။

✻ ပင်လုံတဲ့...
ပြည်ထောင်စုရဲ့သမိုင်းသစ်
နှစ်ဆယ့်တစ်ရာစုခြေလှမ်းအစ
ကဲ...ငြိမ်းချမ်းခြင်းတို့ နိုးထစေ...
အပြုံးပန်းတို့ အေးမြဝေ...။ ။

**ကိုနေ (ကျောက်ပန်းတောင်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၂-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၂ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ·၄၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၈ ·၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ ·၉၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပ စစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ General Mikhail Kostarakos အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းအား ညနေ ၄ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ဥရောပစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် မြန်မာ- တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

## တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည့် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၂

**ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည့် ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အစိုးရ အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကလေးစာပေပွဲတော်များကို ကလေးများအား စာပေမိတ်ဆက်ပေးသည့် ပွဲတော်တစ်ခုဖြစ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ကလေးများ၏ ဘဝအတွက် စာဖတ်ချင်စိတ်ဖြစ်ပေါ်လာအောင် ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ ကလေးများသည် မိမိတို့၏ အနာဂတ်၊ တိုင်းပြည်အနာဂတ်၊ ၎င်းတို့၏ ကိုယ်ပိုင်အနာဂတ်ကို ဖန်တီးခြင်းဖြစ်ပါကြောင်း၊ အဓိကအချက်အနေဖြင့် ပျော်ရွှင်စရာကောင်းသည့် ပတ်ဝန်းကျင်နှင့် စာပေပတ်ဝန်းကျင်ကို ဖန်တီးပေးရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကလေးစာပေပွဲတော်ကို ကျင်းပသည့် သက်ဆိုင်ရာဒေသများရှိ စိတ်ဝင်စားဖွယ်ကောင်းသည့် အကြောင်းအရာများကို ထည့်သွင်းကျင်းပသင့်ပါကြောင်း၊ ကလေးများအတွက် ပညာရေးမြှင့်တင်ရာတွင်လည်း အထောက်အကူဖြစ်ရန် လိုအပ်ပါကြောင်း၊ ပွဲတော်သို့ လာရောက်ကြသည့် ကလေးများအတွက် လမ်းခရီးလုံခြုံရေးနှင့် စရိတ်များကို ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ရန်နှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေပွဲတော်နှင့်စာအုပ်ဈေးရောင်းပွဲတော်(တောင်ကြီး) ကျင်းပခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ပို့ဆောင်ရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဖျော်ဖြေရေး၊ ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဧည့်ခံကျွေးမွေးရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပညာပေးရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်း၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများ၏ ပညာရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ၅ သောင်းနှင့် ဗလာစာအုပ်များကို ပေးအပ်ရာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက လက်ခံရယူသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကျင်းပသည့် အစည်းအဝေးသည် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံ၌ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးများကို ယခုနှစ်အတွင်း လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးကျင်းပရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်မြင်စွာ ကျင်းပသွားနိုင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသို့ အစည်းအဝေးတက်ရောက်ရန်လာရောက်မည့် ကိုယ်စားလှယ်အဖွဲ့များ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကျင်းပရေးဆပ်ကော်မတီ၊ 8th Model ASEM ကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး 11th ASEF Journalists’ Seminar ကျင်းပရေးဆပ်ကော်မတီ၊ နေပြည်တော်သာယာလှပရေးဆပ်ကော်မတီ၊ အတွင်းရေးမှူးရုံးနှင့် ညှိနှိုင်းကွပ်ကဲရေးဌာန၊ သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရေးကော်မတီ၊ ကြိုဆိုရေးမုခ်ဦးများ၊ အလံများနှင့် ဆိုင်းဘုတ်များစိုက်ထူရေး၊ မီးအလှများထွန်းညှိရေးနှင့် အခြားလုပ်ငန်းများဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် လေ့လာရေးခရီးစဉ် စီစဉ်ပေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ မှန်ကန်မှုရှိစေရေးဆပ်ကော်မတီနှင့် အခမ်းအနားများပြင်ဆင်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်ထံ အိန္ဒိယကောင်စစ်ဝန်ချုပ်အဖြစ် ခန့်အပ်သည့် မစ္စတာ နန္ဒန်ဆင်းဘိုင်ဆိုရာ ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၂**

မန္တလေးမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ချုပ်အဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည့် မစ္စတာ နန္ဒန်ဆင်းဘိုင်ဆိုရာသည် ၎င်း၏ခန့်အပ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်ထံသို့ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

**နေပြည်တော် မေ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ General Mikhail Kostarakos အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌတို့သည် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် EU ဆိုင်ရာစစ်ဘက် သံတမန်ခန့်အပ်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေး သင်တန်းစေလွှတ်ရေး ကိစ္စရပ်များ အပါအဝင် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းက ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေပြည်တော်ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း အသက်စွန့်လွှတ်ခဲ့ရသည့် သူရဲကောင်းများကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌက သင်တန်းခန်းမ၌ EU နှင့် ပတ်သက်သည့် ကိစ္စရပ်များကို Power Point ဖြင့် ရှင်းလင်းပြသကာ သင်တန်းသားများနှင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ General Mikhail Kostarakos တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်**



# JATA ပြပွဲသွားရောက်ရန် ကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်း

**နေပြည်တော် မေ ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် မေ ၂၀ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းတို့မှ အဖွဲ့ဝင်များအား အင်းလျားလိတ်ဟိုတယ် ဆင်ရတနာ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ JATA ပြပွဲသွားရောက်ရန် ကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ယင်းနေ့ မွန်းလွဲပိုင်းတွင် အဆိုပါအစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်မှ အဖွဲ့ဝင်များအားတွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြိတ်ကျွန်းစုများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ခရီးသွားလုပ်ငန်းအသုံးပြုနိုင်ရေးဆိုင်ရာ Zoning Map ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မေ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သမ္မတဟိုတယ် ပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ယောမင်းကြီးလမ်းရှိ LOFT ဟိုတယ်နှင့် အင်းလျားလမ်းရှိ SAKURA RESIDENT များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် ပြည်လမ်းမရှိ DAEWOO AMARA က ဆောက်လုပ်လျက်ရှိသည့် ဟိုတယ်နှင့် အခြားဝန်ဆောင်မှုအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း ကုန်သွယ်မှုပမာဏ ၂၈၈၄၃ ဒသမ ၁၆ သန်းရှိ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၅၅၁၆ ဒသမ ၇၀ သန်းဖြစ်ပေါ်

**နေပြည်တော် မေ ၂၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉၅ ဒသမ ၉၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၉ ဒသမ ၄၁ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၃၅ ဒသမ ၄၀ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၀ ဒသမ ၃၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၃ ဒသမ ၉၂ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၂၄ ဒသမ ၂၂ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၀၅၉ ဒသမ ၆၂ သန်း ဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၈၈ ဒသမ ၈၂ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၄၃ ဒသမ ၉၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၁၉ ဒသမ ၂၉ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၆၆၃ ဒသမ ၂၃ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃၄၃ ဒသမ ၈၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၃၆ ဒသမ ၀၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၁၇၉ ဒသမ ၉၃ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၂၈၈၄၃ ဒသမ ၁၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅၅၁၆ ဒသမ ၇၀ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**



**ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးသိန်းအောင်နှင့် သံတွဲခရိုင်တရားသူကြီး ဒေါ်စောရွှေ တို့ မေ ၂၂ ရက်က ပြည်ထောင်စု တရားစီရင်ရေးဥပဒေနှင့်အညီ သံတွဲ အကျဉ်းထောင်သို့ သွားရောက်ပြီး အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်ပေးမှုနှင့် ဥပဒေပါ အခွင့်အရေးများ ရရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်**

(ခရိုင် ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မုတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ညောင်ဦးမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မင်းဘူးမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ညောင်တုန်းမြို့တွင် ၀ ဒသမ ၈၇ လက်မ၊ ကန့်ဘလူမြို့နှင့် မကွေးမြို့တို့တွင် ၀ ဒသမ ၇၁ လက်မစီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော်  မေ ၂၂**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဦးအောင်စိုး၊ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ စိုင်းလ၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ခွန်မြင့်ထွန်း၊ စောမြရာဇာလင်း၊ စိုင်းကျော်ညွှန့်၊ မင်းကျော်ဇေယျာဦး၊ ဒေါက်တာလှဖေ၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) သို့ တင်ပြမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့၏ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**






*✻ ကျောဖုံးမှ*

“ဒုတိယနေ့နဲ့ တတိယနေ့မှာတော့ ကဏ္ဍအလိုက် ဆွေးနွေးမှုတွေကို ဆောင်ရွက်မှာဖြစ်ပါတယ်၊ အဲ့ဒီအခါမှာ ညီလာခံကိုယ်စားလှယ် ၇၀၀ ကို ကဏ္ဍငါးခုခွဲပြီး ဆွေးနွေးမှာဖြစ်ပါတယ်။ လိုအပ်ခဲ့ရင် မိမိတို့ အစုအဖွဲ့အလိုက် ဆွေးနွေးမှုတွေလည်း ရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့အလိုက် ဆွေးနွေးတာမျိုး၊ နိုင်ငံရေးပါတီရဲ့အစုအဖွဲ့အလိုက် ဆွေးနွေးတာမျိုး၊ အဲဒီအစုအဖွဲ့လိုက် ဆွေးနွေးတာတွေကလည်း ဒုတိယနေ့နဲ့ တတိယနေ့မှာ လိုအပ်သလို ဆွေးနွေးကြမှာဖြစ်ပါတယ်” ဟု ခွန်မြင့်ထွန်းက ပြောကြားသည်။

ထို့ပြင် ခွန်မြင့်ထွန်းက “စတုတ္ထနေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးကို ဦးဆောင်ကျင်းပနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ရဲ့ အစည်းအဝေးနဲ့ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးတွေကို ကျင်းပသွားမှာဖြစ်ပါတယ်။ ပဉ္စမနေ့မှာတော့ အားလုံး သဘောတူညီနိုင်းရရှိတဲ့အချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ချုပ်ဆိုခြင်းနဲ့ အတည်ပြုခြင်းတွေကို ဆောင်ရွက်သွားမှာပါ” ဟု ဆက်လက်ပြောကြားသည်။

ညီလာခံတက်ရောက်မှုအပိုင်းနှင့် ပတ်သက်၍ ခွန်မြင့်ထွန်းက “အခုလောလောလတ်လတ် သိရှိတာကတော့ NCA မှာ လက်မှတ်ရေးထိုးထားတဲ့ ရှစ်ဖွဲ့ကတော့ ဒီညီလာခံကို တက်ရောက်မှာဖြစ်ပါတယ်။ ကျန်တဲ့အဖွဲ့အစည်းတွေအနေနဲ့ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေထဲက မိုင်းလားအဖွဲ့လို့ သိရှိထားတဲ့ အထူးဒေသ ၄ ကတော့ အထူးဖိတ်ကြားသူများ ကိုယ်စားလှယ်အနေနဲ့ တက်ရောက်မှာဖြစ်ပါတယ်၊ ကျန်တဲ့ အဖွဲ့အစည်းတွေ အခြေအနေကိုတော့ ကျွန်တော်တို့ မသိသေးပါဘူး” ဟု ပြောသည်။



**UPDJC အတွင်းရေးမှူး ခွန်မြင့်ထွန်း ဖြေကြားစဉ်**
ဓာတ်ပုံ - ထိန်နန်နေ(သတင်းစဉ်)

# မြန်မာနှင့်အာဆီယံဘောလုံးဖွံ့ဖြိုးရန် ဥက္ကဋ္ဌ ဦးဇော်ဇော် ဖီဖာဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေး

**ရန်ကုန်  မေ ၂၂**

မြန်မာနိုင်ငံနှင့် အာဆီယံဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့ နံနက်ပိုင်းက ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရုံးသို့ သွားရောက်၍ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် တွေ့ဆုံဆွေးနွေးသည်။

ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် ဖီဖာရုံးချုပ်သို့ လာရောက်သည့် MFF ဥက္ကဋ္ဌ ဦးဇော်ဇော်အား အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ပြီး ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။ ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ် ဘောလုံးဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူထားသည့်အတွက် မြန်မာနှင့် အာဆီယံဘောလုံးလောကအတွက် ကူညီဆောင်ရွက်ပေးရန် ဖီဖာဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာဆီယံဒေသတွင် ယူ-၁၇ ကမ္ဘာ့ဖလား ပြိုင်ပွဲ၊ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲများအား မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံအချို့တွင် ပူးတွဲအိမ်ရှင်ကျင်းပရန်၊ အမျိုးသမီးဘောလုံး အကယ်ဒမီများ တည်ထောင်ရန်၊ အာဆီယံလူငယ်ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကူညီဆောင်ရွက်ပေးရေး စသည့် ကိစ္စရပ်များ ဖီဖာဥက္ကဋ္ဌထံ တင်ပြဆွေးနွေးခဲ့သည်။ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည့် အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်)ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

**ဖိုးသော်ဇင်**

*❂ ကျောဖုံးမှ*

အခုအချိန်ကတော့ တင်ဒါအောင်မြင်ထားတဲ့ ကုမ္ပဏီက သူစီစဉ်ထားတဲ့ အစီအစဉ်အတိုင်း တင်ပြနေမှာပါ။ ပြေးဆွဲမယ့် သင်္ဘောတွေရောက်ရှိလာရင်တော့ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့အညီ ရှိ၊ မရှိ စစ်ဆေးသွားမှာဖြစ်ပါတယ်။ စံချိန်စံညွှန်းမမီရင်တော့ ပြေးဆွဲခွင့်ပြုမှာ မဟုတ်ပါဘူး”ဟု တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်စတုတ္ထ ပုံမှန်အစည်းအဝေးတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ “ Water Taxi ပြေးဆွဲရန်အတွက် မည်သည့်အချိန်က တင်ဒါခေါ်ယူခဲ့၍ ကုမ္ပဏီ ဘယ်နှခု ယှဉ်ပြိုင်ခဲ့ပါသနည်း။ ယခုရွေးချယ်ခဲ့သော ကုမ္ပဏီသည် မည်သည့်အချက်များ(Characteristics)နှင့် ပြည့်စုံ၍ ရွေးချယ်ခဲ့ပါသလဲ။ ရေလမ်းခရီးကို အသုံးပြုနေရသော ပြည်သူများအတွက် ဘေးအန္တရာယ်မဖြစ်ပေါ်စေရန် ၎င်းကုမ္ပဏီပိုင် ရေယာဉ်များမှာ မည်ကဲ့သို့ ဆောင်ရွက်ထားပါသနည်း။ ၎င်းကုမ္ပဏီပိုင်ရေယာဉ်များမှ တိုင်းဒေသကြီးအစိုးရအနေဖြင့် တစ်နှစ်လျှင် ငွေရမ်းခ အကျိုးအမြတ် မည်မျှရရှိမည်ကို သိရှိလိုကြောင်း”မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ၎င်းက ယင်းသို့ ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

Yangon Water Bus ပြေးဆွဲရာတွင် ပြည်သူများ အဆင်ပြေစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် YRTA မှ မြန်မာနိုင်ငံရေကြောင်းသိပ္ပံ(ကျောင်းအုပ်ကြီးဟောင်း) ဒေါက်တာ ချာလီသန်းနှင့်အတူ ဆိပ်ကမ်းအာဏာပိုင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေလမ်းထိန်းသိမ်းရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆိုက်ကပ်သင့်သည့် ဆိပ်ကမ်းများနှင့်ပတ်သက်၍ ရန်ကုန်မြစ်(လှိုင်မြစ်)နှင့် ငမိုးရိပ်ချောင်းတစ်လျှောက် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး Yangon Water Bus ကို အကောင်အထည်ဖော်ရန် YRTA က တင်ဒါစနစ်ဖြင့် တင့်တင့်မြန်မာကုမ္ပဏီကို လုပ်ကိုင်ခွင့်ပေးကြောင်း သိရသည်။

Yangon Water Bus ပြေးဆွဲမှုကို ဇွန်လတတိယပတ်တွင် စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး စတင်ပြေးဆွဲရာတွင် လှိုင်မြစ်ကြောင်းကို အသုံးပြု၍ အင်းစိန်မြို့နယ်အတွင်းရှိ အောင်ဇေယျကြိုးတံတားအနီးမှစတင်ကာ ဗိုလ်တထောင်မြို့နယ်အထိ Jetty ပေါင်း ရှစ်ခု သတ်မှတ်ထားရှိကာ ရေယာဉ်အစင်းရေ ၁၆ စင်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီမှ CEO ဒေါ်တင့်တင့်လွင် က Yangon Water Bus ပြေးဆွဲခြင်းနှင့် ပတ်သက်၍ မေ ၅ ရက် ညနေပိုင်းက စမ်းချောင်းမြို့နယ်အတွင်းရှိ Tint Tint Myanmar Group of Companies ရုံးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားသည်။

Yangon Water Bus ပြေးဆွဲရာတွင် အသုံးပြုပြေးဆွဲမည့်ရေယာဉ်များကို ဩစတြေးလျ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တည်ဆောက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန် အဆိုပါကုမ္ပဏီအနေဖြင့် ကျပ် ၂၀ ဘီလီယံမှ ၃၇ ဘီလီယံအကြား ရင်းနှီးမြှုပ်နှံထားကြောင်း ဒေါ်တင့်တင့်လွင် က ဆိုသည်။

Yangon Water Bus ပြေးဆွဲရာတွင် မြစ်ကြောင်းအမျိုးအစားမတူညီသောကြောင့် ရေယာဉ်အမျိုးအစား လေးမျိုးဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး ရေယာဉ်တစ်စင်းလျှင် လူဦးရေ ၆၀၊ ၈၀၊ ၁၈၀၊ ၂၀၀ စသည်ဖြင့် အသီးသီးစီးနင်းနိုင်ကြောင်း သိရသည်။

ထိုသို့ပြေးဆွဲရာတွင် ခရီးစဉ်အလိုက် ကျသင့်ငွေအဖြစ် ခရီးစဉ်အတိုအတွက် ငွေကျပ် ၃၀၀၊ ခရီးစဉ် စ/ဆုံး ငွေကျပ် ၅၀၀ အဖြစ် သတ်မှတ်သွားမည်ဖြစ်သည့်အပြင် ရေယာဉ်ထွက်ခွာမည့်အချိန်ကို LED ဆိုင်းဘုတ်များဖြင့် ကြေညာပေးထားမည်ဖြစ်ပြီး မိနစ် ၂၀ လျှင် ရေယာဉ်တစ်စင်းနှုန်း ထွက်ခွာပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင်းတွင် ခရီးစဉ်အစ၊ အဆုံး တစ်နာရီခွဲခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ ရေယာဉ်ထွက်ခွာချိန်များကို နံနက် ၆ နာရီမှ ညနေ ၆ နာရီခွဲ သတ်မှတ်ထားကြောင်း၊ ခရီးသွားပြည်သူများ၏ အာမခံအတွက် IKBZ အာမခံလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်သည့်အပြင် Yangon Water Bus ပြေးဆွဲခြင်းနှင့် ပတ်သက်၍ Facebook၊ အင်တာနက် Website များတွင်လည်း အသိပေးကြေညာသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

ခရီးစဉ်ပြေးဆွဲရာတွင် ဟန်ဂေရီနိုင်ငံတွင် အသုံးပြုနေသည့် စနစ်ဖြစ်သော CCTV and GPS Monitoring System ကို အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါစနစ်မှာ အာရှနိုင်ငံများတွင် အသုံးပြုခြင်းမရှိသေးသည့်စနစ်ဖြစ်ကြောင်း သိရသည်။

ယခု အခါ ရန်ကုန်မြစ်(လှိုင်မြစ်)နှင့် ငမိုးရိပ်ချောင်းကို အသုံးပြု၍ Water Bus ပြေးဆွဲနိုင်ရန် Jetty များ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ငမိုးရိပ်ချောင်းမှာ တံတားအစင်းရေ များပြားသည့်အပြင် သောင်ထွန်းပြီး ရေနည်းပါးသောကြောင့် အဆိုပါအချက်များနှင့် ကိုက်ညီသည့် ရေယာဉ်များကို မြန်မာနိုင်ငံအတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်မြစ်ကြောင်းအတွင်း ပြေးဆွဲသည့် Water Bus အစီအစဉ်ကို ယခင်က FMI ကုမ္ပဏီက ပြေးဆွဲခဲ့ဖူးသော်လည်း ခရီးသည်စီးနင်းမှုနည်းပါးခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်များအတွင်းက ရပ်နားခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ခြောက်သန်းကျော်နေထိုင်လျက်ရှိပြီး အများစုမှာ ခရီးသွားလာရာတွင် ဘတ်စ်ကားများကိုသာ အားထားနေရကြောင်း သိရသည်။

# ရှမ်းတောင်တန်းဒေသမှ လူငယ်မောင်မယ်များအား အင်္ဂလိပ်စကားပြောသင်တန်းဖွင့်လှစ်ပေး

**သီပေါ  မေ ၂၂**

ရှမ်းတောင်တန်းဒေသ လူငယ်ကွန်ရက်က ကြီးမှူး၍ (၇)ကြိမ်မြောက် အခြေခံ အင်္ဂလိပ်စကားပြော သင်တန်းဖွင့်ပွဲကို မေ ၂၂ ရက်က သီပေါမြို့နယ် မန်တဲကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းလူငယ်ကွန်ရက်နာယကလုံးပစိတ္တနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်တို့က အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းယိင်းသီတာက ဒေသခံတိုင်းရင်းသားလူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတကာသုံး အင်္ဂလိပ်စကား တတ်မြောက်ခြင်းအားဖြင့် အကျိုးသက်ရောက်မှုရှိခြင်းများကိုလည်းကောင်း၊ အလှူရှင် ဒေါက်တာနန်းဆိုင်အေး(လားရှိုး)နှင့် အလှူရှင်များက ကူညီပံ့ပိုးငွေများ လှူဒါန်းခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး သင်တန်းအတွက် ကူညီပံ့ပိုး လှူဒါန်းငွေများကို တာဝန်ခံဆရာမကြီး ဒေါ်နန်းယိင်းသီတာထံ ပေးအပ်သည်။ **(ယာပုံ)**

သင်တန်းသို့ သီပေါ၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်း၊ သိန္နီ၊ ကျောက်မဲ၊ မြစ်ကြီးနားမြို့နယ်တို့မှ ရှမ်းတိုင်းရင်းသားလူငယ်မောင်မယ် ၁၂၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလ တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ဘယ်လိုပဲရှိနေရှိနေ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အောင်မြင်မှုရရှိလာမယ်ဆိုတာ အခိုင်အမာယုံကြည်

## (မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး

**The Global New Light of Myanmar သတင်းစာတွင် မေ ၂၀ ရက်က ဖော်ပြပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဘာသာပြန်ဆို ဖော်ပြအပ်ပါသည် -**

*(ယမန်နေ့မှအဆက်)*

**မေး။ ။မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အသွင်ကူးပြောင်းရေးရဲ့ ရလဒ်အပေါ် အဆွေတော်ရဲ့ အမြင်ကိုသိချင်ပါတယ်။**

ဖြေ။ ။မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးက ၂၀၁၀ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ အဲ့ဒီမတိုင်ခင်မှာ ပြင်ဆင်မှုတွေအများကြီး လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲ ချောချောမောမောနဲ့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာတွေ့ရလို့ အလွန်ဝမ်းမြောက်ရပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ အစိုးရဟောင်းကနေ လက်ရှိအစိုးရကို ချောချောမွေ့မွေ့နဲ့ ငြိမ်းငြိမ်းချမ်းချမ်း အာဏာလွှဲပြောင်းပေးခဲ့တာတွေ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယခုအချိန်အခါမှာ ပြုပြင်ပြောင်းလဲရေးတွေနဲ့အတူ နိုင်ငံတကာအသိုက်အဝန်းထဲ ဝင်ရောက်လာတာကိုတွေ့ရလို့ ဝမ်းမြောက်မိပါတယ်။

### အလွန်အရေးပါ

ဒါတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ကြီးမားတဲ့အောင်မြင်မှုတစ်ရပ်ပါ။ ဒီအောင်မြင်မှုအတွက် မြန်မာပြည်သူတွေကို ဦးစွာချီးကျူးရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ တပ်မတော်အပါအဝင် နိုင်ငံရေးပါတီကြီးတွေရဲ့ ပါဝင်ပတ်သက်မှုနဲ့ ကူညီပံ့ပိုးမှုတွေကလည်း အသွင်ကူးပြောင်းရေးအောင်မြင်ဖို့ အလွန်အရေးပါကြောင်း တွေ့မြင်ရပါတယ်။

ဒီမိုကရေစီဆိုတာဟာ ပြည်သူတွေအတွက် လိုအပ်တဲ့ ပြည်သူ့အစိုးရကို ပြည်သူက ရွေးကောက်တင်မြှောက်တာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံအားလုံးအတွက် တူညီတဲ့ စိတ်ခံစားမှုနဲ့ တူညီတဲ့တန်ဖိုးဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံတစ်နိုင်ငံအနေနဲ့ သူ့ရဲ့ကိုယ်ပိုင်အမျိုးသားရေး အခြေအနေတွေရှိမှာဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ ကိုယ့်ရဲ့ကိုယ်ပိုင်အမျိုးသားရေးအခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို လုပ်ဆောင်ရမှာပဲဖြစ်ပါတယ်။ နိုင်ငံအားလုံးဟာ ဒီအသွင်ကူးပြောင်းရေးကို မလွဲမသွေလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုယ်ပိုင်အမျိုးသားရေးအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အောင်မြင်မှုရလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အဓိကအရေးအကြီးဆုံးက အမျိုးသားပြန်လည်သင့်မြတ်ရေးပဲဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ အဓိကအားဖြင့် နှစ်ပိုင်းပါဝင်တယ်လို့ မြင်ပါတယ်။ ပထမအပိုင်းကတော့ တပ်မတော်အပါအဝင် အဓိကနိုင်ငံရေးပါတီကြီးတွေအကြား အမျိုးသားပြန်လည် သင့်မြတ်ရေးဖြစ်ပြီး ဒုတိယအပိုင်းကတော့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအကြား အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်ပါတယ်။

### ချီးမွမ်းကြ

အဲ့ဒီအစိတ်ပိုင်းနှစ်ခုဟာ မြန်မာနိုင်ငံမှာ လုပ်ဆောင်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး အောင်မြင်ဖို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ NLD အစိုးရအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ဆောင်ရာမှာ အားလုံးပါဝင်တဲ့ ချဉ်းကပ်မှု နည်းလမ်းကို အသုံးပြုတာတွေ့ရလို့ အလွန်ဝမ်းမြောက်မိပါတယ်။ အဲ့ဒီအတွက် မြန်မာပြည်သူတွေသာမက နိုင်ငံတကာအသိုက်အဝန်းကပါ ချီးမွမ်းကြပါတယ်။

မြန်မာနိုင်ငံဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေများစွာ ကြုံတွေ့ခဲ့ရတယ်ဆိုတာ သိရပါတယ်။ သို့သော်လည်း ဆန္ဒရှိရင် နည်းလမ်းရှိတယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ မြန်မာရဲ့ အိမ်နီးချင်းဖြစ်တဲ့ တရုတ်နိုင်ငံအနေနဲ့ အဲ့ဒီအသွင်ကူးပြောင်းရေးအောင်မြင်ဖို့အတွက် လိုအပ်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ကူညီမှာ ဖြစ်ပါတယ်။

**မေး။ ။မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ အစိုးရက ကြိုးပမ်းအကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ယင်းလုပ်ငန်းစဉ်အပေါ် တရုတ်နိုင်ငံရဲ့ ကတိကဝတ်နဲ့ပတ်သက်ပြီး အဆွေတော်ပြောသွားတာရှိပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တရုတ်နိုင်ငံရဲ့ ပံ့ပိုးမှုနဲ့ပတ်သက်လို့ ထပ်ပြီးပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ။မြန်မာနိုင်ငံဟာ အဓိကပြဿနာကြီးနှစ်ရပ်နဲ့ ရင်ဆိုင်နေရပါတယ်။ ပထမပြဿနာကတော့ ငြိမ်းချမ်းရေးဖြစ်ပြီး ဒုတိယပြဿနာကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါတယ်။ ပဋိပက္ခဖြစ်ပွားတဲ့ဒေသမှာ ငြိမ်းချမ်းရေးဟာဒေသခံပြည်သူတွေရဲ့ ဦးစားပေးအရေးကိစ္စဖြစ်ပြီး အခြားဒေသတွေမှာတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အဲ့ဒီဒေသတွေမှာရှိတဲ့ ပြည်သူတွေရဲ့ အဓိကအရေးကိစ္စဖြစ်ပါတယ်။

### တည်တံ့ခိုင်မြဲ

ကျွန်တော့်အနေနဲ့ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ မြန်မာနိုင်ငံအတွက် ညီတူညီမျှအရေးကြီးတယ်လို့ မြင်ပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဖွံ့ဖြိုးတိုးတက်မှုရနိုင်မှာမဟုတ်သလို ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲနဲ့ ငြိမ်းချမ်းရေးဟာ တည်တံ့ခိုင်မြဲမှာမဟုတ်ပါဘူး။ ဒါ့ကြောင့် ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးဟာ အတူတူသွားရမှာဖြစ်ပြီး တစ်ခုနဲ့တစ်ခု ကျားကန်ပေးမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်တဲ့အတွက် အောင်မြင်မှုအချို့ ရရှိနေပါပြီ။ များမကြာမီမှာ နောက်ထပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ထပ်ပြီးလက်မှတ်ထိုးလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ပြီးခဲ့တဲ့နှစ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစု ပင်လုံပထမအကြိမ် ကျင်းပရာမှာ အောင်မြင်မှုရတာကို တွေ့မြင်ရလို့ အလွန်ဝမ်းမြောက်ရပါတယ်။ မကြာမီကျင်းပမယ့် ဒုတိယအကြိမ် ညီလာခံဟာလည်း နောက်ထပ် အောင်မြင်မှုတစ်ခု ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

> **မြန်မာနိုင်ငံဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေများစွာ ကြုံတွေ့ခဲ့ရတယ်ဆိုတာ သိရပါတယ်။ သို့သော်လည်း ဆန္ဒရှိရင် နည်းလမ်းရှိတယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ မြန်မာရဲ့ အိမ်နီးချင်းဖြစ်တဲ့ တရုတ်နိုင်ငံအနေနဲ့ အဲ့ဒီအသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် လိုအပ်တဲ့အခန်းကဏ္ဍကနေ ပါဝင်ကူညီမှာဖြစ်ပါတယ်**

### ဖော်ဆောင်လာနိုင်

အမှန်တကယ်တော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ သက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ အပြန်အလှန်နားလည်မှုနဲ့ အပြန်အလှန်ယုံကြည်မှုတည်ဆောက်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ပါ။ လက်နက်ချခြင်း (သို့မဟုတ်) ထိပ်တိုက်ရင်ဆိုင်မှုကို စွန့်လွှတ်ခြင်းဆိုတဲ့ ကိစ္စတစ်ရပ်တော့ လုံးဝမဟုတ်ပါဘူး။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ရှင်းရှင်းလင်းလင်းပြောခဲ့သလို ကျွန်တော်တို့ဟာ ကိုယ်ယူနိုင်တာထက် ကိုယ်ပေးနိုင်တာကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ ပေးခြင်းဟာ ယူခြင်းထက်ပို၍ အရေးကြီးလို့ပါပဲ။ အဲ့ဒီအယူအဆဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ရာအတွက် အလွန်ပဲ အရေးကြီးတယ်လို့ထင်ပါတယ်။ ကိုယ်ရဲ့အရေးကိစ္စကို ထည့်သွင်းစဉ်းစားတဲ့အချိန်မှာ သူများရဲ့အရေးကိစ္စကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုတယ်ဆိုတာပါပဲ။ ကျွန်တော်တို့ဟာ တစ်ဦးကိုတစ်ဦး ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဒီနည်းလမ်းဖြင့်သာ အပြန်အလှန်နားလည်မှုနဲ့ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်မှာဖြစ်ပြီး အဲ့ဒီကနေတစ်ဆင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်လာနိုင်မှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးမှာ လူတိုင်းပါဝင်ခွင့်ရဖို့ဆိုတာ အလွန်ပဲအရေးကြီးပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဘယ်အဖွဲ့အစည်းကိုမှ လျစ်လျူရှုတာ သို့မဟုတ် ချန်ရစ်ခဲ့တာတို့မဖြစ်သင့်ပါဘူး။ ဘယ်လိုတွေ့ဆုံဆွေးနွေးမှုပုံစံမျိုးမဆို အပြန်အလှန်နားလည်မှုနဲ့ အပြန်အလှန်ယုံကြည်မှုမြှင့်တင်ဖို့က ကနဦးခြေလှမ်းပါပဲ။ အထူးသဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအဖို့ တွေ့ဆုံဆွေးနွေးပွဲဟာ ပိုအရေးကြီးပါတယ်။

တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုတင်သတ်မှတ်ချက်တွေချမှတ်တာဟာ လက်တွေ့မကျဘူးလို့ ထင်ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲဟာ ကြိုတင်သတ်မှတ်ချက်တွေကြောင့် မပျက်ပြားသင့်ပါဘူး။ လက်မှတ်ထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အသီးအပွင့်တွေကို တွေ့မြင်ခံစားရဖို့က အရေးကြီးပါတယ်။ အဲ့ဒီလုပ်ငန်းစဉ်ကနေ ၎င်းတို့ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ မြှင့်တင်နိုင်ဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ အကျိုးတရားတွေ ရရှိလိုကြပါတယ်။ ဒါကလည်း အစိုးရအနေနဲ့ နောက်ထပ်လုပ်ပေးရမယ့် လုပ်ငန်းတွေပါ။ လက်မှတ်ရေးထိုးပြီးတဲ့အဖွဲ့တွေရဲ့ ဒေသတွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းဟာ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေအတွက် ကောင်းမွန်တဲ့ စံနမူနာတစ်ရပ်ဖြစ်လာမှာဖြစ်ပြီး ထိုမှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးလိုတဲ့စိတ်ကို ဖြစ်ပေါ်လာစေမှာ ဖြစ်ပါတယ်။

**မေး။ ။မကြာသေးမီက ပေကျင်းမြို့မှာ ကျင်းပတဲ့ ရပ်ဝန်းနှင့်ပိုး လမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အကြောင်း ပြောပြနိုင်မလား။ တရုတ် - မြန်မာ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်လို့ အဆွေတော်ရဲ့ မျှော်လင့်ချက်ကရော ဘာဖြစ်မလဲ။**

ဖြေ။ ။ရပ်ဝန်းနဲ့ ပိုးလမ်းမဆိုင်ရာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကတော့ အလွန်ကို အောင်မြင်ပါတယ်။ မြန်မာအစိုးရရဲ့ အားပေးထောက်ခံမှုကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ဖိုရမ်ကို တက်ရောက်ခဲ့ပြီး သမ္မတရှီကျင့်ဖျင်၊ ဝန်ကြီးချုပ်လီခချန်းတို့နဲ့ အောင်မြင်စွာဆွေးနွေးနိုင်ခဲ့တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ကျေးဇူးအထူးတင်ပါတယ်။ သမ္မတရှီကျင့်ဖျင် ရှင်းရှင်းလင်းလင်းပြောကြားခဲ့တဲ့အတိုင်း ရပ်ဝန်းနဲ့ ပိုးလမ်းမဟာ ကနဦးအနေနဲ့ ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းတစ်ခုဖြစ်ရမှာဖြစ်ပြီး နောက်ပိုင်းမှာတော့ သာယာဝပြောရေးအတွက် လမ်းကြောင်းတစ်ခုဖြစ်မှာဖြစ်ပါတယ်။ ရပ်ဝန်းနဲ့ ပိုးလမ်းမစီမံကိန်းနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းနဲ့ပူးပေါင်း ဆောင်ရွက်ကြမလဲဆိုတဲ့ ကျွန်တော်တို့ရဲ့ ယူဆချက်တွေ၊ အမြင်တွေ တော်တော်များများ တူညီကြတယ်လို့ ထင်ပါတယ်။

### အလွန်ကြီးမားတဲ့အရေးကိစ္စ

ဒီနေရာမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ထပ်လောင်းပြောချင်ပါသေးတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာနိုင်ငံ အတွက်သာမက တရုတ်နိုင်ငံအတွက်ပါ အလွန်ကြီးမားတဲ့ အရေးကိစ္စတစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်နိုင်ငံအနေနဲ့ လွန်ခဲ့တဲ့နှစ်တွေမှာ မြန်မာနိုင်ငံမြောက်ပိုင်းက ပဋိပက္ခတွေကြောင့် နစ်နာဆုံးရှုံးမှုများစွာ ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းက ပဋိပက္ခတွေဟာ တရုတ်-မြန်မာနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ကြီးမားတဲ့အန္တရာယ်ပါပဲ။

ဒါကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာပြည်သူတွေအတွက်သာမက တရုတ်ပြည်သူတွေအတွက်ပါ အရင်းအနှီးကြီးမားပါတယ်။ ပဋိပက္ခဖြစ်ပွားခဲ့ချိန်မှာ မြန်မာပြည်သူများစွာ တရုတ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေဟာ ကျွန်တော်တို့ရဲ့ ပေါက်ဖော်ညီရင်းအစ်ကိုတွေဖြစ်တဲ့အတွက် ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံပါတယ်။ သူတို့အတွက် နေရာချထားရေးအစီအစဉ်ကိုလည်း ကောင်းမွန်စွာလုပ်ဆောင်ပေးခဲ့ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်ရေးအတွက် တရုတ်အစိုးရက မြန်မာအစိုးရကို ကူညီပံ့ပိုးနေပါတယ်။ ပင်လုံညီလာခံစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပင်လုံညီလာခံစိတ်ဓာတ်ရဲ့ဆိုလိုရင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ဖိအားပေးခြင်း သို့မဟုတ် ထိပ်တိုက်ရင်ဆိုင်တဲ့နည်းလမ်းတွေနဲ့ မအောင်မြင်နိုင်ဘဲ ငြိမ်းချမ်းစွာစေ့စပ်ဆွေးနွေးရေးနည်းလမ်းနဲ့သာလျှင် အောင်မြင်နိုင်မယ်လို့ မြင်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေရဲ့ တောင်းဆိုချက်တွေဟာ သင့်တင့်လျောက်ပတ်ဖို့လိုအပ်သလို သူတို့ရဲ့သင့်တင့်လျောက်ပတ်တဲ့ တောင်းဆိုချက်တွေကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့နဲ့ လေးစားသမှုပြုဖို့ လိုလိမ့်မယ် ထင်ပါတယ်။

### ပူးပေါင်းဆောင်ရွက်

မြန်မာဘက်က လိုအပ်ချက်အရ တရုတ်အစိုးရဟာ မြန်မာအစိုးရကို ကူညီပံ့ပိုးဖို့နဲ့ မြန်မာအစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေအကြား ဆွေးနွေးပွဲဖြစ်ထွန်းစေဖို့အတွက် အထူးသံတမန်တစ်ဦးကို ခန့်အပ်ထားပြီးဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်အစိုးရနဲ့ မြန်မာအစိုးရဟာ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ နှစ်နိုင်ငံက တပ်မတော်ကိုယ်စားလှယ်တွေ ဦးဆောင်တဲ့ ၂+၂ အဆင့်မြင့်ညှိနှိုင်းတိုင်ပင်ရေးအဖွဲ့ဖြစ်တဲ့ ယန္တရားအသစ်တစ်ရပ်ကိုဖော်ဆောင်ခဲ့ကြပါတယ်။ ကျွန်တော်တို့တစ်တွေဟာ ထိရောက်တဲ့ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု နှစ်ကြိမ်လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီယန္တရားရဲ့အဓိကလုပ်ငန်းဟာ နယ်စပ်ဒေသအေးချမ်းတည်ငြိမ်မှုရရှိရေးနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တရုတ်နဲ့မြန်မာတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးပဲဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့မြောက်ဘက်ခြမ်းအတွက်ဖြစ်ပါတယ်။

တရုတ်အစိုးရဟာ မြန်မာအစိုးရ၊ တပ်မတော်နဲ့ မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား ဆွေးနွေးပွဲပြန်လည်စတင်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ အစွမ်းကုန်ကြိုးစားနေပါတယ်။ မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တက်ကြွစွာပါဝင်ဖို့နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို စောနိုင်သမျှစောအောင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် တိုက်တွန်းအကြံပြုခဲ့ပါတယ်။ ဒါတင်မကပဲ မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ အရေးကိစ္စကိုကိုင်တွယ်ဖြေရှင်းရာမှာ ပိုပြီးပြောင်းလွယ်ပြင်လွယ်ရှိတဲ့ ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုဖို့နဲ့ ၎င်းတို့အနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးလိုစိတ်ရှိလာအောင် စည်းရုံးဖို့ တရုတ်အစိုးရအနေနဲ့ မြန်မာအစိုးရနဲ့ တပ်မတော်ကို အကြံပြုခဲ့ပါသေးတယ်။

### အခါမလပ်ဆက်သွယ်မှုပြုလုပ်

လက်ရှိအနေအထားအရ တရုတ်အစိုးရရဲ့ လက်ငင်းတာဝန်ကတော့ တရုတ်-မြန်မာနယ်စပ်ဒေသမှာရှိတဲ့ ပဋိပက္ခကို ကာကွယ်တားဆီးရေးပဲဖြစ်ပါတယ်။ ထိုလက်ငင်း တာဝန်နဲ့ပတ်သက်လို့ တရုတ်နိုင်ငံဘက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ တပ်မတော်အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ အခါမလပ်ဆက်သွယ်မှုပြုလုပ်နေပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေကလည်း ထိန်းထိန်းသိမ်းသိမ်းရှိကြမယ်လို့ မျှော်လင့်ပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်အနေနဲ့ မိမိရဲ့နယ်စပ်တစ်လျှောက်မှာ အရေးပေါ်အခြေအနေဖြစ်လာခဲ့ရင် ထိန်းသိမ်းနိုင်ဖို့ တပ်အင်အားတွေ ဆက်လက်ချထားမှာ ဖြစ်ပါတယ်။

မကြာသေးမီကပဲ သမ္မတရှီကျင့်ဖျင်၊ ဝန်ကြီးချုပ်လီခချန်းနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ဟာ ပေကျင်းမြို့မှာ အောင်မြင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ကြပါတယ်။ ရှီကျင့်ဖျင်နဲ့ လီခချန်းတို့ဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုထောက်ခံတဲ့ တရုတ်နိုင်ငံရဲ့ ရပ်တည်ချက်ကို ထပ်လောင်းဖွင့်ဟခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မိမိတို့တစ်တွေရဲ့ ဘုံလုပ်ငန်းဖြစ်နေလို့ပါပဲ။ ယခုအချိန်အခါမှာ တရုတ်နဲ့ မြန်မာတို့ဟာ ရပ်ဝန်းနဲ့ ပိုးလမ်းမစီမံကိန်း မူဘောင်အောက်မှာ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်နေကြပါပြီ။ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ဘယ်လိုပဲရှိနေရှိနေ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အောင်မြင်မှုရရှိလာမယ်ဆိုတာ အခိုင်အမာယုံကြည်ပါတယ်။

# မြေခွန်ကောက်ခံခြင်းဆိုင်ရာဥပဒေများ ပေါ်ထွက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

နေပြည်တော် မေ ၂၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ်(၈၀) ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့က ဆွေးနွေးခဲ့ကြသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက အခွန်များကို ပြင်ဆင်၍ တိုးမြှင့်ကောက်ခံမည်ဆိုပါက အခွန်ထမ်းပြည်သူများအနေဖြင့် ပေးဆောင်နိုင်အောင် အစိုးရပိုင်းက ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ရေခွန်များကို တိုးကောက်မည်ဆိုပါက တောင်သူများ ရေယူရန်အဆင်ပြေစေရေးအတွက် ရေလိုအပ်ချိန်တွင် ရေပေးနိုင်ရန်နှင့် ရေမလိုအပ်သည့်အချိန်တွင် အလွယ်တကူ ဖြတ်တောက်နိုင်ရန်အတွက် စနစ်တကျပြင်ဆင်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက သင့်တင့်လျောက်ပတ်သည့် အခွန်များကို တိုးမြှင့်မည်ဆိုပါက တောင်သူလယ်သမားအများစုက လက်ခံမည်ဖြစ်ပါကြောင်း၊ လယ်ဧကမြောက်မြားစွာ လက်ဝယ်ရှိနေသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြေခွန်တိုးမည်ကို ကြိုက်မည်မဟုတ်ပါကြောင်း၊ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် သင့်တင့်လျောက်ပတ်သည့်မြေခွန်ကို ပေးနိုင်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနေဝင်းက ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ တောင်သူလယ်သမားများအနေဖြင့် လက်ရှိတွင် ကောက်ပဲသီးနှံဈေးနှုန်းများ ကျဆင်းခြင်း၊ အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်ခြင်း၊ လုပ်သားရှားပါးခြင်းနှင့် လုပ်အားခမြင့်တက်လျက်ရှိခြင်းတို့ကြောင့် မြေခွန်နှုန်းထားများ တိုးမြှင့်ပြင်ဆင်ကောက်ခံခြင်းဖြင့် တောင်သူလယ်သမားအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ထည့်သွင်းစဉ်းစားကာ လက်ရှိကောက်ခံနေသည့် မြေခွန်၊ ရေခွန်နှင့် တာတမံခွန်များကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ကောက်ခံရန်အတွက် အပြန်အလှန်သုံးသပ်ပြီးမှ လုပ်ဆောင်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လက်ရှိအခြေအနေတွင် ရေခွန်နှင့်တာတမံခွန် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပြီးသည့်အချိန်တွင် ပြဋ္ဌာန်းချက်ပါအတိုင်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မြေခွန်နှုန်းထားတိုးမြှင့်ရန်နှင့်စပ်လျဉ်း၍ အဆိုတွင် တောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ပြီး စည်းကြပ်ကောက်ခံရန်ဟု ပါရှိသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း၊ မြေခွန်ကောက်ခံခြင်းဆိုင်ရာ ဥပဒေများ ပေါ်ထွန်းရေးအတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အဆိုကိုအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အစည်းအဝေးမှ ပြန်လည်ထွက်ခွာစဉ်

အစည်းအဝေးတွင် **ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားတင်ပြခဲ့သည့် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးလျာထားချက်တွင် ပါဝင်ခြင်းမရှိသဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာရေးလျာထားချက် ပိုလျှံရန်ပုံငွေသို့မဟုတ် ဖြည့်စွက်ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး ရန်ပုံငွေမှဖြစ်စေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပျော်ဘွယ်မြို့အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိပါကြောင်း၊ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း နှစ်အလိုက်ဦးစားပေး လျာထားတင်ပြမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြန်လည်ညှိနှိုင်းပြီး ယခုနှစ်တွင် ပိုလျှံငွေဖြစ်ပေါ်လာမည်ဆိုပါက ဦးစားပေးဆောင်ရွက်သွားနိုင်ရေး အကောင်အထည်ဖော် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ **မိုးမိတ်မြို့နယ် ကင်းချောင်းရွာ တံတားအမှတ် (၅/၂၄) ထိန်းသိမ်းရေးနှင့် သစ်ဆိမ့်ကုန်းရွာ၊ ပေကုန်းရွာနှင့် နဘူးရွာတို့မှ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်နိုင်ရေးနှင့် ကင်းချောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် သဲနုန်းဆယ်ယူရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကင်းချောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းမှာ လုပ်ငန်းပမာဏကြီးမားပြီး ရန်ပုံငွေလိုအပ်ချက်များပြားလွန်းခြင်း၊ တူးဖော်ဆောင်ရွက်ပြီးပါကလည်း ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများမှ စွန့်ပြစ်မြေစာများကြောင့် အချိန်တိုအတွင်း ပြန်လည်တိမ်ကောနိုင်သဖြင့် အဆိုပါလုပ်ငန်းများကို ထိရောက်စွာကြီးကြပ်ရန် လိုပါကြောင်း၊ ရေရှည်အကျိုးရှိစွာ စီမံဆောင်ရွက်နိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များညှိနှိုင်းပြီး ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရမည့် ကိစ္စဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်နည်းပညာများ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ နဘူးရွာအထိ ၄ မိုင် ဆောင်ရွက်ပေးနိုင်ရေးနှင့်ပတ်သက်၍ ဖြစ်မြောက်နိုင်စွမ်းကို ပြန်လည်စိစစ်ပြီး လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင်လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာနှင့် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်းတို့၏ လက်ပံလျှပ်စစ်ရေတင်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ရေး၊ ဆိုလာမီးလင်းရေး၊ ရန်အောင်မြင်ဘုရားလမ်းမကြီး ပြန်လည်ပြုပြင်ရေးဆိုင်ရာ မေးခွန်းနှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယနေ့ကျင်းပသည့် အစည်းအဝေး၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းသည့်အဆို တင်သွင်းခဲ့ကြောင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား မိမိမှ ပြန်လည်ရှင်းလင်းခဲ့ပါကြောင်း၊ ရှင်းလင်းဆွေးနွေးရာတွင် တရားစီရင်ရေးကဏ္ဍ၌ အကျင့်ပျက်ခြစားမှုများကြောင့် ယိမ်းယိုင်တိမ်းစောင်းမှုများ ဖြစ်ပေါ်နေသည်ဟု စွပ်စွဲထားခြင်းဖြစ်သည့်အတွက် တရားရုံးများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် စွပ်စွဲပြောဆိုမှုများသည် တရားရုံးများကို မထင်မဲ့မြင်ပြုရာ ရောက်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း(၁၇)၊ အပိုဒ် ၁၅၈၊ အပိုဒ်ခွဲ (ခ)တွင် မဆီလျော်သည့် အကြောင်းပြချက်များ၊ ခိုင်လုံသောအထောက် အထားမပါရှိသည့် ယူဆချက်များ၊ မသင့်လျော်သောအသုံးအနှုန်းများနှင့် ဂုဏ်သရေကို ထိခိုက်စေသော ဖော်ပြချက်များမပါရှိသော အဆိုဖြစ်ရမည်ဟု အတိအလင်း တားမြစ်ထားပါကြောင်း၊ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေသည်ဆိုသည့်အဆိုသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ်(၁၅၈)၊ အပိုဒ်ခွဲ (ခ)နှင့် ဆန့်ကျင်နေပါကြောင်း၊ ထို့ကြောင့် ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို အလေးအနက်ထားပြီး လိုက်နာပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်ဟု ပြောကြားခဲ့ပါကြောင်း။

မိမိအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ထိခိုက်စေရန်၊ နစ်နာစေရန် ရည်ရွယ်ချက်လုံးဝမရှိပါကြောင်း၊ ရည်ရွယ်ချက်နှင့်ဆန္ဒမရှိသော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

*စာမျက်နှာ ၈ သို့*

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်အတွင်း ပလက်ဝမြို့နယ်ရှိ အထက်တန်းကျောင်းခွဲအား အဆင့်တိုးမြှင့်ရန် စီစဉ်လျက်ရှိ

**နေပြည်တော် မေ ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်ကော်မတီများတွင် ကော်မတီဝင်နေရာများ အစားထိုးဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွာမပြင်ကျေးရွာနှင့် မျောက်တောင်ကျေးရွာအတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များအား အခြေခံပညာအလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းနေခွင့်ရရှိရေးနှင့် ကျောင်းနေခွင့်ရရှိပြီးသော ကလေးငယ်များအားလုံး ကျောင်းနေမြဲရေးအား ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ရန် သတ်မှတ်ချက်များရှိပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် မှုများရှိသော်လည်း ဖြေလျှော့၍ ဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုထားခြင်းရှိပါကြောင်း၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွာမပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် မျောက်တောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းအဆင့်အဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း တိုးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မိတ်စာဝကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လိုအပ်သည့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မူများနှင့်ကိုက်ညီသော ၉၃၇ ကျောင်း၊ ဖြေလျှော့၍ ဆောင်ရွက်ပေးခဲ့သည့် ကျောင်းပေါင်း ၂၃၇၅ ကျောင်း စုစုပေါင်း ၃၃၁၂ ကျောင်းအား အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ မိတ်စာဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြေကြားသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းတို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)က ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေတွင် အခန်းပေါင်း ၉ ခန်းနှင့် ပုဒ်မပေါင်း ၅၄ ခုရှိပါကြောင်း၊ ဆွေးနွေးလိုသည့်အချက်မှာ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေဖြစ်သည့်အတွက် လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများအား ဥပဒေအရ မည်သို့ဖြေရှင်းရမည်၊ မည်သို့ဖြေလျှော့ရမည်၊ အခွန်အခများကို တိတိကျကျရနိုင်စေရန် မည်သို့ဖန်တီးရမည်ဆိုသည့် အချက်များကို ဥပဒေတွင်ရေးဆွဲရန် အထူးလိုအပ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သို့သွားရာတွင် စီးပွားရေးဆိုင်ရာဥပဒေများကြောင့် စီးပွားရေးစနစ်၊ စီးပွားရေးအဖွဲ့အစည်းများ၏ ဝန်ထုပ်ဝန်ပိုးများကို ထမ်းပိုးထားရန် မလိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါ ဥပဒေ၏အခန်း (၃)(၄)နှင့်




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အခြားဥပဒေပုဒ်မများကို ပြန်လည်ပြင်ဆင်ရမည်ဖြစ်သည့်အတွက် ဆွေးနွေးရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေလ ၂၅ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန်း(သတင်းစဉ်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး ကျန်းမာရေးအခြေအနေ တိုးတက်မှုရှိ

**ရန်ကုန်  မေ  ၂၂**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကဖြစ်သူ ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကဖြစ်သူ ဦးတင်ဦး(အသက်-၉၁နှစ်)သည် (၁၈-၅-၂၀၁၇)ရက်နေ့ နံနက် (၀၃း၁၅) နာရီမှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဦးနှောက်သွေးကြောပိတ် လေဖြတ်ရောဂါဖြင့် တက်ရောက်ကုသမှုခံယူလျက်ရှိပါသည်။

၂။ ဦးနှောက်သွေးကြောပိတ် လေဖြတ်ရခြင်းအကြောင်းမှာ အသက်ကြီးသောသူများတွင် အဖြစ်များသော နှလုံးခုန်နှုန်း ပုံမမှန်ဖြစ်ရာမှ နှလုံးထဲတွင် သွေးခဲမှုန်များဖြစ်ပေါ်ပြီး နှလုံးမှတစ်ဆင့် ဦးနှောက်သွေးကြောအတွင်းသို့ ရောက်ရှိခြင်းကြောင့် ဖြစ်ပါသည်။

၃။ ပုံမှန်ပြုလုပ်နေကျဖြစ်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးဝါးကုသရေးကော်မတီအား ဆရာဝန်ကြီး ၁၅ ဦးဖြင့် ဖွဲ့စည်း၍ လိုအပ်သောဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ယနေ့ (၂၂-၅-၂၀၁၇)ရက်နေ့သည် သွေးကြောပိတ်လေဖြတ်ခြင်း ငါးရက်မြောက်နေ့ဖြစ်ပြီး လူနာ၏ သတိအခြေအနေသည် ရောက်ရှိသည့်အချိန်ထက် သိသာသော တိုးတက်မှုရှိပါသည်။ ယနေ့ထပ်မံ စမ်းသပ်စစ်ဆေးမှုများမှာ နဂိုအခြေအနေထက်ပိုပြီး ဆိုးရွားသောအခြေအနေများ မတွေ့ရပါ။

၅။ လူနာမှာ လက်ယာဘက်ခြမ်း မလှုပ်ရှားနိုင်ခြင်း၊ စကားပီသစွာမပြောနိုင်ခြင်းများ ရှိနေသေးသော်လည်း သတိကောင်းစွာ ရှိပါသည်။ လက်ရှိအချိန်တွင် နှလုံးခုန်နှုန်းမှာ တည်ငြိမ်၍ နှလုံးလှုပ်ရှားမှုမှာ ပုံမှန်ဖြစ်ပါသည်။ ထို့အပြင် လူနာ၏သွေးခုန်နှုန်း သွေးပေါင်ချိန် အသက်ရှူနှုန်းတို့မှာ ပုံမှန်အတိုင်းရှိနေပါသည်။

**ဒေါက်တာအေးကိုကို**
**ဆေးရုံအုပ်ကြီး**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

*စာမျက်နှာ ၇ မှ*

များကို ထိခိုက်နစ်နာစေမှုများ ဖြစ်ပေါ်စေခဲ့သည့်အတွက် မိမိ၏ ဆွေးနွေးချက်များထဲမှ အထက်ပါအချက်များကို ပြန်လည်ရုပ်သိမ်းလိုပါကြောင်းနှင့် မှတ်တမ်းတင်ထားခြင်းမှ ပြန်ဖျက်ပေးပါရန် လေးစားစွာတင်ပြအပ်ပါကြောင်း၊ ဖော်ပြပါ ဆွေးနွေးတင်ပြခဲ့မှုများနှင့်ပတ်သက်၍ မိမိအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် တင်ပြလိုပါကြောင်း။

ဦးတင်ထွေး၏အဆိုကို ပြန်လည်ဆွေးနွေးတင်ပြခဲ့သည့် အချက်များနှင့်ပတ်သက်ပြီး မိမိတွင်သာ တာဝန်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေးစားပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ထိခိုက်စေရန်၊ နစ်နာစေရန် ရည်ရွယ်ချက်မရှိဘဲ မထင်မှတ်ဘဲဖြစ်ပွားခဲ့သည့် ကိစ္စရပ်ကို ခွင့်လွှတ်ပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့ပြင် အစည်းအဝေး၌ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားခြင်း၊ "တူးမြောင်းဥပဒေကြမ်း" တင်သွင်းခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို မေ ၂၅ ရက်တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။ **ကျော်သူထက် (သတင်းစဉ်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော်  မေ  ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ မေ ၂၂ ရက်တွင် **ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူထုဗဟိုပြု စီမံကိန်း ကျား-မရေးရာ သင်တန်းပို့ချ

**မင်းတုန်း  မေ  ၂၂**

လူထုဗဟိုပြု စီမံကိန်းမှကျေးရွာအဆင့် စီမံကိန်းအထောက်အကူပြုကော်မတီဝင် များအတွက် ကျား-မရေးရာသင်တန်းကို မင်းတုန်းမြို့နယ်၌ တမာအုပ်စုတမာ (ကုန်း)ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံကျောင်း၌ မေ ၁၈ ရက်က သင်တန်းပို့ချခဲ့သည်။

အဆိုပါသင်တန်း၌ မြို့နယ်အဆင့် ကျား-မရေးရာ နည်းပညာအကြံပေး ဒေါ်သီတာဒွေးနှင့် အဖွဲ့ဝင်တို့က ကျား-မ ရေးရာ ကျေးရွာ အခြေခံသဘောတရား များနှင့် လူထုဗဟိုပြုစီမံကိန်းတွင် ကျား-မရေးရာလိုအပ်ချက်များ၊ အသုံးပြုရမည့် သဘောတရားများကိုပို့ချခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

ပညာရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ်    ၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# တပ်မတော်ကိုစွပ်စွဲရန် ရည်ရွယ်ချက်မရှိကြောင်း ဦးဝင်းထိန် ပြောကြား

**နေပြည်တော်  မေ  ၂၂**

တပ်မတော်ကိုစွပ်စွဲရန် ရည်ရွယ်ချက်မရှိကြောင်း ယနေ့ ညနေပိုင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်က ပြောကြားလိုက်သည်။

**"ကျွန်တော်က ဘယ်သူက ဘာဖြစ်တယ်ဆိုပြီးမှ စိတ်ထဲက ပေါ်တာတွေ ပြောလိုက်တာ။ နောက်တော့ သူတို့က ရှုတ်ချတာတို့၊ ဝေဖန်တာတို့ရှိတော့ အဲ့ဒီတုန်းကလည်း ကျွန်တော် ပြောတယ်။ စွပ်စွဲတာ မဟုတ်ပါဘူး ပြောတာကို သူတို့ သတိမထားတာလား၊ ဘာလားမသိဘူး။ အဲ့ဒီတော့ အခု ထပ်ပြောမယ်။ ကျွန်တော် အဲ့ဒီတုန်းက ပြောတဲ့ကိစ္စက တပ်မတော်ကို စွပ်စွဲဖို့ ရည်ရွယ်ချက်မရှိဘူး။ တပ်မတော်ကို စွပ်စွဲစရာလည်း အကြောင်းမရှိဘူး။ အလားတူပဲ ကြံ့ခိုင်ရေး စွပ်စွဲစရာလည်း အကြောင်းမရှိဘူး။ စွပ်စွဲဖို့လည်း ရည်ရွယ်ချက် မရှိဘူး။ အဲ့ဒါကို မကျေနပ်လို့ ကြေညာချက်ထုတ်တာတွေကိုလည်း ကျွန်တော် ဘာကိုမှ ပြောစရာမရှိဘူး"**ဟု ဦးဝင်းထိန်က ပြောကြားသည်။


ဦးဝင်းထိန် ရှင်းလင်းပြောကြားစဉ်

ဦးဝင်းထိန်က NLD ပါတီနှင့် ပတ်သက်၍ အွန်လိုင်းပေါ်၌ ပျံ့နှံ့နေသည့် သတင်းများမှာ မဟုတ်မှန်ကြောင်း မေ ၄ ရက်တွင် နေပြည်တော် စည်ပင်ညှော်ရိပ်သာ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် တပ်မတော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့နှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့မှုအပေါ် ပြန်လည်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

**ကိုညီညီ**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် (၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၀၄/၃၃၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၂-၅-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏အလံပုံစံ**



**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် စာပေဟောပြောပွဲ ပလက်ဝမြို့နယ်၌ ကျင်းပ

**ပလက်ဝ  မေ  ၂၂**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဘောင်ဝကျေးရွာ၌ ရွှေညဝါဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် မြန်မာ့လူမှုဘဝမြှင့်တင်ရေးအသင်းသို့ ဦးကျော်ညွန့်-ဒေါ်ယုယုနိုင်မိသားစု (စင်ကာပူ)က လှူဒါန်းသည့် ငွေကျပ် သိန်း ၁၈၀ မတည်၍ အသင်းက တာဝန်ယူဆောက်လုပ်သော ၉၀ × ၃၀ ပေရှိ ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေညဝါဆရာတော်ကြီးက သြဝါဒမိန့်ကြားပြီး မြို့နယ်ပညာရေးမှူးထံသို့ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အသင်းဥက္ကဋ္ဌ ဦးဇေလုဝက လွှဲပြောင်းပေးအပ်သည်။

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဦးဇေလုဝနှင့် ဦးမေတ္တာတို့က စာပေရေးရာများကို ဟောပြောကြပြီး ဟောပြောပွဲကို ညပိုင်းတွင် ပလက်ဝမြို့ပေါ်ရှိ အောင်ဆန်းသူရိယ ဗိုလ်ကြီးတိုက်ချွန်း အားကစားရုံ၌ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ကျော့ (ပလက်ဝ)**



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ယနေ့တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မြန်မာ့အလင်း)**

# လူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာပါ စွပ်စွဲချက်များနှင့်ပတ်သက်၍ မှန်ကန်မှုမရှိ

# စုံစမ်းစစ်ဆေးရေးအဖွဲ့ မောင်တောဒေသသွားရောက်စုံစမ်းပြီး ကျူးလွန်သူများအား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်

နေပြည်တော် မေ ၂၂

**ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ လူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာပါ စွပ်စွဲချက်များနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)မှ လူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာတွင်ပါရှိသော နယ်မြေရှင်းလင်းရေးဆောင်ရွက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်များနှင့်ပတ်သက် ၍ ဖြစ်စဉ်အမှန်ဖော်ထုတ်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၄ ရက်အထိ မောင်တောဒေသသို့သွားရောက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း။

**သက်သေထွက်ဆိုချက်**

စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကျေးရွာ ၂၉ ရွာမှ ရွာသူ/ရွာသားပေါင်း ၂၈၇၅ ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရွာသူ/ရွာသား ၄၀၈ ဦး၊ ဖြစ်စဉ်ဖြစ်ပွားချိန်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်မှ အရာရှိ/စစ်သည် ၁၈၄ ဦး၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တပ်ဖွဲ့ဝင် ၃၁ ဦး၊ ဌာနဆိုင်ရာ ဝန်ထမ်း ၈ ဦးနှင့် ဘူးသီးတောင်အကျဉ်းထောင်အတွင်းရှိ အကျဉ်းသားတရားခံ ၂၆ ဦး၊ စုစုပေါင်း ၆၅၇ ဦးတို့၏ သက်သေထွက်ဆိုချက်များအား ရေးမှတ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

OHCHR ၏ အစီရင်ခံစာပါစွပ်စွဲချက် ၁၈ ချက်အနက် ၁၂ ချက်မှာ လုံး၀ မှန်ကန်မှုမရှိကြောင်းနှင့် ကျန် ၆ ချက်မှာလည်း လုံခြုံရေးတပ်ဖွဲ့များ နယ်မြေရှင်းလင်းစဉ်ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအပေါ်တွင် မမှန်မကန်လိမ်ညာပြောဆိုမှုများကို အခြေခံကာ ချဲ့ကားပြီး မဟုတ်မမှန် စွပ်စွဲချက်များဖြစ်၍ မှန်ကန်မှုမရှိကြောင်း တွေ့ရှိရကြောင်း။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကိုးတန်ကောက်ကျေးရွာမှ ဆိုင်ကယ်တစ်စီးကို ပိုင်ရှင်မသိဘဲ ယူဆောင်စီးနင်းပြီး ထားခဲ့သည့်အတွက် ဆိုင်ကယ်ပျောက်ဆုံးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ရာ စစ်ဆေးချက်များအရ မှန်ကန်သဖြင့် စစ်သည်အား နယ်ဘက်ဆိုင်ရာပြစ်မှု ရာဇသတ်ကြီးပုဒ်မ-၃၈၀ အရ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး နယ်ဘက်ထောင် ၁ နှစ်ကျခံစေရန် အမိန့်ချမှတ်၍ ပိုင်ရှင်အား ဆိုင်ကယ်တန်ဖိုးငွေကျပ် ၅၃၀၀၀၀ ကို ပေးလျော်စေခဲ့ကြောင်း။

**ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်**

ထို့အပြင် မြင်းလွတ်ကျေးရွာ ကျောင်းဆရာမများ နေထိုင်သည့်အဆောင်မီးလောင်မှုငြိမ်းသတ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အားနည်းသည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများကို ဝါးခြမ်းပြားဖြင့် ၂/၃ ချက်စီရိုက်ခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရှိရသဖြင့် စစ်ကြောင်းမှူးတာဝန်ရှိသူအရာရှိတစ်ဦးကို အပြစ်ဖော်ပြသတိပေးဆုံးမပြုလုပ်ပြီး ပြစ်မှုကျူးလွန်သူ စစ်သည် ၂ ဦးတို့အား နယ်ဘက်ဆိုင်ရာပြစ်မှု ရာဇသတ်ကြီး ပုဒ်မ-၃၂၃ အရ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ နယ်ဘက်ထောင် ၁ နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မောင်တော ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို နိုင်ငံတော်ထပ်မံပံ့ပိုးမှုဖြင့် ဆက်လက်အကောင်ထည်ဖော်မည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

**မောင်တော မေ ၂၂**

မောင်တောမြို့၏ အထူးကုန်သွယ်ရေးစခန်းတစ်ခုဖြစ်လာမည့် မောင်တောမြို့မြောက်ဘက် ကညင်ချောင်းဘေးတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် နိုင်ငံတော် အကြားပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသော ကညင်ချောင်း ကုန်သွယ်ရေးဇုန်ကို နိုင်ငံတော်ထပ်မံပံ့ပိုးမှုဖြင့် ယခုဘဏ္ဍာနှစ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကုန်သွယ်ရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။



မောင်တော ကညင်ချောင်းကုန်သွယ်ရေးဇုန် ပထမဆင့်ပြီးစီးမှုမြင်ကွင်း

"ကျွန်တော်တို့ မောင်တောခရိုင်က မြန်မာပြည်ရဲ့ အနောက်ဘက်အကျဆုံးခရိုင်မြို့ဖြစ်ပါတယ်။ ထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်ရဲ့ စစ်တကောင်း၊ တက္ကနက် ကုန်သွယ်မှုနဲ့ပတ်သက်ပြီး အဓိက Demand (ဝယ်လိုအား) အများဆုံးပါ။ ကုန်သွယ်မှုအသာစီးရတဲ့ မြန်မာပြည်ရဲ့ အနောက်ဘက်ထွက်ပေါက်လို့လည်း ပြောလို့ရတယ်။ အရင်ကတော့ ဘင်္ဂလားဒေ့ရှ်ကုန်သည်တွေကို အားကိုးပြီး ရောင်းဝယ်ဖောက်ကားခဲ့ရပေမယ့် ကုန်သွယ်မှု အသာစီးရနိုင်ဖို့အတွက် အရောင်းဈေးကွက်ကို ပြန်ပြောင်းလိုတဲ့ ဒေသလိုအပ်ချက်အရ ကျွန်တော်တို့ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော်ဖြစ်တာပါ။ ပထမအပိုင်းအနေနဲ့တော့ အခုပြီးနေပါပြီ။ ဒီနှစ်မှာ နိုင်ငံတော်ရဲ့ ထပ်မံပံ့ပိုးငွေနဲ့ ဒုတိယအဆင့်နဲ့ တတိယအဆင့်ကို ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်သွားမှာပါ "ဟု ကညင်ချောင်းကုန်သွယ်ရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်(မောင်တော ခရိုင်အုပ်ချုပ်ရေးမှူး)က ပြောသည်။

မောင်တော ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို ပြီးခဲ့သော ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက် ယခင် အစိုးရလက်ထက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ယင်းကုန်သွယ်ရေးဇုန် အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် ငွေကျပ်သိန်းပေါင်း ခြောက်ထောင် ကူညီထောက်ပံ့ပေးခဲ့သည်။ အဆိုပါ ငွေကျပ် သိန်းခြောက်ထောင်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ငွေကျပ် သိန်းလေးထောင် စုစုပေါင်းငွေကျပ်သိန်း တစ်သောင်းတို့ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ လုပ်ငန်းပြီးစီးမှုအပိုင်း၌ ပထမအဆင့်ကို ပြီးစီးခဲ့ပြီဖြစ်သည်။ သို့သော် ဆက်လက်အကောင်အထည်ဖော်ရာတွင် ဘတ်ဂျက်လိုငွေပြနေ၍ လုပ်ငန်းများရပ်ဆိုင်းကာ ဒုတိယအဆင့်သို့ တက်လှမ်းနိုင်ရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့အနေဖြင့် နိုင်ငံတော်ကို ဆက်လက်တင်ပြရာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်းပေါင်း တစ်သောင်းခွဲ ထပ်မံပံ့ပိုးကူညီထောက်ပံ့ခဲ့သဖြင့် ယခုနှစ်တွင် အဆင့် နှစ်နှင့် အဆင့် သုံးတို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို ဒီလိုအကောင်အထည်ဖော်တဲ့အပိုင်းမှာ အပိုင်းငါးပိုင်းနဲ့ ဆောင်ရွက်ပါတယ်။ ပထမအပိုင်းကတော့ သိုလှောင်ရုံတွေ၊ အရောင်းပြခန်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ထည့်ဝင်တဲ့ ငွေကျပ်သိန်းလေးထောင်နဲ့ အလုံး ၂၀ တည်ဆောက်ခဲ့ပါတယ်။ အလားတူ ပင်မအဆောက်အအုံနဲ့ လိုအပ်တဲ့ တခြားအဆောက်အအုံတွေကိုလည်း ပြည်နယ်အစိုးရပံ့ပိုးငွေနဲ့ သိန်း ၆၀၀၀ စုစုပေါင်း သိန်းတစ်သောင်း ပထမအပိုင်းအနေနဲ့ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အခုဒုတိယအဆင့်၊ တတိယအဆင့်အနေနဲ့ ဇုန်အတွင်း ကုန်တင်၊ ကုန်ချနေရာတွေ၊ ကုန်သွယ်စီးဆင်းမှု အဆင်ပြေဖို့ လမ်းတွေ၊ OSS ဌာနတွေ၊ ခြံစည်းရိုးတွေ အဲဒီအတွင်းပိုင်းလိုအပ်တာတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ လုပ်ဆောင်နေဆဲကာလမှာရော၊ ပြီးတဲ့ကာလမှာပါ ကော်မတီအနေနဲ့ ပြည်နယ်အစိုးရကို အဆက်မပြတ်တင်ပြသွားမှာပါ" ဟု ဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက ထပ်မံရှင်းပြသည်။

မောင်တောမြို့ ကညင်ချောင်းကုန်သွယ်ရေးဇုန်သည် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မိုင် ၅၀ ခန့် ကွာဝေးပြီး မောင်တောမြို့နှင့် နှစ်မိုင်ဝန်းကျင်သာရှိမည်ဖြစ်သည်။ ကုန်သွယ်ရေးဇုန် အကျယ်အဝန်းမှာ ၄၉ ဒသမ ၆၇ ဧက ကျယ်ဝန်းပြီး ကုန်သွယ်မှုအနေဖြင့် ရေထွက်ပစ္စည်းများကို အများဆုံးကုန်သွယ်မှုပေးနိုင်သော ဇုန်တစ်ခုဖြစ်လာမည်ဖြစ်သည်။ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကညင်ချောင်းမှတစ်ဆင့် နတ်မြစ် ရေလမ်းကြောင်းအတိုင်း ကုန်သွယ်မှုပြုပါက တစ်နာရီဝန်းကျင်အတွင်း ရောက်ရှိသွားမည်ဖြစ်၍ မောင်တော ကညင်ချောင်းကုန်သွယ်ရေးဇုန်သည် လတ်တလောကျဆင်းသွားသော ကုန်သွယ်မှုပမာဏကို မြှင့်တင်ပေးနိုင်မည့် ဇုန်တစ်ခုဖြစ်၍ နိုင်ငံတော်အနေဖြင့် အမြန်ဆုံးကုန်သွယ်မှုပြုနိုင်ရန် ယခုကဲ့သို့ ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

# ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်သင်တန်းများဖွင့်

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ မေ ၂၀ ရက်မှ ၂၃ ရက်အထိ ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ကျေးရွာအဆင့်သင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်း၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိသွယ်မြင့်အောင်က သင်တန်းပို့ချပေး၍ သင်တန်းအား ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ မေ ၂၀ ရက်မှ ၂၁ ရက်အထိ ပို့ချပေးခဲ့သည်။



အဆိုပါစီမံချက်သင်တန်းများကို နတ်သူရဲကျေးရွာအုပ်စု တာတိုင်းကုန်းကျေးရွာတွင်လည်း မေ ၂၂ ရက်မှ ၂၃ ရက်အထိ ဆက်လက်သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# ဟိုင်မွာလ်ကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွား

**ရိခေါဒါရ် မေ ၂၂**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဟိုင်မွာလ်ကျေးရွာတွင် မေ ၂၁ ရက် ညနေ ၄ နာရီခန့်၌ ကောက်ညှင်းကြော်စားရာမှ လူကြီး ၁၂ ဦး ၊ ကလေး ခုနစ်ဦး စုစုပေါင်း ၁၉ ဦး အစာအဆိပ်သင့်ပြီး ရိခေါဒါရ်မြို့တိုက်နယ်ဆေးရုံသို့ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်လူနာများသည် မိသားစုနှင့် ဆွေမျိုးများဝိုင်းဖွဲ့ပြီး ကောက်ညှင်းဆန်မှုန့်ကို ဆော်ဒါရောထည့်ကာ ကြော်စားရာမှ အန်ထွက်ဝမ်းသွားကြပြီး ရိခေါဒါရ်တိုက်နယ်ဆေးရုံသို့ ချက်ချင်းပို့ဆောင်ဆေးကုသမှုခံယူခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်အား ရိခေါဒါရ်မြို့တိုက်နယ်ဆေးရုံ လက်ထောက်ဆရာဝန် ဒေါက်တာထောင်းထာပိန်လျန်း၊ တီးတိန်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးဝါးများယူဆောင်ကာ သွားရောက်ကုသကြပြီး လူနာများအား အထူးစိုးရိမ်စရာမရှိကြောင်းနှင့် မေ ၂၂ ရက် ညနေပိုင်းတွင် ဆေးရုံမှဆင်းနိုင်မည်ဖြစ်ကြောင်း ရိခေါဒါရ်မြို့တိုက်နယ်ဆေးရုံမှ သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# အယ်လ်ဂျီးရီးယားတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ လူငါးဦးသေဆုံး



**အယ်လ်ဂျီးရီးယား မေ ၂၂**

အယ်လ်ဂျီးရီးယား ရဟတ်ယာဉ်တစ်စင်းသည် မြို့တော်အယ်လ်ဂျီးရီးယားအနောက် ဘက်တီပါဇာပြည်နယ်တွင် ယမန်နေ့က ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါ လာသည့် စစ်သားငါးဦးလုံးသေဆုံးသွားကြောင်း ပြည်တွင်းသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

အယ်လ်ဂျီးရီးယားရေတပ်ပိုင် ရဟတ်ယာဉ်သည် ဗို့အားမြင့် လျှပ်စစ်ဓာတ်အား ပေးတိုင်နှင့်တိုက်မိပြီးနောက် ထိန်းချုပ်မှု ကင်းမဲ့သွားကာ ဟမ်အယ်လ်အိန်မြို့ရှိ လယ်ကွင်းတစ်ခုအနီးသို့ ညသန်းခေါင်ယံအချိန်တွင်ပျက်ကျခဲ့ကြောင်းသိရသည်။ ပျက်ကျချိန်တွင် အဆိုပါရဟတ်ယာဉ်မှာ လုည့်ကင်းဆောင်ရွက်နေချိန်ဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခြင်းမရှိသေးကြောင်းသိရသည်။ လွန်ခဲ့သော ၂၀၁၆ခုနှစ် မက်လက အယ်လ်ဂျီးရီးယားနိုင်ငံတွင် စစ်ဘက် ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ စစ်သား ၁၂ ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကလည်း အယ်လ်ဂျီးရီးယားလေတပ်မှ C 130 ဟာကျူလီလေယာဉ်တစ်စင်းပျက်ကျခဲ့ရာ စစ်ဘက်ဆိုင်ရာဝန်ထမ်း ၇၇ ဦး သေဆုံးခဲ့ ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည်ဟုဆိုကာ ဂျပန်နိုင်ငံသားခြောက်ဦးကို တရုတ်က ထိန်းသိမ်းထား

**ပေကျင်း မေ ၂၂**

တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည်ဟု သံသယရှိသည့် ဂျပန်နိုင်ငံသားခြောက်ဦးကို တရုတ်နိုင်ငံက ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း သိရသည်။

ဖမ်းဆီးထိန်းသိမ်းထားသူများအနက် အသက် ၂၀နှင့် ၅၀အရွယ်ကြားရှိ သံသယ ရှိသူသုံးဦးကို မတ်လအတွင်းက ဟိုင်နန်ပြည်နယ်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ကျန်သုံးဦးကို လည်း မတ်လအတွင်းမှာပင် ရှန်ဒေါင်ပြည်နယ် ယန်ထိုင်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဏာပိုင်များ၏ ပြောကြားချက်အရ တရုတ် နိုင်ငံသည် မတ်လအတွင်းက ဂျပန်နိုင်ငံသားများကိုဖမ်းဆီးခဲ့သည်ကို ဂျပန်နိုင်ငံသို့ သတင်းပို့ခဲ့သည်ဟု ဆိုသည်။

ဖမ်းဆီးထိန်းသိမ်းခံထားရသူများ၏ ကိုယ်ရေးအချက်အလက်အသေးစိတ်ကို ဖော်ပြထားခြင်းမရှိသေးပေ။ သို့သော် ၎င်းတို့အနေဖြင့် အမှုရင်ဆိုင်ရဖွယ်ရှိသည်။ သံသယရှိသူခြောက်ဦးအနက် လေးဦးကို ဂျပန်သုတေသနကုမ္ပဏီတစ်ခုဖြစ်သည့် NC Geophysical Survey မှစေလွှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းသုတေသနကုမ္ပဏီကို ဂျပန်နိုင်ငံတိုကျိုမြို့အနီးရှိ ဖူနာဘာရှီတွင် အခြေစိုက် ထားပြီး မြေအောက်နှင့်မြေအောက်ရေဆိုင်ရာ သုတေသနစစ်တမ်းကောက်ယူမှု များကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကုမ္ပဏီသည် သံသယရှိသူအမျိုးသားလေးဦးနှင့် ရုတ်တရက်အဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီးနောက်တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံလိုက်ရသည်ဟု ပြန်လည် သိရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အကြမ်းဖက်အဖွဲ့အစည်းများသို့ စစ်လက်နက်များရောင်းချကာ အီရန်အပေါ်အမုန်းတရားများတိုးပွားလာအောင် အမေရိကန်လုပ်ဆောင်နေဟု အီရန်စွပ်စွဲ

**တီဟီရန် မေ ၂၂**

အီရန်နိုင်ငံသည် အမေရိကန်အား အရှေ့ အလယ်ပိုင်းဒေသရှိကြောက်မက်ဖွယ် ရာအကြမ်းဖက်တိုက်ခိုက်မှုများအတွက် စစ်လက်နက်များရောင်းချလျက်ရှိပြီး အာရပ်ပင်လယ်ကွေ့နိုင်ငံများအား လက် နက်အမြောက်အမြားဝယ်ယူကြရေး တွန်းအားပေးကာ အီရန်နိုင်ငံအပေါ် အကြောက်တရားများ တိုးပွားပုံ့နှံ့အောင် လုပ်ဆောင်လျက်ရှိသည်ဟု စွပ်စွဲပြော ဆိုခဲ့ကြောင်း အီရန်နိုင်ငံပိုင်ရုပ်မြင်သံ ကြားက ထုတ်လွှင့်ဖော်ပြခဲ့သည်။

ထိုမျှသာမကသေးဘဲ အမေရိကန် သည် အီရန်အပေါ်အခြေအမြစ်မရှိသည့် စွပ်စွဲမှုများ ကြိမ်ဖန်များစွာပြုလုပ်ခဲ့သလို အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် လည်း အီရန်နိုင်ငံအပေါ်အကြောက် တရားများကြီးစိုးလျက် လက်နက်များ ပိုမိုဝယ်ယူလာအောင် ဒေသတွင်းနိုင်ငံ များအား တိုက်တွန်းအားပေးမှုများ ပြု လုပ်နေကြောင်း နိုင်ငံခြားရေးဝန်ကြီး ဌာနပြောရေးဆိုခွင့်ရှိသူ ဘာရမ်ကွာ စီမီကပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့် သည် အီရန်၏ ဘုံရန်သူဖြစ်သည့် ဆော်ဒီအာရေဗျသို့ သွားရောက်ကာ အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံတန်ဖိုး နီးပါးရှိသည့် စစ်လက်နက်အရောင်း အဝယ်စာချုပ်ကို လက်မှတ်ရေးထိုးချုပ် ဆိုခဲ့ပြီးသည့်နောက်တွင် အီရန်နိုင်ငံခြား ရေးဝန်ကြီးဌာနက ယင်းသို့ပြောဆိုခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

အီရန်သမ္မတ ဟာဆန်ရိုဟာနီ သမ္မတ အဖြစ်ပြန်လည်ရွေးချယ်တင် မြှောက်ခံရပြီး အချိန်တိုအတွင်းမှာပင် တီဟီရန်သို့ သဘောထားတင်းမာသည့် အကြောင်းကြားစာ ပေးပို့ခဲ့ရာတွင် ထရန့်သည် အိုင်အက်စ်စစ်သွေးကြွများ အား နှိမ်နင်းအောင်မြင်နိုင်ရေး အတူတကွပေါင်းစည်းရန် အာရပ် ခေါင်းဆောင်များနှင့် အစ္စလမ့်စ် ခေါင်းဆောင်များအား တိုက်တွန်းခဲ့ပြီး အီရန်နိုင်ငံအား ဆယ်စုနှစ်များစွာကြာ အောင် ပဋိပက္ခနှင့် အကြမ်းဖက်မှုများ တိုးပွားလာအောင် လောင်စာပျိုးခဲ့ သည်ဟု ပြောဆိုခဲ့ကြောင်း ဖော်ပြထား သည်။

**(ရိုက်တာ)**







## ဗန်ကောက်ဆေးရုံတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွား၊ ၂၄ဦးဒဏ်ရာရ

**ဗန်ကောက် မေ ၂၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆေးရုံတစ်ရုံတွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကနဦးသတင်းဖော်ပြချက်များအရ အငြိမ်းစားအရာရှိများ ဆေးကောင်တာ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူ၂၄ ဦး ဒဏ်ရာရရှိခဲ့ရာ အများစုမှာ ပေါက်ကွဲမှု အရှိန်ကြောင့် မှန်ကွဲစများလွင့်စဉ်ကာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ဆေးဝါးဌာန ဥက္ကဋ္ဌဆာရော့ခ်ခါဂျီးက ပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ ပြင်းထန်ကြောင်းသိရသည်။ ဓာတ်ငွေ့ယိုစိမ့်ခြင်းနှင့် အဲယားကွန်ပရက်ဆာတို့ သည် အဓိကပေါက်ကွဲမှုဖြစ်စေသည့် အကြောင်းများဖြစ်ကြောင်း ပြည်တွင်းသတင်း များတွင်ဖော်ပြသည်။

သို့သော်လည်း ကျိန်းသေမှုမရှိသေးကြောင်း မြို့တော်ရဲတပ်ဖွဲ့အကြီးအကဲ ဆရီဗာရာ ရန်ဆီပရမ်မာနာကုက သတင်းမီဒီယာများသို့ ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# အာဖဂန်တပ်ဖွဲ့များ စစ်ဆင်ရေးများဆောင်ရွက်

**ကဘူးလ် မေ ၂၂**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အာဖဂန် လုံခြုံရေးတပ်ဖွဲ့များသည် ပဋိပက္ခဖြစ်ပွား နေသည့် အာဖဂန်နစ္စတန်နိုင်ငံတစ် လျှောက် စစ်ဆင်ရေးများပြုလုပ်ခဲ့ရာ လက်နက်ကိုင် စစ်သွေးကြွ ၇၁ ဦးအထိ သုတ်သင်နိုင်ခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက မေ ၂၂ ရက်တွင် ပြော ကြားခဲ့သည်။



အာဖဂန်နစ္စတန်နိုင်ငံ၏ အချို့သော ဒေသများ၌ အာဖဂန်အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်တန်ပြန်တိုက်ဖျက် စစ်ဆင် ရေးတစ်ခုကို ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၇၁ ဦးအား ရှင်းလင်းနိုင်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာ၊ ဟယ်လ် မန်၊ လက်ဂျမန်၊ ဖာရာ ၊ ကွန်ဒုဇ်၊ ဂေါ်၊ ဝါဒက်နှင့် ဇာဘူပြည်နယ်များတွင် ပြုလုပ် ခဲ့သော စစ်ဆင်ရေးများတွင် အကြမ်းဖက် သမား ၄၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ခုနစ် ဦးကို ဖမ်းဆီးနိုင်ခဲ့သည်။

စစ်ဆင်ရေးများပြုလုပ်ခဲ့စဉ်အတွင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျဆုံး ခြင်းရှိ မရှိဖော်ပြခဲ့ခြင်း မရှိသလို အာဖဂန် အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော တာလီဘန်နှင့် အိုက်အက်စ်စစ်သွေးကြွတို့ ဘက်ကလည်း စစ်ဆင်ရေးအပေါ် တစ်စုံ တစ်ရာ မှတ်ချက်ချခြင်းမရှိပေ။

**(ဆင်ဟွာ)**

# ခန္တီးမြို့နယ် နန်စီဘွန်ကျောက်စိမ်းရတနာမြေတွင် ဖြစ်ပွားခဲ့သောကိစ္စသည် နှစ်ဖက်ပဋိပက္ခဖြစ်ကြခြင်းမဟုတ်ဘဲ ဥပဒေနှင့်မညီဆန့်ကျင်သည့် အစုအဝေး၏ တစ်ဖက်သတ်အပြုအမူသာဖြစ်ကြောင်း စစ်ကိုင်းတိုင်းအစိုးရ ရှင်းလင်း

ခန္တီး မေ ၂၂

**စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နန်စီဘွန်ကျောက်စိမ်းရတနာမြေတွင် ဖြစ်ပွားခဲ့သောကိစ္စသည် နှစ်ဖက်ပဋိပက္ခဖြစ်ကြခြင်းမဟုတ်ဘဲ ကုမ္ပဏီဝင်းအတွင်း စုပုံထားသည့် ရေမဆေးရသေးသော မြေစာပုံများကို လူအစုအဝေးက ဝင်ရောက်ကာ သယ်ယူဖျက်ဆီးမည်ဟူသော တစ်ဖက်သတ်အပြုအမူကို ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ပဋိပက္ခမဟုတ်ဘဲ ပြစ်မှုဆိုင်ရာ ဥပဒေအရ ဥပဒေနှင့်မညီ ဆန့်ကျင်သည့်အစုအဝေးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှက တိုင်းဒေသကြီးလွှတ်တော်တွင်ရှင်းလင်းစဉ် ထည့်သွင်းပြောကြားသည်။**

"ခန္တီးရတနာမြေကို ဝန်ကြီးချုပ်နဲ့အတူ တိုင်းဒေသကြီး နယ်မြေလွှတ်တော်ကိုယ်စားလှယ်တွေဟာ ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတဲ့အခါ ကုမ္ပဏီထဲစုစည်းထားတဲ့ မြေစာပုံတွေကို ရေမဆေးတွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေ ရှာဖွေနေတာ တွေ့ခဲ့ရပါတယ်။ အဲဒီလို အနေအထားမှာ ကုမ္ပဏီပိုင်မြေစာပုံထဲကို ရေမဆေးတွေကဝင်ရှာတော့ တစ်ဖက်က တားလို့ နှစ်ဖက်ဖြစ်ကြတယ်ဆိုရင်တော့ နှစ်ဖက်ပဋိပက္ခဖြစ်တယ်လို့ဆိုရင် ရပါတယ်။

"အခုဖြစ်စဉ်မှာ နှစ်ဖက်ပဋိပက္ခဖြစ်ကြတာမဟုတ်ဘဲ အခုဖြစ်တဲ့ စည်းရိုးကာထားတဲ့ကုမ္ပဏီဝင်းအတွင်းမှာ စုပုံထားတဲ့ ရေမဆေးမြေစာပုံတွေကို လူစုကြီးကဝင်ရောက်သယ်ယူဖျက်ဆီးတဲ့ တစ်ဖက်သတ်အပြုအမူကို လုပ်တာဖြစ်ပါတယ်။ ဒါကြောင့် မို့ဒီအပြုအမူဟာ ပဋိပက္ခမဟုတ်ဘဲ ပြစ်မှုဆိုင်ရာဥပဒေအရ ဥပဒေနဲ့မညီ ဆန့်ကျင်တဲ့အစုအဝေးလို့ဆိုရမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှက ရှင်းလင်းပြောကြားသည်။

ခန္တီးမြို့နယ် နန်စီဘွန်ကျောက်စိမ်းရတနာနယ်မြေတွင် ဖြစ်ပွားခဲ့သောအဓိကရုဏ်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကိုသိရှိလိုကြောင်း ခန္တီးမြို့နယ် အမှတ် ၁ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေးက မေ ၂၂ ရက်တွင် ကျင်းပသော ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးပဉ္စမနေ့အစီအစဉ်တွင် မေးမြန်းရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့် ဥပဒေချုပ် ဦးခင်မောင်လှတို့က ရှင်းလင်းဖြေကြားခဲ့သည်။



လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေးက မေးမြန်းရာတွင် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော အမှုထမ်းများနှင့် ရေမဆေးသမားများ၏ ပဋိပက္ခဖြေရှင်းရာတွင် လူ သုံးဦး သေဆုံးခြင်းသည် လက်ရှိအစိုးရ၏ ပုံရိပ်ကို အရုပ်ဆိုးအကျည်းတန်စေသဖြင့် နောက်နောင်ထိုကဲ့သို့သော ဖြစ်စဉ်မဖြစ်အောင် တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ ကြိုတင်ဆောင်ရွက်ပေးမည်နှင့် ပဋိပက္ခဖြေရှင်းရာတွင် လူအုပ်ကြီးကို ဖယ်ရှားရန် အဓိကရုဏ်းနှိမ်နင်းအဆင့်ဆင့်ကို အသုံးမပြုဘဲ သေနတ်ဖြင့် တိုက်ရိုက်ပစ်ခတ်ခြင်းသည် ဥပဒေနှင့်အညီဆောင်ရွက်ခြင်း ဟုတ်မဟုတ်ကို သိရှိလိုကြောင်း မေးခွန်းထုတ်သည်။

ဆက်လက်၍ လူသုံးဦးသေဆုံးခြင်းနှင့်ပတ်သက်၍ ပစ်ခတ်သူကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

"လူစုလူဝေးရဲ့တူညီတဲ့ ရည်ရွယ်ချက်က ရေမဆေးရသေးတဲ့ ကျောက်စိမ်းမြေစာပုံတွေကို ဝင်ရောက်လုယက်ရှာဖွေမယ်။ ပစ္စည်းပိုင်ရှင်ရဲခွင့်ပြုချက်မရဘဲ တားဆီးထားတဲ့ အတားအဆီးကို ဖျက်ဆီးဝင်ရောက်ကြမယ်ဆိုတဲ့ တူညီတဲ့ရည်ရွယ်ချက်နဲ့ လုပ်ကြတာဖြစ်ပါတယ်။ အဲဒီလူတွေဟာ အကျိုးဖျက်ဆီးမှုကို သော်လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကိုသော်လည်းကောင်း၊ အခြားပြစ်မှုများကို သော်လည်းကောင်း ကျူးလွန်ရန်ရည်ရွယ်ချက်နဲ့ ဝင်ကြမယ်ဆိုရင် ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေးပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလူစုဟာဝင်ရောက်တာကို တားဆီးမယ်ဆိုရင်၊ ရန်ပြုတာတွေ လုပ်လာခဲ့ရင် ဒီအဖွဲ့အစည်းဟာ ပဋိပက္ခဖြစ်တာမဟုတ်ဘဲနဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေးဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်"ဟု ဦးခင်မောင်လှက ပြောသည်။

ရတနာနယ်မြေအတွင်း တရားမဝင်နေထိုင်သူများကို ရှင်းလင်းဖယ်ရှားခြင်းနှင့်ပတ်သက်၍ ခန္တီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မေ ၁၅ ရက်စွဲဖြင့် ထုတ်ပြန်ထားသော ၁/၂၀၁၇ အမိန့်အရ ခန္တီးမြို့နယ် နန်စီဘွန်ရပ်နှင့် မကျန်ခမော်လုပ်ကွက်များတွင် တရားမဝင်နေထိုင်သူများအားလုံးသည် မေ ၃၁ ရက် နောက်ဆုံးထားပြောင်းရွှေ့ပေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေ ၁၄၃ အရ အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ တူးဖော်ခွင့်ရကုမ္ပဏီများအနေဖြင့် အမိန့်၊ ဥပဒေ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ စစ်ဆေးနေသည့် ကာလအတွင်း လုပ်ငန်းစဉ်အားလုံးကို ရပ်ဆိုင်းစေခြင်းနှင့်ပတ်သက်၍ ကျောက်စိမ်းတူးဖော်ရေးဌာန စခန်းရုံး (ခန္တီး)၏ မေ ၁၅ ရက်က စာအမှတ်ဖြင့် ထုတ်ထားသော ခန္တီး ရတနာမြေအတွင်း နန်စီဘွန်ရပ်နှင့် မကျန်ခမော်များတွင် တူးဖော်ခွင့်လိုင်စင်ရ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ညွှန်ကြားချက်တစ်စုံတစ်ရာ မရမချင်း ရပ်ဆိုင်းထားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လီဆူတိုင်းရင်းသားတွေအပေါ် KIA/KIO က လူ့အခွင့်အရေးချိုးဖောက်နေမှုအား မကျေနပ်၍ လူထုဆန္ဒထုတ်ဖော်

**မြစ်ကြီးနား မေ ၂၂**

"ကျွန်တော်တို့ လီဆူတိုင်းရင်းသားလူမျိုးတွေအပေါ် KIA/KIO လက်နက်ကိုင်အဖွဲ့အစည်းကနေ လူ့အခွင့်အရေး အမျိုးမျိုးချိုးဖောက်နေတာ နှစ်ပေါင်း ၅၇ နှစ်ကျော်ရှိခဲ့ပါပြီ၊ ဒီလိုလူ့အခွင့်အရေး ချိုးဖောက်မှုကို မကျေနပ်လို့ လီဆူတိုင်းရင်းသားတွေစုပြီး လူထုဆန္ဒဖော်ထုတ်ပွဲကို ပြုလုပ်တာဖြစ်ပါတယ်"ဟု လူထုဆန္ဒဖော်ထုတ်ပွဲ ဖြစ်မြောက်ရေးကော်မတီခေါင်းဆောင် ဦးငွါးတားက ပြောသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက် ငြိမ်းချမ်းသာယာအားကစားကွင်းတွင် မေ ၂၂ ရက် နံနက် ၉ နာရီက ပြုလုပ်သော လီဆူတိုင်းရင်းသားများစုပေါင်းပြီး KIA/KIO လက်နက်ကိုင်အဖွဲ့၏ လူ့အခွင့်အရေး ချိုးဖောက်မှုကို လူထုသိရှိစေရန် လူထုဆန္ဒထုတ်ဖော်ပွဲတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

"လီဆူတိုင်းရင်းသားတွေကို KIA/KIO ကနေ လူမျိုးကြီးဝါဒကို ကျင့်သုံးပြီး အဓမ္မတပ်သားသစ်စုဆောင်းတာ၊ အမျိုးသမီးတွေကို သားမယားအဖြစ်ပြုကျင့်တာတွေ၊ သတ်ဖြတ်တာတွေ လုပ်တဲ့အပြင် KIA/KIO လက်နက်ကိုင်အဖွဲ့အစည်းထဲမှာ လီဆူတိုင်းရင်းသား သုံးပုံတစ်ပုံခန့်ရှိပါတယ်၊ လီဆူလူမျိုးတွေကို ရှေ့တန်းမျက်နှာစာမှာထားပြီး အသုံးပြုပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပြုလုပ်နေပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ လီဆူတိုင်းရင်းသားများ လူထုဆန္ဒထုတ်ဖော်ပွဲကို မြစ်ကြီးနားမြို့ သီတာရပ်ကွက် ငြိမ်းချမ်းသာယာအားကစားကွင်းတွင် စုဝေးပြီး စတင်ထွက်ခွာကာ သခင်နက်ဖေလမ်းမှတစ်ဆင့် စီတာပူရပ်ကွက်ရှိ KIA/KIO ဆက်ဆံရေးရုံးရှေ့တွင် လူထုဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်ရာတွင် KIA/KIO လူမျိုးခွဲခြားသတ်ဖြတ်မှု အလိုမရှိ၊ အကြမ်းဖက်သောင်းကျန်းသူ KIA/KIO အလိုမရှိ၊ မတရားဆက်ကြေးကောက် လူဖမ်းငွေတောင်း လူသတ်သမားအလိုမရှိ၊ အကြမ်းဖက်သောင်းကျန်းသူ KIA/KIO ၏ ကျဉ်းမြောင်းသော လူမျိုးရေးဝါဒ ကျဆုံးပါစေ၊ လီဆူအမျိုးသားစည်းလုံးညီညွတ်ရေး ဒို့အရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံ အောင်ရမည် စသည်ဖြင့် ကြွေးကြော်၍ အင်အား ၁၅၀၀ ခန့်ဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

လက်နက်ကိုင်အဖွဲ့အစည်း KIA/KIO က လီဆူတိုင်းရင်းသား ၃၀၀၀ ကျော်ကို အဓမ္မတပ်သားသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို သားမယားအဖြစ် ပြုကျင့်သတ်ဖြတ်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည့်အပြင် ကချင်ပြည်နယ် မြေပြန့်ဒေသတွင် နေထိုင်သော ရှမ်းလူမျိုးများစွာကိုလည်း အလားတူ လုပ်ရပ်မျိုး ပြုလုပ်ဆောင်ရွက်ကြောင်း မြန်မာပြည်မြောက်ပိုင်း ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။

"ဒီဆန္ဒဖော်ထုတ်ပွဲကို လာရောက်ပြီး ပူးပေါင်းဆောင်ရွက်တာဟာ ကချင်လူမျိုးကို မုန်းလို့မဟုတ်ဘူး၊ KIA/KIO ရဲ့ တိုင်းရင်းသားလူမျိုးတွေအပေါ် လက်နက်အားကိုးပြီး လူ့အခွင့်အရေး အမျိုးမျိုးချိုးဖောက်နေတာကို ပြည်သူလူထုသိရှိစေဖို့အတွက် လာရောက်ပြီး ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

"လီဆူတိုင်းရင်းသားတွေကိုယ်စား၊ လူငယ်တွေကိုယ်စား KIA/KIOကို တောင်းဆိုချင်တာက ရှေ့ဆက်ပြီး ဒီလိုလုပ်ရပ်တွေထပ်မလုပ်ဖို့ တောင်းဆိုချင်တယ်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်သွားဖို့နဲ့ တပ်မတော်ကိုလည်း လီဆူလူမျိုးတွေကို အကာအကွယ်ပေးပါလို့ တောင်းဆိုချင်ပါတယ်"ဟု ဦးငွါးတားက ဆက်လက်ပြောကြားသည်။ **မင်းရာဇာ(မြစ်ကြီးနား)**



# အမ်းနှင့် မြေပုံမြို့နယ်တို့တွင် တရားမဝင် ဝင်ရောက်လာသူများနှင့် ပို့ဆောင်ပေးသူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

ရခိုင်ပြည်နယ် အမ်းနှင့် မြေပုံမြို့နယ်တို့တွင် မေ ၂၁ ရက်က တရားမဝင် ဝင်ရောက်လာသူ ၂၄ ဦးနှင့် လိုက်ပါပို့ဆောင်ပေးသူများကို ဖမ်းဆီးရမိကြောင်း သိရသည်။

အမ်းမြို့နယ် အမ်း- မအီလမ်းခွဲ စစ်ဆေးရေးဂိတ်၌ မေ ၂၁ ရက် နံနက် ၉ နာရီက သတင်းအရ ကျောက်တော်မှ တောင်ကုတ်သို့ ယာဉ်မောင်း ခန့်ထည်ဝါ (ပုဗ္ဗသီရိမြို့နယ်) မောင်းနှင်ပြီး ဇော်မျိုးထက် (ရွှေပြည်သာမြို့နယ်) နေသူလိုက်ပါလာသော Crown ယာဉ်အား စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ ဂိတ်မောင်းတံအား ဝင်တိုက်ထွက်ပြေးခဲ့သဖြင့် လိုက်လံဖမ်းဆီးသဖြင့် စစ်ဆေးရေးဂိတ်နှင့်တစ်မိုင်ခန့်အကွာတွင် မအီဘက်မှ အမ်းဘက်သို့ မောင်းနှင်လာသော Fokland ယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိကာ လမ်းဘေးသို့ ထိုးကျသွားခဲ့ပြီး ယာဉ်ပေါ်တွင် ယာဉ်မောင်းခန့်ထည်ဝါပါ နှစ်ဦးနှင့် ၎င်းတို့ခေါ်ဆောင်လာသော ကျောက်တော်မြို့နယ် တကောင်းကျေးရွာနေ မာမောက်တာဟရ်ပါ တရားမဝင်ဝင်ရောက်လာသူ ခြောက်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ဝင်ရောက်လာသူများအား သယ်ယူပို့ဆောင်ပေးသူ ခန့်ထည်ဝါပါနှစ်ဦးအား အမ်းမြို့နယ်ရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး တရားမဝင် ဝင်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် အမ်းမြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ပတ်ကွေ့ကျေးရွာ ရာအိမ်မှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမ်း-မင်းဘူးကားလမ်း မိုင်တိုင်အမှတ် (၈၆/၂)အနီး တောစပ်တွင် ပုန်းအောင်းနေသော မင်းပြားမြို့နယ် ဆပ်ကျရွာနေ ဒူရောင်ဆားဒဲက်(ခ) မောင်မောင်လေးပါ အမျိုးသား သုံးဦးအား ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးချက်အရ မင်းပြားမြို့နယ် ဟာရပိုင်ကျေးရွာနေ ပွဲစားဆာဒစ်က ၎င်းတို့အား ရန်ကုန်သို့ သွားရောက်ရန် ဆိုင်ကယ်နှစ်စီးဖြင့် တင်ပေးလိုက်ကာ ပဲပဒုံစစ်ဆေးရေးဂိတ်အား ရှောင်ကွင်းဖြတ်သန်းခဲ့ပြီး ယခု တောစပ်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မေ ၂၁ ရက် နံနက် ၇ နာရီခွဲက မြေပုံမြို့နယ် စည့်င်းကျေးရွာနှင့် လေသွန်ကျေးရွာအနီး ရန်ကုန်-စစ်တွေ ကားလမ်း မိုင်တိုင်အမှတ် (၃၂/၂ နှင့် ၃ )အကြား NISSAN X-TRA ယာဉ်မှာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာမှ ယာဉ်ပေါ်ပါ ကျောက်တော်မြို့နယ် ရတနာပုံ ကျေးရွာနေ မဟာမတ်ဇူဆိုင်းပါ ၁၅ ဦး အား ဖုန်း ငါးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးချက်အရ အဆိုပါ ၁၅ ဦးမှာ ရန်ကုန်မြို့သို့သွားရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း၊ ပို့ဆောင်ခအဖြစ် ရှာကေ(ခ)လှကျော်အားတစ်ဦးလျှင် ငွေကျပ် ၁၄ သိန်း၊ အမျိုးသမီးသုံးဦးအတွက် ငွေကျပ်သိန်း ၄၀ လွှဲပေးပြီးဖြစ်ကြောင်း၊ ၎င်းတို့ လိုက်ပါလာသော မော်တော်ယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ၁၅ ဦးအား လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် အရေးယူသွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဘာဝဘေးအန္တရာယ်သတင်း

# လေဘေးသင့်အိမ်ထောင်စုများအား ရဲတပ်ဖွဲ့ဝင်များက ကူညီ

**လေးမျက်နှာ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာအုပ်စု စာရေးကွင်းကျေးရွာတွင် မေ ၂၁ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းနှင့်အတူ မိုးရွာသွန်းခဲ့ခြင်းကြောင့် လူနေအိမ်များ သစ်ကိုင်းပိ၍ ပြိုကျပျက်စီးခြင်း၊ အမိုးအကာများ ပျက်စီးခြင်းတို့ဖြစ်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၂၁ ဦးတို့က အဆိုပါကျေးရွာ၌ မေ ၂၂ ရက်က ကူညီရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် နေအိမ်များပြန်လည်ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများတွင် အကူအညီပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစောလှခေါင်းဆောင်သော အိုင်သပြုနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်နွေအောင်အေဝမ်းနှင့်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ကလည်း သိမ်ကုန်းကျေးရွာအုပ်စုနှင့် ဝါးရုံချောင်းကျေးရွာအုပ်စုများတွင် လေဘေးကြောင့် ပျက်စီးခဲ့သည့် နေအိမ်များကို အမိုးအကာများပြန်လည်ပြုပြင်ပေးခြင်း၊ လုံးဝပျက်စီးခဲ့ရသည့် နေအိမ်များပြန်လည်ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# လေပြင်းတိုက်ခတ်မှုကြောင့် မကွေးမြို့တွင် ရပ်ကွက်သုံးခုနှင့် မြို့အနီးဝန်းကျင် ကျေးရွာငါးရွာ၌ ပျက်စီးမှုများ တွေ့ကြုံ

**မကွေး မေ ၂၂**

မကွေးမြို့၌ မေ ၂၁ ရက် ညနေ ၅နာရီ ၁၅ မိနစ်ခန့်က မိုးနှင့်အတူ လေပြင်းများ တိုက်ခတ်ခဲ့ခြင်းကြောင့် မြို့ပေါ်မှ ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စုတစ်စုမှ ကျေးရွာငါးတို့တွင် ပျက်စီးဆုံးရှုံးမှုများ တွေ့ကြုံခဲ့ရကြောင်း သိရသည်။



မြို့ဟောင်းရပ်ကွက်တွင် နေအိမ် ၁၀၆ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း သွပ်မိုးလန်ခြင်း၊ သိင်္ဂီရိရပ်ကွက်တွင် နေအိမ်ရှစ်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သုံးဘီးဆိုင်ကယ်တစ်စီး ပျက်စီးခဲ့ကာ သစ်ပင်ကြီး သုံးပင်ပြိုလဲခဲ့ခြင်း၊ ဆုံရပ်ကွက်တွင် နေအိမ်အလုံး ၂၀၊ ကားတစ်စီး၊ ဆိုင်ကယ်တစ်စီး ပျက်စီးခဲ့ပြီး သစ်ပင်ကြီးခုနစ်ပင် ပြိုလဲခဲ့ကာ လူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးရုံးမှ သိရသည်။

နံကပ်ကျွန်းကျေးရွာအုပ်စုရှိ သရက်ပင်ကွက်ကျေးရွာတွင် နေအိမ် ၄၅ လုံး၊ ကျန်းမာရေးဆေးပေးခန်းတစ်ခု သွပ်မိုးလန်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးရုံးပေါ် သစ်ပင်လဲကျခြင်း၊ ကျွန်းစုကျေးရွာတွင် နေအိမ် ၄၁ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သာယာကုန်းကျေးရွာတွင် နေအိမ် ၅၆ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ လက်ဖက်ရည်ဆိုင်နှစ်ဆိုင်၊ ဝါးတောချောင်းကျေးရွာတွင် နေအိမ် ၁၂ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် အေးမြသာယာကျေးရွာတွင် နေအိမ် ၁၅ လုံးတို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း အုပ်ချုပ်ရေးရုံးမှတ်တမ်းများအရ သိရသည်။

သိင်္ဂီရိရပ်ကွက်မှာ လေပြင်းကြောင့် ကျိုးပြတ်သွားတဲ့ ကုက္ကိုပင်ပိလို့ လူငါးယောက် ဒဏ်ရာရတယ်။ အသက် ၁၄ နှစ်ရှိတဲ့ ကလေးကတော့ ဒဏ်ရာပြင်းထန်လို့ နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကို ပို့လိုက်ရတယ်”ဟု သဒ္ဒါရှင်၊ ရှင်သန်မှုကူညီရေးအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ကမ်း တစ်လျှောက် ပြင်းထန်သော လေတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးထိခိုက်မှုများ၊ သစ်ပင်လဲကျခြင်းများဖြစ်ပေါ်ခဲ့မှုအပေါ် မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ အရေးပေါ် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်းအစိုးရအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများမှ အကူအညီပေးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ညောင်ဦးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ကိုင်းများပဲ့ကျ၍ နေအိမ်ပြိုကျမှုများဖြစ်ပေါ်

**ညောင်ဦး မေ ၂၂**

ညောင်ဦးတွင် မေ ၂၁ရက် ညနေ ၆နာရီခန့်က မိုးသက်လေပြင်းများကျရောက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုလင်းကျေးရွာအုပ်စု ပုလင်းအနောက်ကျေးရွာမှ ဦးဝင်းညွန့်၏ ထန်းရွက်မိုး၊ ထန်းရွက်ကာ သုံးပင်ပတ်လည်နေအိမ်ခေါင်မိုးပေါ်သို့ သစ်ကိုင်းပဲ့ကျခဲ့သဖြင့် နေအိမ်မှာ ပျက်စီးသွားခဲ့ကြောင်း၊ အဆိုပါ ပဲ့ကျသည့်ကိုင်းအဖျားမှာ အခြားတစ်ဖက်မှ ဦးစောမင်းထိုက်နေအိမ်ရှိ ၁၀ ပေပတ်လည်ရှိ မီးဖိုဆောင်ပေါ်သို့ကျ၍ မီးဖိုဆောင်မှာလည်း ပြိုကျပျက်စီးသွားခဲ့ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးအနေဖြင့် ဦးဝင်းညွန့်၏ နေအိမ်မှာ ငွေသုံးသိန်းခန့်၊ ဦးစောမင်းထိုက်၏ မီးဖိုဆောင်မှာ ငွေကျပ်ငါးသောင်းခန့်တို့ဖြစ်ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အလားတူ မိုးသက်လေပြင်းများကျရောက်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ညောင်ဦးမြို့မရဲစခန်းအတွင်းရှိ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်သဖြင့် ဖျက်ဆီးခွင့်ပြုမိန့်တင်ပြထားသော ပျဉ်ခင်း၊ ဝါးထရံကာ၊ သွပ်မိုးနှစ်ခန်းတွဲ နေအိမ်လိုင်းခန်းတစ်လုံးမှာလည်း ပြိုကျပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။ ညောင်ဦးတွင် ယင်းနေ့ရွာသွန်းခဲ့သော မိုးရေချိန်လက်မမှာ ၁ ဒသမ ၆၁ လက်မ ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# လေပြင်းတိုက်ပြီး အင်္ဂပူမြို့နယ်တွင်း နေအိမ်များပျက်စီး

**အင်္ဂပူ မေ ၂၂**

အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စုတွင် မေ ၂၁ ရက်ညနေ ၃ နာရီ ၁၀ မိနစ်မှ ၃ နာရီခွဲအထိ ရုတ်တရက်လေပြင်း တိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၁၁ အုပ်စုတွင် ဘုန်းကြီးကျောင်းသုံးကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်း၊ ဝန်ထမ်းအိမ်ရာတစ်ခုနှင့်လူနေအိမ် ၁၅၇ လုံးတို့ အမိုးလန်ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းလေပြင်းတိုက်ခတ်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်ဦးသော ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်အားပေးစကားပြောကြားခဲ့ပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့နိုင်ရေး လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၃ စီး၊ သွင်းကုန် ၅၂၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈ ဒသမ ၇၀၆၇ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော iphone Handset (Used)(7)Nos နှင့် FREETEL Handset (4)Nos

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးစဉ် Thai Smile Airline ဖြင့် ဗန်ကောက်မှ ရန်ကုန်သို့ ဝင်ရောက်လာသည့် ဂျပန်နိုင်ငံသား ခရီးသည်ထံမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော i phone Handset (Used) (7)Nos နှင့် FREETEL Handset (4)Nos စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် လေးသန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမဝင် ဝင်လာသူ ပြည်ပနိုင်ငံသားနှင့် အားပေးကူညီလက်ခံသူတို့အား စဉ့်ကူးမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် အသီးသီးချမှတ်

**စဉ့်ကူး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တရားရုံးသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်လာသူ တရုတ်နိုင်ငံသား ဖန်ကွေ့ပင်အား ရာဇဝတ်ကြီးအမှုအမှတ် ၂၆၆/၂၀၁၇ အရလည်းကောင်း၊ ခင်ပွန်းဖြစ်သူ တရုတ်နိုင်ငံသား ဖန်ကွေ့ပင်အား တရားမဝင်ဝင်ရောက်ရန် အားပေးကူညီလက်ခံသူ မြန်မာနိုင်ငံသား မသန်းသန်းစိုးအား ရာဇဝတ်ကြီးအမှုအမှတ် ၂၇၀/၂၀၁၇ ဖြင့်လည်းကောင်း အမှုဖွင့်လှစ်စစ်ဆေးခဲ့ရာ ပြစ်မှုများ ထင်ရှားပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်စီကို မေ ၁၂ ရက်က စဉ့်ကူးမြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် မေ ၇ ရက်က စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ကံတောင်ကျေးရွာရှိ ဦးမြင့်ဌေး၏နေအိမ်တွင် ဒုရဲအုပ်ဇော်ဝင်းဦးက သတင်းအရ ဝင်ရောက်စစ်ဆေးရာ ဦးမြင့်ဌေး၏သမီးဖြစ်သူ မသန်းသန်းစိုးနှင့် တရုတ်နိုင်ငံသား ဖန်ကွေ့ပင်တို့အား တွေ့ရှိရပြီး မြန်မာနိုင်ငံသို့ ခိုင်လုံသော အထောက်အထားမပါရှိဘဲ ခိုးဝင်လာခြင်းနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ တရုတ်နိုင်ငံသား ဖန်ကွေ့ပင်အား မြန်မာနိုင်ငံအတွင်းသို့ တရားဥပဒေနှင့်ဆန့်ကျင်၍ ဝင်ရောက်စေရန် အားပေးကူညီခြင်းတို့အပေါ် စဉ့်ကူးမြို့နယ် လဝက ဦးစီးမှူးက တရားလိုပြုလုပ်၍ တရုတ်နိုင်ငံသားဖန်ကွေ့ပင်အား မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁)အရလည်းကောင်း၊ မသန်းသန်းစိုးအား ယင်းဥပဒေပုဒ်မ ၁၃(၁)နှင့် ၁၃(၅)တို့အရလည်းကောင်း လက်ပန်လှရဲကင်းစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည့် စဉ့်ကူးမြို့နယ်တရားရုံးမှ စစ်ဆေးခဲ့သော အမှုဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်**



# ဂါလန် ၇၅၀၀ ဆံ့ စက်သုံးဆီတင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**ပျော်ဘွယ် မေ ၂၂**

ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၁၃/၅ နှင့် ၃၁၃/၆)ကြား ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော 2M/----HOWO ၂၂ ဘီး စက်သုံးဆီသယ်ယာဉ်သည် မေ ၂၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် အောက်တိန်း ဂါလန် ၇၅၀၀ အား သယ်ဆောင်မောင်းနှင်လာရာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။



အခင်းဖြစ်ပွားချိန်တွင် မော်တော်ယာဉ်မှာတိမ်းမှောက်သွားခဲ့ပြီး မီးလောင်ပေါက်ကွဲမှုမဖြစ်ခဲ့သော်လည်း ယိုစိမ့်နေသော ဆီများမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရန် မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်နှင့် တပ်ဖွဲ့ဝင်များက ပျော်ဘွယ်မြို့နယ်ရှိ မီးသတ်ယာဉ်ခြောက်စီး၊ မိတ္ထီလာမြို့မှ မီးသတ်ယာဉ်တစ်စီး၊ ရမည်းသင်းမြို့မှ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် ရေဖျန်းခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးဦးနှင့် တပ်ဖွဲ့ဝင်များက ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားရေး၊ တိမ်းမှောက်ယာဉ်မှဆီများ အခြားဆီသယ်ယာဉ်တစ်စီးဖြင့် သယ်ဆောင်နိုင်ရေး၊ ယာဉ်ကိုပြန်လည်တည့်မတ်နိုင်ရေး ဆောင်ရွက်ကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် အရေးယူနိုင်ရန်အတွက် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ဂေါ်ဖီထုပ်များတင်ဆောင်လာသည့် ၁၀ ဘီးယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေးထိုးကျ

**နေပြည်တော် မေ ၂၂**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ကျောက်တံခါးမြို့နယ် မိုင်တိုင်အမှတ်(၇၅/၅ နှင့် ၆) ကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကိုကိုကြီး မောင်းနှင်လာသော ဂေါ်ဖီထုပ်များတင်ဆောင်လာသည့် ၁၀ ဘီးယာဉ်မှာ မေ ၂၂ နံနက် ၆ နာရီခွဲခန့်ကျော်က ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းဘေးကာရံထားသော အလူမီနီယံတန်းကိုတိုက်ကာ လမ်းဘေးမြေသားပေါ်သို့ ထိုးကျခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါရှိသူမှာ ထိခိုက်မှုမရှိခဲ့ကြောင်းနှင့် ယာဉ်ကိုပေါ့ဆစွာမောင်းနှင်သူ ကိုကိုကြီးအား မြို့ချောင်း အမြန်လမ်းရဲတပ်ဖွဲ့က အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# တောင်ငူမြို့တွင် ကျောင်းသားများအား စိတ်ကြွရူးသွပ်ဆေးပြားများဖြန့်ဖြူးရောင်းချလေ့ရှိသူကို ဖမ်းဆီးရမိ

**တောင်ငူ မေ ၂၂**

တောင်ငူမြို့(၁၉)ရပ်ကွက်တွင် တောင်ငူ အထက(၁)ကျောင်းမှ ကျောင်းသားများအား စိတ်ကြွရူးသွပ်ဆေးပြားများ ဖြန့်ဖြူးရောင်းချလေ့ရှိသူအား စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မေ ၂၁ ရက် မွန်းလွဲ ၂ နာရီက သတင်းအရ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်ဖြင့် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှ ရဲအုပ်တင်ဦး၊ ရဲအုပ်စိုးသီဟလင်းတို့က အထက (၁) တောင်ငူ ကျောင်းနောက်ဘက်ရှိ ထန်းရည်ဆိုင်အတွင်း ဝင်ရောက်ရှာဖွေရာမှ စောထွန်းလင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြား ဖမ်းဆီးရမိခဲ့သည်။



အဆိုပါဖမ်းဆီးရမိသူများမှာ ဝင်းဇော်ဦး(ခ)ဗျားကြီး (၂၄ နှစ်) (၁၉)ရပ်ကွက်နှင့် စောထွန်းလင်း(၂၄ နှစ်) ၄ မိုင်ကျေးရွာ တောင်ငူမြို့နေသူတို့ဖြစ်ပြီး ၎င်းတို့အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ယာပုံ)**

**သူရ(တောင်ငူ)**

# တာချီလိတ်တွင် ဆိုင်ကယ်ဖြင့် လမ်းဘေးဓာတ်တိုင်ဝင်တိုက်မှု တစ်ရက်တည်း နှစ်ကြိမ်ဖြစ်၊ လေးဦးသေဆုံး

**တာချီလိတ် မေ ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်း ဆိုင်ကယ်ဖြင့် လမ်းဘေးဓာတ်တိုင်ဝင်တိုက်ကာ လေးဦးသေဆုံးသည့် ဖြစ်စဉ် တစ်ရက်တည်း နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မေ ၂၀ ရက် နံနက် ၂ နာရီက တာချီလိတ်မြို့ အာခါဈေးလမ်းမပေါ် အာခါဈေးမီးပွိုင့်လမ်းဆုံဘက်မှ ပါလျှံ(၂)ရပ်ကွက်ဘက်သို့ ယာဉ်မောင်း အသက် (၂၀ နှစ်) ခန့်ရှိ အမျိုးသားတစ်ဦး (စုံစမ်းဆဲ)မောင်းနှင်သော ၃၂ယ/----- Wave-125 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ဓာတ်မီးတိုင်အား ဝင်ရောက်တိုက်မိတိမ်းမှောက်ခဲ့ပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။

အလားတူ မေ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဝမ်ပုံဘက်မှ တာချီလိတ်ဘက်သို့ ယာဉ်မောင်း ထွန်းလင်းနိုင် (၁၅ နှစ်) ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေသူ မောင်းနှင်ပြီး စိုင်းမျိုးထွေး (၁၅ နှစ်)နှင့် အာကာဇော် (၁၄ နှစ်) ပုန်းထွန်ရပ်ကွက် တာချီလိတ်မြို့နေသူတို့ လိုက်ပါလာသည့် ဆိုင်ကယ်သည် ဝမ်တုံကျေးရွာလမ်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ ဓာတ်မီးတိုင်အား ဝင်ရောက်တိုက်မိပြီး ဒဏ်ရာများရရှိသဖြင့် တာချီလိတ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ယင်းနေ့ညနေ ၅ နာရီကျော်ခန့်တွင် ရရှိသော ဒဏ်ရာများဖြင့် သုံးဦးစလုံး သေဆုံးသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်များနှင့် ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းနှင့် ဝမ်ပုံနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မိလ္လာကျင်းဆယ်ယူစဉ် နှစ်ဦးသေ၊ ဆေးရုံ၌ တစ်ဦးထပ်မံသေဆုံး

**မြောက်ဦး မေ ၂၂**

မြောက်ဦးမြို့ အောင်တပ်အုပ်စု တောင်ရပ် အမှတ်(၁) ရပ်ကွက်နေ ဦးအောင်ကြီး (၅၃ နှစ် )၏ နေအိမ်တွင် မေ ၂၀ ရက် မွန်းလွဲ ၁ နာရီက အောင်တပ်အုပ်စု လက်ခုပ်ရင်းရပ်နေ ဦးဘမောင် (၂၉ နှစ်)၊ ဦးကြွက်ဖော်အောင် (၄၅ နှစ်)၊ ဦးလူဖြူချေ (၃၆) နှစ်)၊ ဦးကျော်ကျော်ဝင်း(ခ) ဝင်းချေ (၃၄ နှစ်) တို့လေးဦးမှာ ငွေကျပ်တစ်သိန်း ဖြင့် မိလ္လာကျင်းထဲမှ မိလ္လာများကို ထုတ်ခဲ့ကြပြီး နာရီဝက်ခန့်ကြာ ကျင်းထဲတွင်ရှိနေသူ ဦးကြွက်ဖော်အောင်နှင့် ဦးဘမောင်တို့မှာ အသက်ရှူမွန်းကျပ်လာခဲ့သဖြင့် ဦးကျော်ကျော်ဝင်း (ခ) ဝင်းချေနှင့် ဦးလူဖြူချေတို့က ကျင်းထဲသို့ဆင်း၍ ဆယ်ယူစဉ် ဦးကြွက်ဖော်အောင်နှင့် ဦးဘမောင်တို့မှာ ကျင်းထဲတွင် သေဆုံးသွားခဲ့ပြီး နေအိမ်ပိုင်ရှင် ဦးအောင်ကြီးနှင့် ပတ်ဝန်းကျင်နေသူများက ဦးကျော်ကျော်ဝင်းနှင့် ဦးလူဖြူချေတို့ နှစ်ဦးကို ကျင်းထဲမှ ဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဦးကျော်ကျော်ဝင်းနှင့် ဦးလူဖြူချေတို့မှာ အခင်းဖြစ်ချိန်မှစ၍ မြောက်ဦးမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိရာမှ မေ ၂၂ ရက် ညနေ ၅ နာရီတွင် ဦးလူဖြူချေမှာထပ်မံသေဆုံးသွားခဲ့သဖြင့် သေဆုံးမှုနှင့် ပတ်သက်၍ မြောက်ဦးမြို့မရဲစခန်းမှ ဒုရဲမှူးသန်းဖေက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် ကိုင်းတောမ အထက (နဝမတန်း)မှ မအေးသန္တာစိုးနှင့် ပဉ္စမတန်းနေ မနှင်းအေးခိုင်တို့၏ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၉/မထလ(နိုင်)၂၅၄၈၁၈ ဖြစ်ပါကြောင်း။

**ဦးစိုးနိုင် (ကိုင်းတောမရွာ)**

## အမည်ပြောင်း

ဦးမျိုးဆွေထွန်း၏သမီး တာချီလိတ်မြို့၊ ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်း ပဉ္စမတန်းမှ မထက်ဖြူအေးအား မဟေမာန်မျိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မဟေမာန်မျိုး**

## အမည်ပြောင်း

ကျိုင်းတုံမြို့၊ ပန်လော့၊ အမက (မူလွန်)အဌမတန်းအောင်မှ မဘူးဒေါ့အား မအားဒေါ့ဟု အမည်ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ယီ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဇော်မိုးဦး-ဒေါ်နေကြည်စိုးတို့၏သား လားရှိုးမြို့၊ အထက(၅) အဌမတန်းမှ မောင်ဘုန်းမြတ်ဟိဏ်းအား ယနေ့မှစ၍ မောင်အောင်သူဟိဏ်းဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8649 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၆၂)၊ တတိယလွှာ-A(ခေါင်းရင်းခန်း)၊ အလျား ၁၇ပေ×အနံ ပေ ၆၀ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်ကျော်ဦး ၉/စကတ(နိုင်)၀၀၃၈၈၂ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူလက်ရောက်ရယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှစ၍ ၅ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဖြူ LL.B, DBL, DML, DIL, DAPsy
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၃၂)
အခန်း ၀၀၁၊ တိုက် ၉/၁၁၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၆၁၈၄

## ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်/အရှေ့)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်( ၁၅၂ )ဟုခေါ်သည့်( ၂-စန်းတွဲ ) (၆-ထပ်)ကန်ထရိုက်တိုက်၏(၆-လွှာ/ခေါင်းရင်း)တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား ဦးအောင်ထွန်း( ၁၂/ဗဟန(နိုင်)၀၇၂၂၅၄ )က အရောင်းအဝယ်သဘောတူကတိစာချုပ်အရဝယ်ယူကာ တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိထားပိုင်ဆိုင်လျှက်ရှိပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသ(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ
ဦးသန့်ဇင် (LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09 253995848 , 09-798420119
ဒေါ်ဟန်နွေနိုင် (LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) — Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အမည်မှန်

တာချီလိတ်မြို့၊ ပြည်သူ့ဆေးရုံဝင်းနေ မဖော်နီကာ(ခ)နော်ဖော်နီကာ ၁၂/အစန(နိုင်)၂၁၄၇၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးမီးဇက်(ခ)ဦးမိုးဇက် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအားဖုန်၏သမီး ကျိုင်းတုံ တက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ ပထဝီဝင်၊ နောက်ဆုံးနှစ်အောင်မှ မစန်းစန်းအေးနှင့် မစမ်းစမ်းအေး ၁၃/ကတန(နိုင်)၁၃၇၃၆၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မစန်းစန်းအေး(ခ)မစမ်းစမ်းအေး**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ တိုက်အမှတ်(၄၅)ဟုခေါ်သည့်(၂-စန်းတွဲ) (၆-ထပ်)ကန်ထရိုက်တိုက်၏(၃-လွှာ)(ခေါင်းရင်းခန်း) တိုက်ခန်းအား အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို ဦးသန်းထွန်း(၁၂/အစန(နိုင်)၁၂၃၄၇၃)က တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိထားနေထိုင်ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းလှိုင်( ၁၁/စတန(နိုင်)၀၆၅၄၆၅ )က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ
ဦးသန့်ဇင် (LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09-253995848, 09-798420119
ဒေါ်ဟန်နွေနိုင် (LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) — Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ ၁၁၉ရပ်ကွက်၊ အမှတ် ၆၄၈ ပါမစ် အမည်ပေါက်ဒေါ်တင်နု၏ ပေ၄၀×ပေ၆၀ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်မှဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများ အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ပြုလုပ်မည်ဖြစ်ပါကြောင်း။

ဒေါ်လှရှင် ၁၃/လရန(နိုင်)၀၇၉၄၅၀
ဖုန်း-၀၉-၇၉၅၆၁၆၅၃၅၊ ၀၉-၇၉၅၆၃၉၁၈၁

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် ရုံးသုံးနှင့်စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးနှင့် စက်ပစ္စည်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Digital Camera D-7500 5 Nos
(ခ) Fax Machine - 10 Nos
(ဂ) A3 Copier (Black & White) - 6 Nos
(ဃ) Hp Laser Jet Pro P 1102 W Printer - 3 Nos
(င) Projector - 2 Nos
(စ) Finger Print - 3 Nos
(ဆ) UPS Power Tree 1200 VA - 30 Nos
(ဇ) Dell Core i5 Laptop - 15 Nos
(ဈ) 32"TV (LED) - 10 Nos
(ည) Digital Weighting System 1Ton - 5 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၃-၅-၂၀၁၇ ရက်မှ ၂၂-၆-၂၀၁၇ ရက်အထိ နေ့စဉ် နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၇ရက် နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် (၄၆၆/ခ) နေ မနီနီကျော်၊ မကုမုဒြာတို့၏ ဖခင်အမည်မှန်မှာ ၆/၆၆ သန်းခေါင်စာရင်းအရ ဦးမြတ်သူ ၇/ကဝန(နိုင်)၁၅၃၁၁၂ ဖြစ်ပါသည်။

❍ ကျော့ဖုံးမှ

ပွဲပြီးခါနီးတွင် ချေပဂိုးနှစ်ဂိုး ပြန်ရခဲ့၍သာ ဂိုးပြတ်မရှုံးခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် အသစ်ခေါ်ထားသည့် ဂါနာ တိုက်စစ်မှူး ပက်ထရစ် အပါအဝင် လူစုံ အသုံးပြုခဲ့ပြီး ရောဝတီအသင်းမှာလည်း နိုင်ငံခြားသား ကစားသမားသုံးဦး အပါအဝင် အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၂၄ မိနစ်တွင် အသင်းခေါင်းဆောင် မင်းမင်းသူက အဝေးကန်ချက်ဖြင့် ရောဝတီအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရ၍ ရတနာပုံအသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး လှိုင်းဘိုဘို အပိုင်ကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၃၅ မိနစ်တွင် ပက်ထရစ်က ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ရတနာပုံအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း ပက်ထရစ်၊ သက်နိုင်နှင့် စည်သူအောင်တို့ အသုံးမချနိုင်ခဲ့ပေ။ လူစားဝင်ကစားသမားများဖြစ်သည့် သက်နိုင်နှင့် ဝင်းနိုင်စိုးတို့ ခြေစွမ်းပြခဲ့ပြီး ၆၃ မိနစ်နှင့် ၈၆ မိနစ်တွင် သက်နိုင်၊ ၇၁ မိနစ်တွင် ဝင်းနိုင်စိုးတို့က ရတနာပုံအတွက် ဂိုးများ သွင်းယူခဲ့သည်။ လက်ရှိကျင်းပနေသည့် ၂၀၁၇ ရာသီ MNL အမှတ်ပေး ပြိုင်ပွဲတွင် သွင်းဂိုး ၂၀၀ ပြည့်အဖြစ် ရတနာပုံတောင်ပံကစားသမား သက်နိုင်က သွင်းယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ရောဝတီအတွက် ချေပဂိုးများကို ၉၃ မိနစ်တွင် ဆီဘန်စတန်၊ ၉၆ မိနစ်တွင် မာတူနာတို့က သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် ရာသီဝက် အပြောင်းအရွှေ့ကာလတွင် ပြင်ဆင်မှုများ ပြုလုပ်ထားသော်လည်း ရလဒ်မကောင်းသေးဘဲ ရခိုင်အတွက် အနိုင်ဂိုးကို ၈၉ မိနစ်တွင် အောင်ကျော်ထွေးက သွင်းယူခဲ့သည်။

ပွဲစဉ်(၁၄)အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းက ၃၂ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၃၁ မှတ်၊ ရောဝတီအသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက အမှတ် ၂၀၊ မကွေးအသင်းက ၁၇ မှတ်၊ Southern အသင်းက ၁၅ မှတ်၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့က ၁၄ မှတ်စီ၊ ချင်းယူနိုက်တက်နှင့် GFA အသင်းတို့က ၁၀ မှတ်စီနှင့် နေပြည်တော်အသင်းက ကိုးမှတ်ရရှိထားသည်။

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးအပ်

**စစ်တွေ မေ ၂၂**

စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အသက် ၂၅နှစ်အောက် ရပ်ကွက်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို မေ ၂၂ ရက် ညနေ ၃ နာရီက စစ်တွေမြို့ ညေဝတီအားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မေ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ရာ အမျိုးသား/အမျိုးသမီး ၂၅သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဗိုလ်လုပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ အောင်မင်္ဂလာရပ်ကွက်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် မင်းဂံရပ်ကွက်အသင်းတို့ အနိုင်ရရှိကြသည်။ ဆုရရှိသောအသင်းများအား မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဆုများပေးအပ်ခဲ့ကြသည်။

**တင်ထွန်း (ပြန်/ဆက်)**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

● ဘာစီလိုနာအသင်းသည် လူးဝစ်အန်းနရစ်၏ နေရာအတွက် နည်းပြအသစ်ကို မေ ၂၉ ရက်တွင် ကြေညာလိမ့်မည်ဖြစ်ကြောင်း ကလပ်ဥက္ကဋ္ဌဖြစ်သူ ဘာတိုမြူက ထုတ်ဖော်ပြောကြားလိုက်သည်။ ဘီလ်ဘာအိုနည်းပြ ဗယ်လ်ဗာဒီကို ခန့်အပ်ရန် နီးစပ်နေကြောင်း ထွက်ပေါ်လာသော သတင်းများအရ သိရသည်။ မေ ၂၂ ရက်နံနက်က ဘာစီလိုနာအိမ်ကွင်း ကမ့်နျူး၌ အီဘာအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်သည် နည်းပြအန်းနရစ်၏ ဘာစီလိုနာအိမ်ကွင်း နောက်ဆုံးပွဲဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ သို့သော် ၎င်းသည် နောက်ရက်သတ္တတစ်ပတ်ကိုပါဒယ်ရေး ဖိုင်နယ်ပွဲစဉ်တွင် အလာဗက်စ်နှင့် ပွဲစဉ်အထိ အသင်း၌ရှိနေမည်ဖြစ်ကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။

● ဂျိုရှုဟာရော့က မေ ၂၁ ရက်ညက ရာသီပိတ်ပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် မန်ယူအတွက် ပွဲဦးထွက်ဂိုးသွင်းယူလိုက်နိုင်ခြင်းက ၎င်း၏ အိပ်မက်အမှန်တကယ်ဖြစ်လာခဲ့သည်ဟု ပြောဆိုခဲ့ကြောင်း သိရသည်။

● ဗီလာရီးရဲနောက်ခံကစားသမား မူဆာချီယိုသည် အေစီမီလန် အသင်းနှင့် ဆေးစစ်မှုခံယူနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၆ နှစ်အရွယ်ရှိ အဆိုပါကစားသမားသည် ၂၀၀၉ ခုနှစ်က ရေးဗားပလိတ်မှ ဗီလာရီးရဲအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ကြောင်းလည်း သိရသည်။ **ဇော်ဇော်**

# စီးရီးအေချန်ပီယံဆု ဂျူဗင်တပ်စ်ရယူပြီး စပိန်လာလီဂါ ချန်ပီယံဆု ရီးရဲတို့ဆွတ်ခူး

၂၀၁၆-၂၀၁၇ အီတလီစီးရီးအေချန်ပီယံအဖြစ် မေ ၂၁ ရက်ညတွင် ပွဲစဉ် (၃၇) ယှဉ်ပြိုင်အပြီး အိမ်ကွင်း၌ ဂျူဗင်တပ်စ်အသင်း ဖလားရယူခဲ့သည်။ ဂျူဗင်တပ်စ်သည် ခရိုတုန်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တစ်ပွဲအလိုတွင် အဆင့်(၂)မှ ရိုးမားကို လေးမှတ်ဖြတ်ကာ ဖလားရယူခဲ့သည်။

ဂျူဗင်တပ်စ်သည် ယခုနှစ်ဖလားရရှိခဲ့ခြင်းကြောင့် စီးရီးအေဖလား ခြောက်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ပြီး (၃၃) ကြိမ်မြောက် ဖလားရရှိခြင်းဖြစ်သည်။ ယခုနှစ်ရာသီ စီးရီးအေတွင် တန်းဆင်းရန်သေချာသွားသည့် ပါလာမိုနှင့် ပက်စ်ကာရာအသင်းနှစ်သင်း ထွက်ပေါ်လာပြီး အမ်ပိုလီနှင့် ခရိုတုန်းတို့မှာ လက်ကျန်ပွဲစဉ် တစ်ပွဲကို ရှုန်းကန်ရဦးမည်ဖြစ်သည်။ သွင်းဂိုးအများဆုံးဆုတွင်လည်း နောက်ဆုံးပွဲစဉ်အထိ အသက်ဝင်နေပြီး ၂၈ ဂိုးဖြင့် ရိုးမားမှ ဒီဇီကိုဦးဆောင်နေပြီး နာပိုလီမှ မာတန်စ်က ၂၇ ဂိုး၊ တိုရီနိုမှ ဘယ်လော့တီ ၂၅ ဂိုး၊ ဂျူဗင်တပ်စ်မှ ဟီဂူအင်နှင့် အိုင်ကာဒီတို့က ၂၄ ဂိုးစီ သွင်းယူထားသည်။ စီးရီးအေတွင် ဆုရရှိမှု အအောင်မြင်ဆုံးအဖြစ် ဂျူဗင်တပ်စ်က (၃၃) ကြိမ်ဖြင့် ရပ်တည်နေပြီး မီလန်နှစ်သင်းဖြစ်သော အေစီနှင့် အင်တာတို့က ၁၈ ကြိမ်စီရရှိကာ ဂျီနိုအာက ကိုးကြိမ်ဖြင့် ရရှိထားကြသည်။

ယခုနှစ်ရာသီ စီးရီးအေတွင် နောက်ဆုံးပွဲစဉ်၌ တန်းဆင်းဇုန် မှ ရုန်းကန်ရမည့်အသင်းများရှိသလို ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်နေရာကို တစ်မှတ်သာကွာခြားနေသည့် ရိုးမားနှင့် နာပိုလီတို့ ရုန်းကန်ရမည်ဖြစ်ပြီး ယူရိုပါလိဂ်တိုက်ရိုက်ဝင်ခွင့်နေရာအတွက်လည်း တစ်မှတ်သာကွာနေသည့် လာဇီယိုနှင့် အတ္တလန္တာတို့ အားပြိုင်ရဦးမည်ဖြစ်သည်။

**လာလီဂါချန်ပီယံ**

စပိန်လာလီဂါ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ ချန်ပီယံလမ်းကြောင်းပေါ်မှ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့နှစ်သင်း အားပြိုင်မှုကို နောက်ဆုံးပွဲစဉ် (၃၈) အဖြစ် မေ ၂၂ ရက်က အဆုံးသတ်ခဲ့သည်။ ဘာစီလိုနာသည် အိမ်ကွင်း၌ အီဗာကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သလို ရီးရဲသည်လည်း အဝေးကွင်း၌ မာလာဂါကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရီးရဲသည် ဘာစီလိုနာကို သုံးမှတ်အသာ ရမှတ် ၉၃ မှတ်ဖြင့် ဦးဆောင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ လာလီဂါ ဖလားကို ဆွတ်ခူးခဲ့သည်။

နည်းပြ ဇီဒန်းလက်ထက် ငါးနှစ် အကြာမှ ပြန်လည်ရရှိခဲ့သည့် လာလီဂါ ဖလားကို (၃၃) ကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်။ လာလီဂါတွင် အအောင်မြင်ဆုံး အသင်းအဖြစ် ဆက်လက်ရပ်တည်နေပြီး ဒုတိယနေရာတွင် ၂၄ ကြိမ်ဖြင့် ဘာစီလိုနာ၊ အက်သလက်တီကိုက ၁၀ ကြိမ်၊ ဘီလ်ဘာအိုက ရှစ်ကြိမ်၊ ဗလင်စီယာက ခြောက်ကြိမ်၊ ဆိုစီဒက်က နှစ်ကြိမ်နှင့် ဒီပို့တီဗို၊ ဆီဗီလာနှင့် ဘက်တစ်တို့က တစ်ကြိမ်စီ ရရှိထားသည်။

ယခုနှစ် လာလီဂါတွင် သွင်းဂိုးအများဆုံးအဖြစ် မက်ဆီက ၃၇ ဂိုးဖြင့် ဦးဆောင်ခဲ့ပြီး ပြိုင်ဘက် စီရော်နယ်ဒိုကို ၁၂ ဂိုးအသာဖြင့် ဆွတ်ခူးခဲ့သည်။ တန်းစီဇယားတွင် တန်းဆင်းသွားရသည့် သုံးသင်းမှာ ဂီဂွန်၊ အိုဆာဆူနာနှင့် ဂရန်နာဒါတို့ဖြစ်သည်။

နည်းပြ ဇီဒန်းသည် ရီးရဲမက်ဒရစ်ကို ၂၀၁၆ ခုနှစ်တွင် တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ချန်ပီယံလိဂ်ဖလားကို ရယူပေးခဲ့သလို ယူအီးအက်ဖ်အေစူပါဖလား၊ ကမ္ဘာ့ကလပ်ချန်ပီယံနှင့် လက်ရှိလာလီဂါဖလားတို့ ရယူပေးခဲ့သည်။ နောက်ထပ် မျှော်လင့်စရာ ဖလားတစ်လုံးဖြစ်သော ၂၀၁၆-၂၀၁၇ ချန်ပီယံလိဂ်ဖလားကြီးသည် ဇွန် ၄ ရက်တွင် စောင့်မျှော်လျက်ရှိနေသည်။ ယင်းဖလားသာ ဆွတ်ခူးခဲ့လျှင် ဇီဒန်းနှင့် ရီးရဲမက်ဒရစ်အသင်းသည် နှစ်နှစ်ဆက်တိုက် ချန်ပီယံအဖြစ် စံချိန်သစ် တင်နိုင်မည် ဖြစ်သည်။

**သီဟ**


## ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ မန့်ပန်ကျေးရွာနေ မောင်အနိုင်အွန်၊ မယေသိန်းဦးတို့၏ ဖခင်အမည်မှန်မှာ ဦးညမ်းမောင် NKM-၁၂၃၃၄၁ ဖြစ်ပါကြောင်း။

**ဦးညမ်းမောင်**

## မိဘအမည်မှန်

ဒေးဒရဲမြို့၊ မြို့မ အမက ပဉ္စမတန်းတွင် ပညာသင်ကြားနေသော မောင်အေးမင်းသန့်၏ မိဘအမည်များမှာ ဦးတင်ထွန်း-ဒေါ်ဖြူဖြူဝင်းတို့ဖြစ်ပါကြောင်း။

**ဦးတင်ထွန်း-၁၄/ဒဒရ(နိုင်)၀၁၅၆၈၂**
**ဒေါ်ဖြူဖြူဝင်း-၁၂/ကမန(နိုင်)၀၅၇၇၇၅၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်အောင်၏ CDC-NO. 85397 ပါ All in One စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၅၀၇၂၄၄၆**

## CLAIMS DAY NOTICE
## M.V ASIAN LEADER VOY:NO(9)

Consignees of car go carried by M.V ASIAN LEADER VOY:NO(9) are here by notified that the vessel will arrive on about 25-5-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00) AM to (11:20)AM and (12:00) NOON to (04:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims againts this vessel will be adamitted after the Claims Day. မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LANDING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)၊ သီဟတပ်ခွဲ နှစ်(၃၀)ပြည့် ပုလဲရတုကျောင်းဆင်းနှစ်ပတ်လည်နေ့

၂၀၁၇ခုနှစ်၊ မေလ(၂၉)ရက်နေ့ဆိုရင် ကျောင်းဆင်းတာ နှစ်(၃၀)ပြည့်မြောက်တော့မှာမို့ နှစ်ပတ်လည်အထိမ်းအမှတ်ကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။ သူငယ်ချင်းများအားလုံး ကျဆုံး/ကွယ်လွန်သူတို့၏ မိဘများ၊ ဇနီးသားသမီးများ၊ ညီအစ်ကိုမောင်နှမများ တက်ရောက်နိုင်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(၁) ကျဆုံး/ကွယ်လွန်သူများအတွက် တရားနာဆွမ်းကျွေးအစီအစဉ်
ရက်-၂၇-၅-၂၀၁၇(စနေနေ့)
အချိန်-(၀၉:၃၀)နာရီ
နေရာ-ရွှေပြည်တော်ကျောင်းတိုက်၊လှည်းတန်းလမ်း
(ကမာရွတ်မြို့နယ်၊ ရဲစခန်းအနောက်)

(၂) ဂေါက်သီးရိုက်ပြိုင်ပွဲ
ရက်-၂၈-၅-၂၀၁၇(တနင်္ဂနွေနေ့)
အချိန်-(၀၆:၀၀)နာရီ
နေရာ-တပ်မတော်ဂေါက်ကွင်း

(၃) နည်းပြအရာရှိများအား ကန်တော့ခြင်းနှင့်မိတ်ဆုံညစာစားပွဲ
**ရက်** - ၂၈-၅-၂၀၁၇(တနင်္ဂနွေနေ့)
**အချိန်** - (၁၈:၀၀)နာရီ
**နေရာ** - Western Park Ruby(ပြည်သူ့ရင်ပြင်)(ပြည်လမ်းဘက်မှဝင်ရန်)

ဆက်သွယ်ရန်-(ရန်ကုန်)
၀၉-၇၃၅၇၇၇၇၇၊ ၀၉-၅၄၀၀၀၀၉၊ ၀၉-၅၀၅၆၄၉၆၊ ၀၉-၅၀၀၄၆၈၂၊ ၀၉-၅၀၃၁၇၀၉၊
(နေပြည်တော်)
၀၉-၄၉၂၀၁၃၆၈၊ ၀၉-၄၉၂၀၉၆၅၃၄၊ ၀၉-၅၀၂၄၆၄၂

## ဆရာအာသာ SUCCESS LANGUAGE ACADEMY

202046 392048 256954
Y.W.C.A ခန်းမ၊ အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း

ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်း ကလေးများအတွက်
Level-၅ ဆင့်ခွဲ၍ထိရောက်စွာသင်ကြားမည့်
4-Skill English သင်တန်းများ
Sat + Sun (တစ်ပါတ် ၂ ရက်)
9:30 to 11:30 a.m.
June 3 စပါမည်။
ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၅-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၀တွင်ပါရှိသော အများသိစေရန် ကြော်ငြာတွင် မြေရှင် ဒေါ်သန်းနု ၁၂/တမန(နိုင်)၀၈၃၁၂၃ ၏ လိပ်စာမှာ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ D8, 201, 203 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်သန်းနု ၁၂/တမန(နိုင်)၀၈၃၁၂၃**

## လှိုင်မင်းလတ်

စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်။
LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 7-9 | (am) | 17.June |
| Sec(B) | Sat+Sun | 9-11 | (am) | 24.June |
| Sec(C) | Sat | 11-3 | (pm) | 1.July |
| Sec(D) | Sun | 11-3 | (pm) | 2.July |
| Sec(E) | Mon+Tue | 6-8 | (pm) | 3.July |
| Sec(F) | Fri | 12-4 | (pm) | 7.July |
| Sec(G) | Mon to Fri | 1-4 | (pm) | 3.July |

| Level III | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 | (pm) | 24.June |
| Sec(B) | Wed to Sun | 6- 8 | (pm) | 28.June |
| Sec(C) | Mon to Fri | 8-12 | (am) | 4.July |

June/July တန်းခွဲသစ်စမည်
နံ့ပါတ်ယူ ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်

## Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | သွင်<br>၀၁-၃၇၂၅၉၄<br>၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁)<br>သိမ်ကြီးဈေး<br>၀၁-၂၄၃၀၅၇<br>၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ<br>၀၉၂၆၀၈၈၇၀၃၅<br>၀၉၂၆၀၈၈၇၀၃၆<br>၀၁ ၂၃၀၃၁၆၅ |
| Top Royal<br>(စိန်ဂေဟာ-ပါရမီ)<br>၀၉၄၂၀၁၈၂၉၁<br>၀၉၄၂၀၁၈၂၉၂ | မင်္ဂလာ ဂမုန်းပွင့်<br>လှည်းတန်း - စံရိပ်မြိုင်<br>၀၉ ၇၇၉၀၅၄၆၇၁<br>၀၉ ၇၇၉၀၅၄၆၇၂<br>၀၉ ၇၇၉၀၅၄၆၇၃ | မင်္ဂလာထွန်းသီရိ<br>(ပြည်)<br>၀၉၇၉၁၁၈၃၇၅၁<br>၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာ<br>ICON Mall - ပဲခူး<br>၀၉၄၅၆၆၀၀၁၁၅<br>၀၉၄၅၆၆၀၀၁၁၆ |

| | | | | |
|---|---|---|---|---|
| မန္တလေး<br>ဝင်းလိုက်<br>၀၂-၃၉၁၂၈<br>၀၂-၆၀၂၉၁ | မန္တလေး<br>မြို့မ<br>၀၂-၃၉၁၃၆<br>၀၂-၃၉၁၃၇ | မင်္ဂလာ<br>မန်းနေပြည်တော်<br>၀၉၉၆၀၉၁၁၂၁၁<br>၀၉၉၆၀၉၁၁၃၁၁ | မင်္ဂလာစံပြ<br>(မကွေး)<br>၀၉ ၇၆၈၅၂၅၇၄၁<br>၀၉ ၇၆၈၅၂၅၇၄၂<br>၀၉ ၇၆၈၅၂၅၇၄၃ | NEW 3D Cinema<br>တောင်ငူ<br>၀၉၈၆၆၆၄၅၅<br>၀၉၇၇၅၃၅၈၉၉၁-၂ |




# ပြင်ဦးလွင်ရှိရေတံခွန်များတွင် ရေများနေ၍ဧည့်သည်များသတိပြုလည်ပတ်သင့်



**ပြင်ဦးလွင် မေ ၂၂**

ပြင်ဦးလွင်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်တွင်းရှိ ရေတံခွန်များ၌ ရေများနေပြီး ရေစီးသန်လျက်ရှိရာ ရေတံခွန်များဆီသို့ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များအနေဖြင့် သတိထားလည်ပတ်သင့်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့၏ အထင်ကရ ရေတံခွန်ကြီးများဖြစ်သော အနီးစခန်းရှိ ဓာတ်တော်ချိုင့် ရေတံခွန်၊ ဝက်ဝံရှိ ပိတ်ချင်းမြောင် ရေတံခွန်၊ ပွဲကောက်ကျေးရွာရှိ ဘီအီးရေတံခွန်တို့၌ လာရောက်လည်ပတ်သူ များပြားလျက်ရှိနေပြီး အဆိုပါ ရေတံခွန်ကြီးများတွင် မကြာခဏဆိုသလို ရေနစ်သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ရှိ မြို့ခံတစ်ဦးက "ရေတံခွန်တွေမှာ ရေနစ်သေဆုံးတာတွေကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် မတော်တဆဖြစ်ပြီး သေဆုံးရတာထက် ဧည့်သည်တွေ ကိုယ်တိုင်က အပျော်ကြူးပြီး သတိမထားကြဘဲ မဆင်မခြင်ပြုမှုကြောင့် သေဆုံးရတာကို တွေ့နေရတယ်။ အန္တရာယ်ရှိကြောင်း သတိပေးဆိုင်းဘုတ်တွေ ချိတ်ဆွဲထားတဲ့နေရာတွေကို တမင်သွားနေကြတယ်။ ရေမချိုးရ၊ မဖြတ်သန်းရဆိုတဲ့ နေရာတွေမှာ ရေချိုးကြ၊ ဖြတ်သန်းသွားလာကြတာတွေ လုပ်နေကြတယ်။ အခုလို ရေများနေချိန်မှာ ဧည့်သည်တွေကိုယ်တိုင်က သတိထားသွားလာလည်ပတ်သင့်တယ်" ဟု ပြောသည်။

ပြင်ဦးလွင်မြို့ရှိ ရေတံခွန်များမှာ သဘာဝတောတောင်ကြီးများနှင့် လှပစွာတည်ရှိနေပြီး အပန်းဖြေလေ့လာလည်ပတ်စရာ နေရာကောင်းများဖြစ်နေသော်လည်း မကြာခဏဆိုသလို ရေနစ်သေဆုံးမှုများရှိနေကြောင်း သိရသည်။

"တကယ်တော့ အပန်းဖြေနေရာဆိုတာပန်းခြံနဲ့ ပန်းဥယျာဉ်ကြီးပဲ ဖြစ်ဖြစ်၊ ရေတံခွန်တွေပဲဖြစ်ဖြစ်၊ တခြားနေရာဒေသတွေပဲဖြစ်ဖြစ် လူအများနေ့စဉ်ဝင်ထွက်သွားလာနေကြလို့ ဒီလိုသေဆုံးမှုမျိုး မဖြစ်သင့်ဘူး။ ဒီလိုသာမကြာခဏသေဆုံးနေကြမယ်ဆိုရင် လူတွေအတွက် အပန်းဖြေနေရာတစ်ခု မဖြစ်နိုင်တော့ဘူး။ အန္တရာယ်ရှိနိုင်တဲ့ နေရာတစ်ခုအဖြစ် မသွားမလာသင့်ကြောင်း သတ်မှတ်ရတော့မှာပါ။ ဒီလိုမဖြစ်အောင် ပြည်သူတွေ စိတ်ချမ်းသာစွာနဲ့ သွားလာအပန်းဖြေနိုင်အောင် လာရောက်ကြသူတွေ အပေါ်မှာလည်း အများကြီး တာဝန်ရှိပါတယ်။ အားလုံးက အသိတရားလေးနဲ့ သတိထားသင့်ပါတယ်"ဟု ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မြန်မာ့သရက်သီးပွဲတော်၊ လက်ဖက်ပွဲတော်နှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲကျင်းပ

**မန္တလေး မေ ၂၂**

မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြန်မာ့သရက်သီးပွဲတော်၊ ပထမအကြိမ်မြောက် မြန်မာ့လက်ဖက်ပွဲတော်နှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲ(၂၀၁၇) ဖွင့်ပွဲကို မေ ၂၀ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၈ လမ်းနှင့် ၇၃ လမ်းကြား သဇင်လမ်းနှင့် ငုရွှေဝါလမ်းရှိ အားကစားနှင့် ကာယပညာသိပ္ပံခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဦးဖိုးသန်းနှင့် ပြပွဲကျင်းပရေး တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။

ယင်းနောက် သရက်သီးပြိုင်ပွဲ၌ ဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြု မှတ်တမ်းလွှာများ ချီးမြှင့်ပေးခဲ့ကြပြီး သရက်သီးနှင့်လက်ဖက်ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာနှင့် ဈေးကွက်ဆိုင်ရာဟောပြောပွဲ၊ စီးပွားရေးဆိုင်ရာ ဆွေးနွေးခြင်း၊ တောင်သူများ အသိပညာဖလှယ်ပွဲများ ဆက်လက်ကျင်းပသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ဟောပြောပွဲကို မေ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရ သည်။

**ခင်ခင်ဝင်း(ပညာရေး)**



**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ မေလတတိယပတ်က မိတ္ထီလာခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့က မြို့နယ် မြို့မစည်ပင်သာယာဈေးအတွင်း ဆေးဝါးနှင့် စားသောက်ကုန်များအား ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများပြုလုပ်ခဲ့စဉ်**
ဘိုဘို ( မလှိုင် )

# ဖယ်ခုံမြို့နယ်၌ အမှိုက်စနစ်တကျ စွန့်ပစ်သည့်အလေ့အကျင့်ပြုလုပ်

**ဖယ်ခုံ မေ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကို ပြည်သူများကိုယ်တိုင် ၂၀၁၃ ခုနှစ်မှ စတင်လျက် လေ့ကျင့်ပြုစုပျိုးထောင်မှုများ ပြုလုပ်ခဲ့ကြရာ ယခုအခါ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

"မြို့ပေါ်ရပ်ကွက်တွေမှာသာမက ကျေးရွာတွေရဲ့ လမ်းဘေးဝဲယာနဲ့ နေအိမ်ခြံဝင်းတွေထဲမှာ အမှိုက်ပုံး၊ အမှိုက်အိတ်တွေ စနစ်တကျထားရှိပြီး အမှိုက်တွေကို ပြည်သူတွေကိုယ်တိုင် သတ်မှတ်ထားတဲ့ အမှိုက်ကျင်းနေရာမှာ အလုည့်ကျစနစ်နဲ့ စွန့်ပစ်ကြရတာဖြစ်ပါတယ်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာကို ဒေသခံပြည်သူအများစုက ရှက်စရာအလုပ်လို့ နားလည်လာကြတာကြောင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူတွေ နည်းပါးလာလို့ မြို့နဲ့ ကျေးရွာတွေ သန့်ရှင်းသာယာလှပလာတာ ဖြစ်ပါတယ်" ဟု ဖယ်ခုံမြို့ လကျီနွဲ့ကျေးရွာနေသူ တစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်၌ ကယန်းမျိုးချစ်၊ ကယန်းမျိုးဆက်သစ်၊ ဟိတရေ အစရှိသည့် လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းထားရှိပြီး အဆိုပါ လူမှုရေးအသင်းအဖွဲ့များ၏ ရှေ့ဆောင်လမ်းပြ ကောင်းမွန်မှုကြောင့် ယခုလို မြို့နယ် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများတွင် သာမက အခြား သာရေး၊ နာရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကိစ္စများတွင်လည်း ပြည်သူလူထုကိုယ်တိုင် အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်လာကြခြင်းဖြစ်ကြောင်း သိရသည်။

ဖယ်ခုံမြို့နယ်သည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ဘက်အစွန်ဆုံးတွင် တည်ရှိပြီး အကျယ်အဝန်း ၅၁၆၈၈၀ဧက၊ ရပ်ကွက် ခုနစ်ရက်ကွက်၊ ကျေးရွာအုပ်စု၂၉စု၊ ကျေးရွာပေါင်း ၂၁၁ ရွာရှိပြီး ရှမ်း၊ ကယန်း၊ အင်းသား၊ ပအိုဝ်း၊ လီဆူ၊ ကယား၊ ဗမာစသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြကာ လူဦးရေ စုစုပေါင်း တစ်သိန်းကျော်ရှိကြောင်း သိရသည်။ ယင်းမြို့နယ်တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသူများသည် ဘာသာရေးလုပ်ငန်းများ၌ ဘာသာတရား ခွဲခြားမှုမရှိဘဲ ညီညွတ်စွာပူးပေါင်းဆောင်ရွက်တတ်ကြသည့် အလေ့အထကောင်းရှိနေခြင်းကြောင့် မြို့နယ်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် လွယ်ကူမှုရှိကြောင်း ဌာနဆိုင်ရာဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုအခါ ဖယ်ခုံမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ခုနစ်ခုတွင် သာမက ကျေးရွာပေါင်း ၂၁၁ရွာတွင်လည်း အမှိုက်များ စနစ်တကျစွန့်ပစ်သည့်အလေ့အကျင့်ကို ပြုစုပျိုးထောင်အောင်မြင်လျက်ရှိရာ မြန်မာနိုင်ငံအတွင်း အခြားမြို့ရွာများအတွက် စံပြုစရာမြို့နယ်အဖြစ် တည်ရှိလျက် ရှိကြောင်းသိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# တစ်လမ်းမောင်းစနစ်လိုက်နာတတ်စေရန် ဆောင်ရွက်

**ညောင်လေးပင် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးပတ်ဝန်းကျင်၌ လမ်းအဝင်အထွက်တစ်လမ်းမောင်းစနစ်လိုက်နာတတ်စေရန်နှင့် စည်းကမ်းတကျရှိရေးကို မေ ၁၉ ရက်မှ စတင်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဈေးသည်များအား စနစ်တကျရောင်းချစေရန်နှင့် ဈေးအနောက်လမ်းကို အဝင်လမ်းအဖြစ် လည်းကောင်း၊ ဈေးအရှေ့လမ်းကို အထွက်လမ်းအဖြစ် လည်းကောင်း တစ်လမ်းမောင်းစနစ်သတ်မှတ်၍ စနစ်တကျ ဝင်ထွက်လိုက်နာတတ်စေရန်အတွက် ဧပြီ ၁၉ ရက်က ဆောင်ရွက်ခဲ့သော်လည်း စည်းကမ်းလိုက်နာမှု အားနည်းသောကြောင့် ယခုအခါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် သတိပေးခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများက သတ်မှတ်နေရာများတွင် အသိပညာပေးညွှန်ပြခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းကို ဩဂုတ်လကုန်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလကျော်လွန်ပါက အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# ရမည်းသင်းမြို့တွင် စွန့်ဦးတီထွင်စီးပွားရေးသင်တန်းဖွင့်

**ရမည်းသင်း မေ ၂၂**

ဂျာမနီနိုင်ငံနှင့် ILO အသိအမှတ်ပြု မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ စိန်လသာ စီးပွားရေးသင်တန်းကျောင်းမှ စွန့်ဦးတီထွင် စီးပွားရေးသင်တန်းကို ရမည်းသင်းမြို့ သစ္စာလမ်းမီးသတ်ရုံအနီး အမေထွေးခန်းမတွင် မေ ၂၀ ရက်က ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါ စွန့်ဦးတီထွင်စီးပွားရေးသင်တန်းတွင် GYB (Generate Your Business) and SYB (Start Your Business) သင်ရိုးကို ဦးဇော်မင်းစိုး (စိန်လသာ)နှင့် ဦးကျော်စွာလွင်တို့က သင်ကြားပို့ချပေးခြင်းဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၀၊၂၁ ရက်နှင့် မေ ၂၇၊ ၂၈ ရက်(စနေ-တနင်္ဂနွေနေ့)များ၌ သင်ကြားပို့ချခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့စွန့်ဦးတီထွင်စီးပွားရေးသင်တန်းများကို ရမည်းသင်းမြို့ စိန်လသာ စီးပွားရေးသင်တန်းကျောင်းမှ နေပြည်တော်၊ တပ်ကုန်းမြို့၊ ရမည်းသင်းမြို့ ပျော်ဘွယ်မြို့နှင့် မန္တလေးမြို့အစရှိသော မြို့များ၌ အကြိမ် ၂၀ ကျော် ဖွင့်လှစ်သင်ကြားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ရေလိုအပ်နေသူများအားရေလှူဒါန်းပေး

**မော်လမြိုင် မေ ၂၂**

မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်တင်ထွန်းဦး ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပါဝင်သောအဖွဲ့သည် မေ ၁၃ ရက်မှ ၂၀ ရက်အထိ မြိုင်သာယာရပ်ကွက်အတွင်း ၇ လမ်း၊ ၈ လမ်း၊ ၁၃ လမ်း၊ ၁၄ လမ်း၊ ၁၅ လမ်းနှင့် ဦးစစ်မောင်လမ်းများရှိ ပြည်သူများအား ရေအခက်အခဲကြုံတွေ့ရသည့် လမ်းများ၌ ရေသယ်ယာဉ် ၁၅ စီးဖြင့် သုံးရေဂါလန် တစ်သိန်းရှစ်သောင်းကျော်ကို အိမ်တိုင်ရာရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြိုင်သာယာနယ်မြေရဲစခန်းအပိုင်းအတွင်းရှိ ရပ်ကွက် / ကျေးရွာခုနစ်ရွာအတွင်း သောက်သုံးရေ ခက်ခဲမှု ကြုံတွေ့နေရသော ပြည်သူများရေလိုအပ်လျှင် မြိုင်သာယာနယ်မြေရဲစခန်းသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ရခိုင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီဖွဲ့စည်း

**စစ်တွေ မေ ၂၂**

ရခိုင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီဖွဲ့စည်းခြင်းအစည်းအဝေးကို စစ်တွေမြို့ရှိ ပြည်နယ်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မေ ၂၀ ရက်ကပြုလုပ်ရာ ပြည်နယ်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမောင်မောင်တက်ရောက်ပြီး လွတ်လပ်သော ပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီ ဖွဲ့စည်းရေးအတွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် စာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီကို ဖွဲ့စည်းကြရာ ဥက္ကဋ္ဌ ဇဂျီးကျော်(စစ်တွေ)၊ ဒုတိယဥက္ကဋ္ဌ လေးဝတီထွန်း စောခိုင်၊ အတွင်းရေးမှူး လွမ်းပြေအောင်(စစ်တွေ)၊ ဘဏ္ဍာရေးမှူး ဦးသန်းရွှေ (ရွှေသဇင်)နှင့်အဖွဲ့ဝင် ခုနစ်ဦးပါ ရခိုင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီကို ဖွဲ့စည်းကြသည်။ ယင်းနောက်ဥက္ကဋ္ဌ ဇဂျီးကျော်(စစ်တွေ)က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**

# တိုင်းရင်းဆေးဖြင့်အခမဲ့ကွင်းဆင်းကုသပေး

**ပုသိမ်ကြီး မေ ၂၂**

မန္တလေးခရိုင် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဒေါ်မေကြည်ဦးနှင့် ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးမှူး ဦးသစ်လွင်နှင့် အဖွဲ့သည် မေ ၁၈ရက်က ရေကြည်ကျေးရွာအုပ်စု သရက်တောကျေးရွာ (ဂေါက်ကွင်း) ဓမ္မာရုံ၌တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးက တိုင်းရင်းဆေးပညာအကြောင်း ဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူ ၁၃၄ ဦးအား သွေးတိုး၊ ဆီးချိုအစရှိသည့် ရောဂါများကို အခမဲ့ကုသပေးခဲ့ကြကြောင်း၊ ယင်းနောက် တိုင်းရင်းဆေးကုသရေး အဖွဲ့သည် ဆေးသဲတောင်ပေါ်ရှိ သဘာဝပရဆေးပင်များ ရှာဖွေလေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# မဟာမြိုင်တောကြီးအတွင်း သာသနာတော်ထွန်းလင်းစေတော့မည်

## မင်းထက်အောင်(မန်းကိုယ်ပွား)



စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်းရှိ စုံနံ့သာမြိုင်၊ စုံတောမြိုင်၊ ဂန္ဓာမြိုင်၊ မဲဇာမြိုင်၊ အင်ကြင်းမြိုင်စသည့် မြိုင်ငါးမြိုင်စုပေါင်းထားသော မဟာမြိုင်တောကြီးအလယ် ဗဟိုချက်မတွင် သာသနာတော်အထွန်းကားဆုံးနေရာအဖြစ် အဓိဋ္ဌာန်ပြု ဆောင်ရွက်တော်မူနေသော သဲဖြူဆရာတော် အရှင် ဘဒ္ဒန္တပညာဇောတသီတင်းသုံးရာ မဟာမြိုင်တောကြီးအတွင်းသို့ ကြားသိသူ ဒါယကာ၊ ဒါယိကာမအပေါင်းတို့ သွားရောက်ဖူးမြော်လှူဒါန်းလျက်ရှိနေကြသည်။

ဆရာတော်ကြီးသည် မူလက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ သဲဖြူတောရတွင် သီတင်းသုံးကာ ဝိပဿနာကမ္မဋ္ဌာန်းတရားများ ကိုယ်တိုင်ပွားများ အားထုတ်လျက်ရှိသည့်အပြင် ယောဂီများကိုလည်း တရားစခန်းများ ဖွင့်လှစ်ပြသပေးလျက်ရှိပြီး ၂၀၀၈ ခုနှစ်တွင် မဟာမြိုင်တောကြီးအတွင်းသို့ သုံးလအဓိဋ္ဌာန်ဖြင့် ကျင့်ကြံအားထုတ်ရန် ကြွရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဘုန်းဘုန်းဒီတောကြီးကိုလာတော့ လမ်းမှာ ဒေသခံဒါယကာ၊ ဒါယိကာမတွေက တောကကြမ်းတယ်။ အခက်အခဲ၊ အဟန့်အတားမျိုးစုံရှိလို့ မသွားဖို့တားခဲ့တယ်။ တောထဲကိုရောက်တော့လည်း တောကနက်လွန်းတော့ ဘယ်မှာ တရားကျင့်ရမှန်းမသိဘူး ဖြစ်နေတုန်း လူတစ်ယောက်က လမ်းပြတဲ့အပြင် ညာဘက်တောင်ပေါ်ကို ကြွပါဘုရားလို့ ပြောတဲ့အတွက် ကြွသွားတဲ့အခါမှာ ကမ္ဘာလုံးဘုရားပေါ် ရောက်သွားခဲ့တယ်။ အဲ့ဒီဘုရားမှာပဲ စပြီး တရားကျင့်ဖြစ်ခဲ့တယ်"ဟု ဆရာတော်က မိန့်ကြားသည်။

ထို့ပြင် ဆရာတော်က မဟာမြိုင်တောကြီးအတွင်း သာသနာတော် အထွန်းကားဆုံးဖြစ်စေရန် အဓိဋ္ဌာန်ပြု ဆောင်ရွက်တော်မူရခြင်းအကြောင်းကိုလည်း ယခုကဲ့သို့မိန့်ကြားခဲ့ပါသည်။

"၂၀၀၉ ခုနှစ်က စပြီးတော့ မဟာမြိုင်တောအလယ်မှာရှိတဲ့ ကုန်းမြင့်နေရာကို ဒီပါအေးမြကုန်းတော်လို့ သမုတ်ပြီး ပန္နက်ရိုက်စတင်တည်ခဲ့ပါတယ်။ အဲ့ဒီမှာလည်း အခက်အခဲတွေအများကြီး ကြုံခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ တောကြီးထဲမှာ ၁၀၈ တောင်အမြင့်ဆောင်တဲ့ လေးကျွန်းရန်အောင် စေတီတော်ကြီး ပေါ်ထွန်းလာဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ အုတ်၊ ဘိလပ်မြေစတဲ့ ကုန်ကြမ်းကအစ အလုပ်သမားအဆုံး အလွယ်တကူ မရနိုင်ဘူး။ ဒီတောထဲမှာ ရေမထွက်တဲ့အပြင် အနှောင့်အယှက်တွေကလည်း အလွန်များပြားတော့ တရားကျင့်ကြံအားထုတ် မေတ္တာပို့မှုတွေလည်း အကြိမ်ကြိမ်ပြုလုပ်ခဲ့လို့ ရေလည်းရခဲ့တယ်။ အဓိဋ္ဌာန်ပြုပြီး နောက်ပိုင်းမှာ နိုင်ငံတော်အစိုးရဌာနတွေနဲ့အတူ အလှူရှင်တွေကလည်း ကုသိုလ်ပါဝင်လာခဲ့ကြတဲ့အတွက် ၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်နေ့မှာ ရှင်အပါး ၆၀၂၀ ကို အလှူရှင်ရဲ့ပံ့ပိုးမှုနဲ့အတူ သာသနာ့ဘောင်သွတ်သွင်းပြီး လပြည့်နေ့မှာ သံဃာတော်တွေဝန်းရံပြီး ထီးတော်တင်လှူပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ် "ဟု ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် ဆရာတော်ကြီးက မဟာမြိုင်တောအတွင်း လက်ရှိဆောင်ရွက်တော်မူနေသည့် သာသနာပြုလုပ်ငန်းများနှင့် ရှေ့အနာဂတ်တွင်ဆောင်ရွက်သွားရန် အဓိဋ္ဌာန်ပြုထားသည့် လုပ်ငန်းများအကြောင်းကိုလည်း ဆက်လက် မိန့်ကြားပေးပါရန် လျှောက်ထားရာ-

"ဒီနေရာကြီးက ရှေးဘုရားရှင်တွေ လက်ထက်ကတည်းက သာသနာပြုတဲ့နေရာကြီး ဖြစ်ခဲ့တယ်။ ဒီတော့ ဘုန်းဘုန်းတို့ကလည်း ကမ္ဘာမှာ အထွန်းကားဆုံးနေရာကြီးဖြစ်အောင် လုပ်မယ်လို့ အဓိဋ္ဌာန်ထားတယ်။ ဒီတောကြီးကို အလှဆင်တာပေါ့။ လက်ရှိမှာ တရားဟောခန်းမ၊ ဆွမ်းစားဆောင်၊ ကွန်ပျူတာဆောင်နဲ့ ယောဂီဆောင်တွေ ဆောက်ထားပါတယ်။ နှစ်စဉ်ကျွန်းပင် တစ်သိန်း ပြန်ပြီးတော့လည်း စိုက်သွားမယ်။ ယောဂီတွေနေဖို့ အဆောက်အအုံတွေ၊ တရားကျင့်ကြံဖို့ ဓမ္မဟောခန်းတွေကိုသင့်တော်သလို ဆောက်သွားမယ်။ နောက်ပြီး ဒီကျောင်းတိုက်ကနေ ဆယ်မိုင်လောက်ဝေးတဲ့ တောထဲမှာ ရန်မဆက်စေတီတစ်ဆူ တည်ထားပြီးပါပြီ။ တောအတွင်းမှာရှိတဲ့ အကြံကောင်းကုန်းတော်ပေါ်မှာ ရန်ကုန်မြို့က ရွှေတိဂုံစေတီတော်ပုံစံတူ စေတီတစ်ဆူလည်း တည်ထားကိုးကွယ်ဖို့ ပန္နက်ရိုက်ထားပြီးပြီ။ မဟာမြိုင်တောထဲမှာ ခေတ်မီဆေးရုံတစ်ရုံကိုလည်း ဆောက်မယ်။ မိဘမဲ့ကလေးတွေနဲ့ ကျောင်းမတက်နိုင်တဲ့ကလေးတွေအတွက် လက်ရှိဖွင့်ထားတဲ့ အထက်တန်းကျောင်းကနေ တက္ကသိုလ်အထိတိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ဆုံးဖြတ်ထားတယ်။ ဒီမဟာမြိုင်တောမှာ လျှပ်စစ်မီးမရှိတဲ့အတွက် မီးရရှိဖို့ ကိုယ်ပိုင်မီးစက်မောင်းပြီး လုပ်ဆောင်နေရတယ်။ မီးရရှိဖို့ကိုလည်း အလှူရှင်တွေ ပါဝင်လှူဒါန်းမှုနဲ့အတူ လိုင်းကြိုးသွယ်တန်းဖို့ တိုင်းတာမှုတွေ ပြုလုပ်ပြီးသွားပြီ။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်း တင်ပြထားတယ်" ဟု မိန့်ကြားသည်။

မဟာမြိုင်တောကြီးအတွင်း သီတင်းသုံးကာ အဓိဋ္ဌာန်ပါရမီကို ကျင့်ကြံအားထုတ်၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူနေသော ဆရာတော်ကြီး လက်ရှိမြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိန့်ကြားခဲ့ပြန်ရာ "ဘုန်းဘုန်းတို့အမြင်အရပြောပြရမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာက ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်၊ နာဂစတဲ့ တိုင်းရင်းသားတွေ စုပေါင်းနေထိုင်ကြတဲ့မိသား စုတစ်ခုလိုပဲ။ မိသားစုတစ်ခုလို နေထိုင်ကြတဲ့အိမ်မှာ တစ်ယောက်တစ်ပေါက်ဖြစ်နေကြရင် စည်းလုံးမှုမရှိဘူးပေါ့။ စည်းလုံးမှုမရှိရင် ဒီအိမ်ဟာ မတိုးတက်ဘူးလို့ မြင်တယ်။ ဥပမာပြောမယ်။ ဂျပန်နိုင်ငံမှာ ဟီရိုရှီးမားမြို့နဲ့ နာဂရှီးမားမြို့ကို အမေရိကန်က အဏုမြူဗုံးကြဲလိုက်တယ်။ မြို့နှစ်မြို့လုံးပြာကျသွားတယ်။ အဲ့တော့ ဒီအင်္ဂလိပ်က ဂျပန်ရဲ့ ရန်သူပဲလေ။ ဒါပေမယ့် ဂျပန်ကရန်သူဖြစ်တဲ့သူကို သည်းခံခွင့်လွှတ်ပြီး ပေါင်းသင်းမှ သူတို့နိုင်ငံတိုးတက်မယ်ဆိုတဲ့ အမြင်ဖြစ်လာတော့ လက်ဆွဲနှုတ်ဆက်ပြီး ပြန်ပေါင်းသင်းတယ်။ ကျုပ်တို့နိုင်ငံက လူတွေဟာ ဒီအင်္ဂလိပ်လောက်တော့ မဆိုးသေးဘူး။ အကုန်လုံးစည်းစည်းလုံးလုံးနဲ့ လုပ်နိုင်ရမယ်။ ခွင့်လွှတ်နိုင်ရမယ်။ ဘုန်းဘုန်းတို့ နိုင်ငံက သူများနိုင်ငံတွေထက်နောက်ကျခဲ့ပြီ။ ဒီအချိန်မှာ အကုန်လုံးညီညီညွတ်ညွတ်နဲ့ လုပ်ရမယ့်အချိန် ရောက်နေပြီ။ အကုန်လုံးစည်းစည်းလုံးလုံးနဲ့ လုပ်နိုင်ရမယ်။ ခွင့်လွှတ်နိုင်ရမယ်။ တစ်ယောက်အပြစ် တစ်ယောက်ပြောနေလို့ကတော့ ဘယ်တော့မှ မဆုံးတော့ဘူး။ မသင့်တော်ဘူး။ နိုင်ငံက စီးပွားရေး၊ ကျန်းမာရေး စတာတွေလည်း အောက်ဆုံးအဆင့်မှာ ရှိနေတယ်။ ပညာရေးကလည်းသူများနိုင်ငံအောက် ရောက်နေပြီ။ အဲ့ဒီတော့ အကုန်သင်ပုန်းချေပြီး ဝိုင်းဝန်းဆောင်ရွက်ကျရင် ကျုပ်တို့နိုင်ငံကြီးတိုးတက်မယ်လို့ မြင်တယ်။ တစ်မျိုးသားလုံး ညီညီညွတ်ညွတ်နဲ့ လုပ်လိုက်ရင် ကျုပ်တို့နိုင်ငံဟာ ကမ္ဘာမှာထင်ရှားတဲ့ နိုင်ငံတစ်ခုဖြစ်သွားနိုင်ပါတယ်" ဟု ဆရာတော်ကြီးက ဩဝါဒစကားမိန့်ကြားပေးသည်။

သဲဖြူဆရာတော် အရှင်ဘဒ္ဒန္တပညာဇောတသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် မိုးတောင်ကျေးရွာဇာတိဖြစ်ပြီး ခမည်းတော် ဦးမောင်နှင့် မယ်တော် ဒေါ်ဖွားစံတို့မှ ၁၃၂၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့တွင် ဖွားမြင်တော်မူခဲ့ပြီး မွေးချင်းခုနစ်ဦးအနက် အငယ်ဆုံးဖြစ်ကာ သက်တော် ၁၁ နှစ်အရွယ်တွင် ကိုရင်ငယ်အဖြစ် ရောက်ရှိတော်မူခဲ့ပြီး သက်တော်နှစ်ဆယ်တွင် ရဟန်းအဖြစ်ခံယူခဲ့သည်။ ယခုအချိန်တွင် သက်တော် ၅၅ နှစ် ဝါတော် ၃၅ဝါ ရှိပြီဖြစ်ကာ မဟာမြိုင်တောကြီးတွင် သာသနာပြုလုပ်ငန်းများနှင့်အတူ အဓိဋ္ဌာန်ပါရမီကို ကျင့်ကြံအားထုတ်လျက်ရှိသည့် ဆရာတော်ကြီးအား ကြည်ညိုပွားများကာ ထူးခြားစွာ တည်ထားကိုးကွယ်ထားသည့် စေတီပုထိုးများအား သွားရောက်ဖူးမြော်၍ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခွင့်ရရှိနိုင်ရန်အတွက် သတင်းစကားပါး၍ ရေးသားလိုက်ရပါသည်။

# အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံကိန်းအတွက် လှူဒါန်းသည့်ယာဉ်နှစ်စီးအားအသုံးပြုနိုင်ရန် ယာဉ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုစစ်ဆေး

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံအတွက် ဟီးနိုးထုတ်ကုန်များကို တရားဝင်တင်သွင်းရောင်းချလျက်ရှိသော Summit SPA Motors ကုမ္ပဏီ၌ နယ်သာလန်ဒတ်ချ်အဆိုစေးရှင်းမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံကိန်းအတွက် လှူဒါန်းထားသည့် Hino Trurck နှစ်စီးအား ယာဉ်ကြံ့ခိုင်မှုကို စစ်ဆေးလျက်ရှိပြီး လာမည့်တစ်ပတ်အတွင်း အသုံးပြုနိုင်ပြီဖြစ်ကြောင်း Summit SPA Motors ကုမ္ပဏီမှ သိရသည်။




"သူတို့ကယာဉ်နှစ်စီးကိုလှူပြီး သွားပြီ။ ယာဉ်ရဲ့ကြံ့ခိုင်မှုပိုင်းဆိုင်ရာစစ်ပြီးရင်နောက်တစ်ပတ်ဆို အော်ပရေးရှင်းမှာ သုံးလို့ရပါပြီ"ဟု Summit SPA Motors.,Ltd.,၏ အထွေထွေမန်နေဂျာဦးသန်းစိုးက ပြောသည်။

Summit SPA Motors.,Ltd.,မှာ ဂျပန်ဟီးနိုးယာဉ်များကို မြန်မာပြည်အတွက်ဝန်ဆောင်မှုပေးသည့်အပြင် ဟီးနိုးယာဉ်များ၏ ဆားဗစ်ပိုင်းဆိုင်ရာကိုလည်း အထူးဝန်ဆောင်မှုပေးနေသော ကုမ္ပဏီဖြစ်သည်။ ဟီးနိုးဒီဇယ်အင်ဂျင်များကိုလည်း မြန်မာပြည်တွင်ထုတ်လုပ်ခဲ့ကာ ၁၉၇၈ ခုနှစ်တွင် ထုံးဘို၌ ဟီးနိုးအင်ဂျင်စက်ရုံကို တည်ဆောက်ထုတ်လုပ်ခဲ့၍ အရှေ့တောင်အာရှတွင် ပထမဦးဆုံးဟီးနိုးအင်ဂျင်စက်ရုံကိုတည်ထောင်ခဲ့ ခြင်းဖြစ်ကြောင်း၊ ထုံးဘိုမှထုတ်လုပ်သောဂျပန်ဟီးနိုးအင်ဂျင်များကိုအာရှသို့ တင်ပို့ခဲ့ခြင်းဖြစ်၍ ယခုအခါဂျပန်ဟီးနိုးယာဉ်များကို အထူးကိုယ်စားလှယ်အဖြစ် ရောင်းချလျက် ဆားဗစ် ပိုင်းဆိုင်ရာများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ဓာတ်ပုံ-ထင်ပေါ်ဝင်း**



# အခြေပြုမူလတန်းဆရာအတတ်ပညာသင်တန်းဆင်း

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အခြေပြုမူလတန်း ဆရာအတတ်ပညာသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၀ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြနီလာခန်းမဆောင်၌ ကျင်းပရာ ကဗျာလွတ်အကဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ၌ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ပညာရေးမှူး ကျောင်း အုပ်ဆရာမကြီး ဒေါ်ကြည်ကြည်နွဲ့နှင့် သင်တန်းမှူး ဘော်ကြိုအလက ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့အေးတို့က သင်တန်းမပျက်မကွက် တက်ရောက်ကြသောသင်တန်းသား ဆရာဆရာမများကို ဂုဏ်ပြုကြောင်းနှင့် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

ဆက်လက်၍ သင်တန်း၌ ထူးချွန်သူများနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

**စိုင်း(သီပေါ)**

# ကရာတေးဒိုနှင့် တိုက်ကွမ်ဒို သင်တန်းဆင်း

**ကျိုင်းတုံ မေ ၂၂**

ကျိုင်းတုံခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ ဧပြီ ၆ ရက်မှ မေ ၂၀ ရက်အထိဖွင့်လှစ်ခဲ့သည့် ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုသင်တန်းများဆင်းပွဲကို မေ ၂၀ ရက်က ပြည်နယ်မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် တာဝန်ရှိသူတို့က နည်းပြများ၊ သင်တန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းတက်ရောက်သူများက ကရာတေးဒိုနှင့် တိုက်ကွမ်ဒိုသရုပ်ပြသခဲ့ကြသည်။

သင်တန်းကာလမှာ ၄၅ ရက်ခန့် ကြာမြင့်ခဲ့ပြီး မြန်မာ့လက်ရွေးစင်ပဏာမအဆင့်အထိ ရွေးချယ်ခံခဲ့ရသော လိုင်စင်ရနည်းပြများဖြစ်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တိုက်ကွမ်ဒိုနည်းပြ တပ်ကြပ်ကြီးဇော်ထက်နှင့် ကရာတေးဒိုနည်းပြ တပ်ကြပ်ကြီးတင်လှိုင်တို့ကသင်ကြားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ဇေယျပူရနှင့် အင်းဝတံတား

**မောင်သာ(ရွှေဟောင်းသုတေသန)**

မြန်မာ့သမိုင်းတစ်လျှောက် ဘုရင်များနန်းစိုက်ခဲ့သည့် မြို့များတွင် တစ်ခုအပါအဝင်ဖြစ်သည့် စစ်ကိုင်းမြို့ကို သက္ကရာဇ် ၆၇၇ ခုနှစ် (ခရစ်နှစ် ၁၃၁၅ ခုနှစ်)တွင် တည်ထောင်ခဲ့သဖြင့် ယခုအခါ သက်တမ်း ၇၀၂ နှစ် ပြည့်ပြီဖြစ်သကဲ့သို့ စစ်ကိုင်းမြို့၏ သင်္ကေတတစ်ခုအဖြစ် ထင်ရှားသည့် စစ်ကိုင်းတံတားခေါ် အင်းဝတံတားကြီးသည်လည်း သက်တမ်း ၈၃ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

စစ်ကိုင်းမြို့သည် မြန်မာ့သမိုင်းတွင် ဇေယျပူရ(အောင်မြင်သောမြို့)ဟု ထင်ရှားခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်း၊ ဧရာဝတီမြစ်၏ အနောက်ဘက်နှင့် မြောက်ဘက်ကမ်း၊ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၅၂ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ်အကြားတွင် မန္တလေးမြို့မှ အနောက်ဘက် ၁၂ မိုင်အကွာ မင်းဝံတောင်တန်း၏ အောက်ခြေ၌ တည်ရှိသည်။

ဧရာဝတီမြစ်သည် စစ်ကိုင်းမြို့၏အရှေ့ဘက်တွင် မြောက်ဘက်မှတောင်ဘက်သို့ စီးဆင်းလာပြီး မြို့၏တောင်ဘက်တွင် အနောက်ဘက်သို့ချိုးကွေ့၍ အရှေ့မှ အနောက်သို့ စီးဆင်းနေသဖြင့် စစ်ကိုင်းသည် ဧရာဝတီမြစ်၏ အဝိုက်အတွင်း လဲလျောင်းနေသည့်ပုံ ဖြစ်နေပေသည်။

**အမြင့်ဆုံးနေရာ**

စစ်ကိုင်းဒေသရှိ တောင်ကြောနှစ်ခုအနက် အရှေ့ဘက်၌ အနံတစ်မိုင်ခန့်ကျယ်သော စစ်ကိုင်းတောင်တန်းသည် တောင်မြောက်သွယ်တန်းလာပြီး တောင်ဖျားမှ မြောက်ဘက်လေးမိုင်ရှိ ရေခါးအရပ်တွင် အောက်သို့နိမ့်ဆင်းကာ ပျောက်ကွယ်လုနီးပါးဖြစ်နေသည်။ ရေခါး၏ တောင်ဘက်သည် စစ်ကိုင်းတောင်ဖြစ်ပြီး မြောက်ဘက်တစ်ကြောသည် မင်းဝံတောင်ဖြစ်သည်။ စစ်ကိုင်းတောင်တန်းတွင် တောင်ထွတ် ၃၇ ခု ရှိသည့်အနက် ပတ္တမြားစေတီတည်ထားသော တောင်ထွတ်သည် ၈၃၄



ပေ မြင့်ကာ စစ်ကိုင်းတောင်တန်း၏ အမြင့်ဆုံးနေရာဖြစ်သည်။

**သမိုင်းထဲမှ စစ်ကိုင်း**

"မြန်မာဘုရင်များလက်ထက်တွင် စစ်ကိုင်းသည် သုနာပရန္တတိုင်းတွင်ပါဝင်ခဲ့ပြီး ဦးဖေမောင်တင်နှင့် ဂျေအက်စ်ဖာနီဗယ် တည်းဖြတ်သည့် ဇမ္ဗူဒီပ ဦးဆောင်ကျမ်းတွင် စစ်ကိုင်းနယ်ကား အရှေ့ကိုလားသော် ဧရာဝတီ၊ တောင်ကိုလားသော် ဧရာဝတီ၊ အနောက်ကိုလားသော် ဆောက်တောအင်းထွက်ချောင်း၊ 'မြောက်ကိုလားသော် မန်ကျည်းစည်'ဟု စစ်ကိုင်းမြို့နယ်နိမိတ်ကို ဖော်ပြထားသည်။ လက်ရှိအချိန်တွင် စစ်ကိုင်းမြို့နယ်သည် ၄၈၅ ဒသမ ၆ စတုရန်းမိုင် ကျယ်ဝန်းလျက် ၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၆၉၉၁၇ ဦးနေထိုင်လျက်ရှိသည်။

ပုဂံပျက်ပြီးနောက် တစ်စီးရှင်သီဟသူသည် ပင်းယကိုတည်ထောင်ခဲ့ပြီး သီဟသူ၏သားဖြစ်သူ စောယွမ်းက စစ်ကိုင်းကို တည်ထောင်ခဲ့သည်။ စောယွမ်းသည် ၈၃၃ တာ အကျယ်အဝန်းရှိသော စစ်ကိုင်းကို ခရစ်နှစ် ၁၃၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး သီရိအသင်္ခယာဟူသောဘွဲ့အမည်ကို ခံယူ၍ မြောက်ဘက်တစ်လွှားကို မင်းပြုခဲ့သည်။ စစ်ကိုင်းမြို့တည်နှစ်ကို 'သားတိုးတိုင်း၊ စစ်ကိုင်းတည်'ဟုလည်းကောင်း၊ 'သံတံတိုင်း၊ စစ်ကိုင်းတည်'ဟုလည်းကောင်း မှတ်သားခဲ့ကြသည်။

ဦးကုလားရာဇဝင်တွင် စစ်ကိုင်းမြို့တည်နှစ်ကို သက္ကရာဇ် ၆၈၄ ခုနှစ်ဟု ရေးသားထားသော်လည်း ပညာရှင်များက ယင်းခုနှစ်ကို အသင်္ခယာစောယွမ်း နတ်ရွာစံသည့်နှစ်ဟု ဆုံးဖြတ်ခဲ့သည်။ သုတေသီအများစုက စစ်ကိုင်းမြို့ကို သက္ကရာဇ် ၆၇၇ ခုနှစ်တွင် တည်ခဲ့သည်ဟု လက်ခံကြသည်။

**ပြန်လည်ပြောင်းရွှေ့ခဲ့**

ရှေးဟောင်းစစ်ကိုင်းမြို့တော်တွင် မင်းဆက်ခုနစ်ဆက်က နှစ် ၅၀ ကြာ စိုးစံခဲ့ကြရာ အသင်္ခယာစောယွမ်းက ရှစ်နှစ်၊ နောင်တော် တရော့ဖျားက ၁၄ နှစ်၊ တရော့ဖျား၏သား ရွှေတောင်တက်က သုံးနှစ်၊ အသင်္ခယာစောယွမ်း၏သား ကျော်စွာက ၁၀ နှစ်၊ ညီ နော်ရထာမင်းရဲက ခုနစ်လ၊ ညီ ဆင်ဖြူရှင် တရော့ဖျားငယ်က သုံးနှစ်နှင့် မင်းပြောက်က ၁၃ နှစ် အုပ်စိုးခဲ့သည်။ သတိုးမင်းဖျားလက်ထက်တွင် နန်းမြို့ကို စစ်ကိုင်းမှ အင်းဝသို့ ပြောင်းရွှေ့ခဲ့ပြီး အလောင်းဘုရား၏သားကြီးဖြစ်သူ နောင်တော်ကြီးသည် ခရစ်နှစ် ၁၇၆၀ မှ ၁၇၆၄ ခုနှစ်အထိ စစ်ကိုင်းတွင် ပြန်လည်နန်းစိုက်ခဲ့သည်။ နောင်တော်ကြီးကွယ်လွန်သောအခါ နန်းမြို့တော်ကို အင်းဝသို့ပြန်လည်ပြောင်းရွှေ့ခဲ့သည်။

**ဧရာဝတီမြစ်ကူးတံတားများ**

ပထမအင်းဝခေတ် မင်းဆက် ၁၇ ဆက်အနက် ဒသမမြောက်ဘုရင် နရပတိကြီး(ခရစ်နှစ် ၁၄၄၃-၁၄၆၉)သည် ယခု စစ်ကိုင်းမြို့ ပိုးတန်းရပ်တွင် ထူပါရုံစေတီတော်ကြီးကို တည်ထားခဲ့ပြီး ခရစ်နှစ် ၁၄၄၇ ခုနှစ်တွင် ထီးတော်တင်ခဲ့သည်။ ထူပါရုံစေတီ ထီးတော်တင်ပွဲတွင် ဧရာဝတီမြစ်ကိုဖြတ်၍ တံတားထိုးခဲ့ကြောင်း ထူပါရုံဘုရားကျောက်စာတွင် မှတ်တမ်းရေးထိုးခဲ့သည်။ ယင်းတံတားသည် ကြိုးတံတားလော၊ လှေဖောင်တံတားလောဟု မသိရှိခဲ့သော်လည်း ဧရာဝတီမြစ်ကို တံတားတစ်စင်း ဖြတ်သန်းတည်ဆောက်ခဲ့ကြောင်းကို မှန်နန်းရာဇဝင်၊ ရှင်သူရဲ ရေးဖွဲ့သည့် သခင်ထွေး ချေင်းနှင့် ပထမနဝဒေးကြီးရေးဖွဲ့သည့် ယိုးဒယားမိဖုရားချေင်းတို့တွင် ရေးသားထားသည်။

ထူပါရုံစေတီတော် ထီးတင်ပွဲတွင် အင်းဝဘက်ကမ်းမှ မင်း၊ မိဖုရား၊ မှူးမတ်များနှင့် ပြည်သူများသည် တံတားပေါ်မှ ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြကြောင်း ဦးအောင်သော်၏ History Sites in Myanmar စာအုပ်တွင် ရေးသားထားရာ ယင်းတံတားသည် မြန်မာ့သမိုင်းတွင် ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်ခဲ့သည့် ပထမဆုံးတံတား ဖြစ်ဖွယ်ရှိပေသည်။

သာလွန်မင်း(ခရစ်နှစ် ၁၆၂၈-၁၆၄၈)တည်ခဲ့သည့် စစ်ကိုင်း စူဠာမဏိ ကောင်းမှုတော်စေတီတော် ထီးတင်ပွဲတွင် အင်းဝဘက်ကမ်းမှပြည်သူများ စစ်ကိုင်းသို့ လာရောက်နိုင်အောင် မြစ်ကူးတံတားတစ်စင်းထိုးရန် စီစဉ်ခဲ့သော်လည်း မင်းဆရာတော်များ သဘောမတူညီသဖြင့် တံတားမထိုးဖြစ်ခဲ့ကြောင်း စစ်ကိုင်းမှတ်စုတွင် ရေးသားထားသည်။

**ဖြတ်သန်းသွားလာလျက်ရှိ**

ယခုအခါတွင် မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ တံတားကြီးနှစ်စင်းဆက်သွယ်ထားပြီးဖြစ်ရာ ပထမတံတားသည် အင်းဝတံတားဖြစ်ပြီး ဒုတိယတံတားမှာ ရတနာပုံတံတားဖြစ်သည်။ ဧရာဝတီမြစ်ကူး ရတနာပုံတံတားသစ်ကြီးကို ၂၀၀၈ ခုနှစ် ဧပြီလ ၁၁ ရက် ဖွင့်လှစ်ခဲ့ရာ လူများနှင့် မော်တော်ယာဉ်များသည် တံတားကြီးနှစ်စင်းပေါ်မှ လွယ်ကူစွာ ဖြတ်သန်းသွားလာလျက်ရှိနေကြပေသည်။

အင်းဝတံတား ဧရာဝတီမြစ်ကိုဖြတ်ကျော်လျက် တောင်ဘက်ခြမ်းမှ မြောက်ဘက်ခြမ်းသို့ ဆက်သွယ်ထားသော အင်းဝတံတားကြီးသည် ကုန်းဘောင်ခေတ် (ခရစ်နှစ် ၁၇၅၂-၁၈၈၅) ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သည့် အင်းဝအနီးတွင် တည်ရှိသဖြင့် အင်းဝတံတားဟု ထင်ရှားခဲ့သည်။ ဧရာဝတီမြစ်သည် မြောက်မှ တောင်သို့ စီးဆင်းလာခဲ့ပြီး စစ်ကိုင်းမြို့အနီးတွင် လမ်းကြောင်းပြောင်းကာ မင်းဝံတောင်ကြောကိုကွေ့ဝိုက်လျက် အရှေ့မှအနောက်သို့ စီးဆင်းလျက်ရှိရာ ဧရာဝတီမြစ်၏ တစ်ဆစ်ချိုးကွေ့ဖြစ်နေသည့် ထိုနေရာသည် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းကို ဆက်သွယ်နိုင်မည့် အဓိကနေရာတစ်ခု ဖြစ်လာခဲ့သည်။

**ရည်ရွယ်ဆောက်လုပ်ခဲ့**

မင်းတုန်းမင်းသည် စစ်ကိုင်းနှင့် အင်းဝ အနီးတစ်ဝိုက်တွင် နယ်ချဲ့များ၏ရန်ကို ကာကွယ်နိုင်ရန် သပြေတန်း၊ အစေခံနှင့် ဆင်ကျုံးဟူသော ခံတပ်သုံးခုကို သုံးပွင့်ဆိုင်တည်ဆောက်ခဲ့သည်။ ထောင့်ကျယ်တြိဂံတစ်ခု အနေအထားအတိုင်း တည်ရှိနေသည့် ခံတပ်များသည် နေပြည်တော်ရတနာပုံသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာနိုင်သည့် နယ်ချဲ့စစ်သင်္ဘောများအား တားဆီးဟန့်တားရန် ရည်ရွယ်ဆောက်လုပ်ခဲ့သည်။

အင်္ဂလိပ်တို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတွင် မီးရထားလမ်းများကို ဖောက်လုပ်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ၁၈၉၀ ပြည့်နှစ်တွင် စစ်ကိုင်း-ရွှေဘို မီးရထားလမ်းနှင့် ၁၈၉၉ ခုနှစ်တွင် ရန်ကုန်-မန္တလေး ရထားလမ်းကို ဖောက်လုပ်ခဲ့ပြီးနောက် ရန်ကုန်မှ မြစ်ကြီးနားအထိ တိုက်ရိုက်သွားလာဆက်သွယ်နိုင်ရန် ကားလမ်းနှင့် မီးရထားလမ်းပါဝင်သော တံတားတစ်စင်းတည်ဆောက်ရန် စီစဉ်ခဲ့သည်။

ထို့ကြောင့် ၃၅၇၃ ပေရှည်လျားပြီး ခန့်မှန်းကုန်ကျငွေ ကျပ် ၅၈ သိန်းကျော်ကုန်ကျမည့် မြစ်ကူးတံတားတစ်စင်း တည်ဆောက်ရန် ပြင်ဆင်ခဲ့သည်။ သို့သော်လည်း ရန်ပုံငွေလိုအပ်ချက်ကြောင့် ၁၉၂၃ ခုနှစ်အထိ တံတားကို မတည်ဆောက်နိုင်ခဲ့ဘဲ ၁၉၂၄ ခုနှစ်တွင် ခန့်မှန်းတန်ဖိုး ၁၅၅၇၇၃၁၈ ကျပ်ကုန်ကျမည့် အင်းဝတံတားပုံစံကို Palmers & Trittion ကုမ္ပဏီက ရေးဆွဲခဲ့သည်။

အင်းဝတံတားကို ၁၉၂၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ၁၉၃၄ ခုနှစ် ဇန်နဝါရီ ၂ ရက် အင်္ဂါနေ့တွင် ထိုစဉ်က မြန်မာနိုင်ငံဘုရင်ခံ ဆာဟုချ်လင်းစ်ဒေါင်း စတီဗင်ဆန်(Sir Hugh Lansdown Stevenson)က ဖွင့်လှစ်ပေးခဲ့သည်။ ဘုရင်ခံသည် အဖြူရောင် အထူးမီးရထားတွဲတွင် စီးနင်းလိုက်ပါခဲ့ပြီး ရထားထိန်း(ဂတ်ဗိုလ်)အဖြစ် ခရိုင် မီးရထားသယ်ယူပို့ဆောင်ရေးအရာရှိချုပ် ဦးတင်က မြန်မာခေါင်းပေါင်းကိုပေါင်းကာ တောင်ရှည်ပုဆိုးကိုဝတ်ဆင်ပြီး အင်းဝတံတားပေါ်မှ ဖြတ်သန်းမောင်းနှင်ခဲ့သည်။ နောင်အခါတွင် မိုးဒေဝါမလှရွှေဟု ကျော်ကြားလာခဲ့သည့် ကျောင်းသူမလှရွှေက ဘုရင်ခံအား အင်းဝတံတား၏တစ်ဖက်ထိပ်မှ ပန်းစည်းဆက်ခဲ့သည်။



အင်းဝတံတားသည် ၁၂၀၃ မီတာ(၃၉၄၈ ပေ)ရှည်လျား၍ ရေလယ်တိုင် ၁၅ လုံးရှိသည့်အနက် အမြင့်ဆုံးတိုင်သည် ရေအောက်ကြမ်းပြင်မှ တံတားကြမ်းခင်း မီးရထားသံလမ်းအထိ ၁၀၂ ပေ မြင့်သည်။ ရေလမ်းကင်းလွတ်အမြင့်သည် အမြင့်ဆုံးရေတက်ချိန်တွင် ရေမျက်နှာပြင်မှ ပေ ၄၀ ဖြစ်သည်။

စစ်ကိုင်းတံတားသည် သံပေါင်ပေါင်းကူးတံတား အမျိုးအစားဖြစ်ကာ ခန်းပွင့် ၁၆ ခုရှိသည်။ ခန်းပွင့်များတွင် ပေ ၃၅၀ အရှည်ကိုးခန်း၊ ပေ ၂၅၀ အရှည်တစ်ခန်းနှင့် ပေ ၆၀ အရှည် ခြောက်ခန်းပါဝင်သည်။ သံပေါင်များကို Braithwaite ကုမ္ပဏီက ထုတ်လုပ်ခဲ့ပြီး တံတားကြီးတစ်ခုလုံး၏ ဆောက်လုပ်မှုကုန်ကျစရိတ်သည် ထိုစဉ်က ငွေကြေးတန်ဖိုးအရ စတာလင်ပေါင်တစ်သန်း(မြန်မာကျပ်ငွေ ၁၄၃ သိန်း)ဖြစ်သည်။

အင်းဝတံတား တည်ဆောက်ပြီးစီးသွားချိန်တွင် ၇၂၄ မိုင် ရှည်လျားသော ရန်ကုန်-မန္တလေး-မြစ်ကြီးနား လမ်းတွင် ရန်ကုန်မှ မြစ်ကြီးနားသို့ မန္တလေးမှတစ်ဆင့် မော်တော်ကားများ၊ မီးရထားများဖြင့် တောက်လျှောက် သွားလာနိုင်ခဲ့ကြသည်။

**ကျိုးကျပျက်စီး**

အင်းဝတံတားကိုဖွင့်လှစ်ခဲ့ပြီး ရှစ်နှစ်အကြာ ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့ရာ အင်းဝတံတားသည် စစ်ဘေးဒဏ်သင့်ခဲ့ရသည်။ ၁၉၄၂ ခုနှစ် ဧပြီ ၃၀ ရက်၊ ညသန်းခေါင်ယံမတိုင်မီ အင်္ဂလိပ်စစ်တပ်သည် ဂျပန်တို့၏တိုက်ခိုက်မှု ကြောင့် မန္တလေးမှ မြစ်ကြီးနားသို့ဆုတ်ခွာစဉ် ဂျပန်များ ဆက်သွယ်ရေးလမ်းကြောင်းပြတ်တောက်စေရန် အင်းဝတံတားကို ဗုံးခွဲဖျက်ဆီးခဲ့သည်။ ဗုံးဒဏ်ကြောင့် တံတားခုံးအမှတ် (၇)နှင့် (၈)တို့သည် ဧရာဝတီမြစ်အတွင်းသို့ ကျိုးကျခဲ့ကာ ရေလယ်တိုင်ခုနစ်တိုင် ပျက်စီးခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အင်းဝတံတားကိုပြင်ဆင်ရန် မူလတံတားကို ပုံစံထုတ်ခဲ့သည့် Palmers & Trittion ကုမ္ပဏီကပင် တံတားပေါင်းကူးခုံးများကို ပုံစံအသစ် ရေးဆွဲခဲ့သည်။ ပုံစံအသစ်တွင် တံတားအလေးချိန် လျော့နည်းစေရန် High Tensile Steel များကို အသုံးပြုခဲ့သည်။ အင်းဝတံတားကိုမပြုပြင်မီ ဗုံးဒဏ်ကြောင့် မြစ်အတွင်းကျနေသည့် တံတားအစိတ်အပိုင်းများကို ရှင်းလင်းခဲ့ရာ ၁၉၄၆ ခုနှစ်ကုန်တွင် ပြီးစီးခဲ့သည်။

တံတားတွင်တပ်ဆင်မည့် သံပေါင်များသည် စစ်ပြီးစကာလဖြစ်သဖြင့် အချိန်မီ ရောက်ရှိလာခြင်းမရှိသောကြောင့် ၁၉၅၂ ခုနှစ်အထိ တံတားကိုမပြင်ဆင်နိုင်ခဲ့ဘဲ ဗုံးဒဏ်သင့်အင်းဝတံတား ပြင်ဆင်ခြင်းလုပ်ငန်းကို ၁၉၅၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။ အင်းဝတံတားကြီးကို ဦးကြည်ဝင်းဦးစီးသော မြန်မာအင်ဂျင်နီယာများနှင့် လုပ်သားများက ပြင်ဆင်ခဲ့ကြသည်။ တံတားကြီးပြင်ဆင်စရိတ်သည် ကျပ် ၅၇ သိန်းကျော် ကုန်ကျခဲ့ကာ ၁၉၅၄ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ထိုစဉ်က နိုင်ငံတော်သမ္မတ ဒေါက်တာဘဦးက ဖွင့်လှစ်ပေးခဲ့သည်။

ပျက်စီးနေသည့်တံတားကြီးအား ပြန်လည်ပြင်ဆင်ခြင်း မပြီးစီးမီ စစ်ကိုင်းဆိပ်ကမ်းနှင့် အမရပူရ စံရွှေဆိပ်ကမ်းအကြား ဧရာဝတီမြစ်ကို ကုတို့လှေ၊ သမ္ဗန်များဖြင့်သာ ဖြတ်ကူးခဲ့ကြရပြီး ကုန်စည်များကို တစ်ဖက်မှတစ်ဖက်သို့ ခက်ခဲစွာ သယ်ပို့ခဲ့ကြရသည်။

မြန်မာနိုင်ငံအထက်နှင့် အောက် သွားလာနေကြသော မော်တော်ယာဉ်များနှင့် မီးရထားများသည် တံတားကျိုးနေသည့် ခြောက်နှစ်တာကာလမှလွဲ၍ ၁၉၃၄ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ အင်းဝတံတားကိုသာ နှစ်ပေါင်း ၅၀ ကျော် အသုံးပြုခဲ့သည်။ အင်းဝတံတားသည် သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ၁၉၉၂ ခုနှစ်တွင် တံတား၏ခံနိုင်ဝန်သည် ၁၅ တန်သာရှိသဖြင့် ၁၅ တန်အထက်ယာဉ်များအား အင်းဝတံတားပေါ်တွင် ဖြတ်သန်းခွင့်ကို ပိတ်ပင်ခဲ့ရသည်။

**ဆက်သွယ်တည်ဆောက်**

ထို့ကြောင့် လမ်းပန်းဆက်သွယ်မှု အရှိန်မပျက်စေရန်နှင့် ပို့ဆောင်ရေးပိုမိုကောင်းမွန်စေရန် ဧရာဝတီမြစ်ကူးတံတားအသစ်တစ်ခုကို အင်းဝတံတားအနီးတွင် ၂၀၀၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့ကာ ရတနာပုံတံတားဟု အမည်ပေးခဲ့သည်။ ရတနာပုံတံတားသည် တံတားဟောင်း၏ ရေဆန်ဘက် ပေ ၂၀၀၀ အကွာတွင် တည်ရှိပြီး တံတားအရှည်သည် ၅၆၁၄ ပေဖြစ်သည်။ ရတနာပုံတံတားကို အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ဝေါတော်ဆိပ်ကမ်းနှင့် စစ်ကိုင်းမြို့တကောင်းရပ်ကွက်ဆိပ်ကမ်းတို့အကြား ဆက်သွယ်တည်ဆောက်ခဲ့သည်။

ရတနာပုံတံတား၏ ပင်မသံပေါင်တံတားတွင် ၃၆၇ ဒသမ ၅ ပေ ရှည်သော ခန်းပွင့်လေးခန်းနှင့် ၇၃၅ ပေရှည်သော သံပေါင်ခုံးအခန်းသုံးခန်း ပါဝင်ကာ ပင်မတံတားအရှည်သည် ၃၆၉၄ ပေ ဖြစ်သည်။ ချဉ်းကပ်တံတားအရှည်သည် စစ်ကိုင်းဘက်တွင် ပေ ၇၈၀ နှင့် မန္တလေးဘက်တွင် ပေ ၁၁၄၀ ရှိသည်။ ကွေးဝိုက်ထားသည့် သံပေါင်ခုံးတံတား ခန်းပွင့်သုံးခုကြောင့် ရတနာပုံတံတားသည် ဧရာဝတီမြစ်ကူးတံတားများအနက် အလှပဆုံးတံတားတစ်စင်း ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းဝင်တံတားကြီးတစ်စင်းအဖြစ် နှစ်ပေါင်း ၈၀ ကျော် ရပ်တည်နေသည့် အင်းဝတံတားသည် ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ခဲ့သည့် ပထမဆုံးတံတားကြီးဖြစ်ပြီး ဧရာဝတီမြစ်၏ မြောက်ဘက်ခြမ်းနှင့်တောင်ဘက်ခြမ်း၊ မြန်မာနိုင်ငံအပေါ်ပိုင်းနှင့် အောက်ပိုင်းကို ပေါင်းကူးပေးသည့် ကျောရိုးသဖွယ် တည်ရှိနေပေသည်။ တံတားကြံ့ခိုင်မှုကြောင့် မော်တော်ယာဉ်ငယ်များကိုသာ ဖြတ်သန်းခွင့်ပေးထားသည့် အင်းဝတံတားသည် မြန်မာနိုင်ငံ အထက်အောက်မှ ပြည်သူများကို ကာလရှည်ကြာစွာ မိမိအပေါ်မှဖြတ်သန်းနေစေဦးမည်သာဖြစ်ပေသည်။ ။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)**

**(၂) သုတေသနခရီးသွား ဇေယျာပူရ မှတ်တမ်းများ**
**(အောင်ငြိမ်းချမ်း၊မန်းတက္ကသိုလ်)**

**(၃) စစ်ကိုင်းမှတ်စု(မျိုးသူရ)**

# အသက်ကယ် အဆိပ်ဖြေသည့် ကန်စွန်းရွက်

**ကြည်လွင်မြင့်(မုံရွာ)**



လွန်ခဲ့သောရက်အနည်းငယ်က Facebook ကြည့်ရင်း ကြောင်ချစ်သူအမျိုးသမီးတစ်ဦးတင်သည့် (Status) အကြောင်းအရာမှာ "သိနားလည်သူများ ကူညီပေးကြပါရှင့်၊ ကျွန်မအချစ်တော် ကြောင်မလေးမှာ ဘာအဆိပ်မိလာသည် မသိ သုံး၊ လေးကြိမ်အန်ပြီး ပါးစပ်မှလည်း အမြှုပ်များထွက်နေပါသည်။ ယခုည ၉ နာရီမှာ ဆေးခန်းများလည်း ဖွင့်မှာမဟုတ်တော့ပါ။ ကျွန်မအလွန်စိတ်ပူသဖြင့် တင်ပြရခြင်းဖြစ်ပါသည်။ ဆေးနည်းသိသူများ ကူညီပေးကြပါရှင့်" ဟု ဖတ်လိုက်ရသည်။

ဤမေးမြန်းသူသည် ကြောင်၊ ခွေးအစရှိသော အိမ်မွေးတိရစ္ဆာန်လေးများကို အလွန်ချစ်သူဖြစ်မည်ထင်ပါသည်။ စာရေးသူသည် သူ၏ဖေ့ခ်ဘွတ်ပေါ်မှ ကွန်မင့်(Comment)တွင်ဝင်ပြီး "ကန်စွန်းရွက်ရအောင်ရှာပါ။ ထောင်းပြီး အရည်ညှစ်၍ အကြမ်းပန်းကန်တစ်လုံးစာမျှ ကြောင်လေးပါးစပ်ဟပြီး ဝင်အောင်တိုက်ပါ။ ကန်စွန်းရွက်က အဆိပ်ကို ပြေစေနိုင်ပါသည်" ဟု တင်ပေးလိုက်သည်။ (နောက်တစ်နေ့နံနက်တွင် ကြောင်ကလေးသက်သာသွားကြောင်း၊ အိမ်နီးချင်းတစ်ဦးထံမှ ကန်စွန်းရွက်ရသဖြင့် ညတွင်းချင်းထောင်းတိုက်လိုက်ပြီး နောက်တစ်ကြိမ်ထပ်အန်ကြောင်း၊ ယနေ့နံနက် သက်သာနေပြီဖြစ်ကြောင်း၊ ကျေးဇူးအထူးတင်ရှိကြောင်း ပြန်ရေးလာပါသည်။)

စာရေးသူငယ်စဉ်က ကြောင်အလွန်ချစ်သော အဒေါ်တစ်ဦးနှင့်အတူ နေဖူးသည်။ တစ်ရက်တွင် သူ့အချစ်တော်ကြောင်မလေးသည် ပုတ်သင်ညို အမည်းတစ်ကောင်ကို ခုတ်လာပြီး ကိုက်ဖြတ်စားသောက်လိုက်သည်။ မကြာမီပင် အန်ပြီး ပါးစပ်ကအမြှုပ်များထွက်ကာ လဲကျသွားသည်။ အိမ်နီးချင်းအဘွားတစ်ဦး ရောက်လာပြီး ကန်စွန်းရွက်အစိမ်းများကိုထောင်း၍ လက်ဖြင့်ဆုပ်ညှစ်ကာ ကြောင်လေးပါးစပ်ထဲသို့ ဝင်အောင် ပြုလုပ်သည်။ အကြိမ်ကြိမ်ပြုလုပ်ပြီးနောက် ဂုန်နီအိတ်အခင်းပေါ်တွင် နွေးထွေးအောင် အဝတ်ဖြင့်ပတ်ပြီး ကြောင်လေးကို သိပ်ထားသည်။ နံနက်တွင်တစ်ကြိမ် ကန်စွန်းရွက်အရည် ထပ်တိုက်သည်။ နေ့လယ်တွင် ကြောင်လေး မျက်စိဖွင့်လာသဖြင့် နွားနို့ကျိုပြီး ဇွန်းလေးဖြင့်တိုက်ပေးသည်။ နောက်တစ်ရက်တွင် ကြောင်လေး ကောင်းသွားပြီး အစာပြန်စားနိုင်သည်။ ငယ်စဉ်က ကိုယ်တွေ့ဖြစ်သည်။

ရှေးကလူများသည် ကြွေးတင်ပြီးဒုက္ခရောက်လျှင် စိန်(စိန်နီမြင်းသွား)အဆိပ်သောက်သည် ဟု ဆိုသည်။ ရှေးဟောင်းပေစာ ဆေးကျမ်း တစ်စောင်တွင် ကန်စွန်းရိုးနီသည် စိန်အဆိပ်ကိုပင် ပြေစေနိုင်သည်။ လက်ဦးလျှင် (အချိန်မီတိုက်လျှင်) အသက်မသေစေနိုင်ဟု ရေးသားထားသည်ကို ဖတ်ရှုရဖူးသည်ဟု စာရေးသူ၏ငယ်ဆရာတစ်ဦးက တိုင်းရင်းဆေးသိပ္ပံတက်နေစဉ်တွင် ပြောဖူးသည်။

ကန်စွန်းတွင် ကုန်းကန်စွန်း၊ ရေကန်စွန်း၊ ဥစားကန်စွန်း(ကန်စွန်းကြီး)၊ တရုတ်ကန်စွန်းစသည်ဖြင့် အမျိုးမျိုးတွေ့ရသည်။ သဘာဝအလျောက် လယ်ကန်သင်းရိုးတွင်ပေါက်သော အရွက်သေးသေး ကန်စွန်းရွက်လေးများက ပို၍စားကောင်းပြီး ဆေးဖက်ဝင်သည်။ အရိုးစိမ်းနှင့် အရိုးနီ နှစ်မျိုးတွေ့ရသည်။ ချဉ်ရည်ဟင်းချက်စား၍ ကောင်းသည်။ အရိုးပွပွနှင့် အရွက်များသန်သော တရုတ်ကန်စွန်းများမှာ ကြော်စားရန်အတွက်သာ ကောင်းသည်။ ချဉ်ရည်ဟင်းချက်စားလျှင် ပျော့ပြီး စားမကောင်းပေ။ လယ်ကန်စွန်းခေါ် မြန်မာကန်စွန်းလေးများမှာ မာပြီး ချဉ်ရည်ဟင်းချက်စား၍ အလွန်ကောင်းသည်။

Facebook တွင် မိတ်ဆွေဖြစ်နေသူ တစ်ဦးက ဗီတန်ခေါ် ဆေးဘဲဥနှင့်ပတ်သက်ပြီး စာရေးသူကို မေးခွန်းတစ်ခုမေးလာသည်။ ကန်စွန်းရွက်အစွမ်းထက်ပုံနှင့် ပတ်သက်နေသဖြင့် တင်ပြလိုက်ပါသည်။ ဗီတန်ခေါ် ဆေးဘဲဥ ကြိုက်နှစ်သက်သူတစ်ဦးသည် နေ့စဉ် ဗီတန်သုပ်ဖြင့် ထမင်းစားသုံးခဲ့ရာမှ အာရုံကြောမကောင်း (ပန်းသေပန်းညှိုး)ရောဂါဖြစ်လာသည်ဟု ဆိုပါသည်။ ဆေးဘဲဥက တရုတ်ရိုးရာအစာဖြစ်ပြီး ဗီတန်ဆိုသည်မှာ တရုတ်နာမည်ဖြစ်သည်။ ရှေးနှစ်ပေါင်းရာချီပြီး စားသုံးခဲ့သည့် ရိုးရာအစားအစာဖြစ်၍ အဆိပ်သင့်စရာမရှိပါ။ ခေတ်အလျောက် ဓာတုဆေးများနှင့်စိမ်ရာက အဆိပ်အတောက်ဖြစ်ပြီး အာရုံကြောကိုထိခိုက်လာခြင်းဖြစ်သည်။

ဆေးဘဲဥ ရိုးရာနည်းအရ ထုံးရည်စိမ်ပြီး ထမင်း၊ ရွှံ့၊ စပါးခွံ၊ ဆား၊ ထုံး ရောအုံခြင်းသည် ပုံမှန်နည်းဖြစ်သည်။ စားသုံးမှုများလာသောအခါ ၁၀ ရက်မှ တစ်လခန့် စိမ်ရသည့်နည်းအစား ဓာတုဆေးရည်စိမ်ပြီး အမြန်ခဲအောင် လုပ်လာကြသည်။ သုတေသီတစ်ဦးအဆိုအရ ကယ်လ်စီယမ်ဟိုက်ဒြောဆိုက် (Calcium Hydroxide)နှင့် ဆိုဒီယမ်ကာဗွန်နိတ်(Sodium Carbonate)ဖျော်ရည်တွင် စိမ်ပြီး အမြန်နည်းနှင့် ဆေးဘဲဥပြုလုပ်လာကြသည်။

"ဆေးရည်စိမ်တဲ့ ဆေးဘဲဥရဲ့ ဆိုးကျိုးကတော့ ခဲဆိပ်သင့်တာပါ။ ခဲဆိပ်သင့်ရင် အော့အန်၊ ဗိုက်နာ၊ အသက်ရှူမဝ၊ ရင်တုန်မောပန်း၊ အိပ်မပျော်၊ ဝမ်းပျက်၊ သွေးတိုးပြီး အလွန်ဆိုးရွားလျှင် ဦးနှောက်အမြှေးရောင်၊ အကြောသေ၊ ပန်းသေပန်းညှိုးတွေ ဖြစ်နိုင်ပါတယ်။ အစားအသောက်တွေကို စီးပွားဖြစ်ရင်ပြီးရော၊ မှုမမှန်တဲ့ နည်းလမ်းတွေသုံးပြီး ဖြစ်လာတဲ့ဆိုးကျိုးတွေဖြစ်ပါတယ်"ဟု သုတေသီက ဆိုပါသည်။

**အစာအဆိပ်သင့်လျှင်**

ကုန်းကန်စွန်း(ကန်စွန်းရိုးနီ)ကိုထောင်းပြီး အရည်ညှစ်၊ အကြမ်းပန်းကန်နှစ်လုံးစာ သောက်ပါ။ ကန်စွန်းရွက်ပြုတ်ရည်ကို မတ်ခွက်တစ်လုံးစာ နေ့စဉ်သောက်ပေးလျှင် ကြာရှည်မိထားသော အစာအဆိပ်ကို ပြေစေနိုင်ပါသည်။

**မှိုနှင့် ကန်စွန်း**

အဆင့်မြင့်စားသောက်ဆိုင်ကြီးများ၏ မီနူးခေါ် အစားအသောက်စာရင်းကိုကြည့်လျှင် မှိုကန်စွန်းကြော်ဟုပါသည်ကို အမြဲတွေ့ရသည်။ တောကြိုအုံကြားတွင်ပေါက်သည့်မှိုနှင့် လယ်ကန်သင်းရိုးတွင်ပေါက်သည့် ကန်စွန်းတို့ နှစ်မျိုးပေါင်း၍ မိတ်ဖက်အစားအဖြစ် နာမည်ကြီးသည်။ မှိုကန်စွန်းသည် လူချမ်းသာတို့အတွက် တန်းဝင်အစားအစာ ဖြစ်လာရသည်။ မှိုကို ကန်စွန်းနှင့်တွဲရခြင်းမှာ စားကောင်းရုံသက်သက် မဟုတ်ပါ။ မှိုမှန်သမျှ အဆိပ်အတောက်မကင်းသဖြင့် အဆိပ်အတောက်မဖြစ်စေရန် ကန်စွန်းရွက်နှင့် တွဲပေးခြင်းဖြစ်သည်။ ရှေးက ဓာတ်စာနားလည်သည့် သမားတော်ကြီးများက တွဲပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ မှိုကို စိုက်ပျိုးရေးနည်းပညာဖြင့် ရောင်းတမ်းဝင် အမြောက်အမြားရအောင် စိုက်ပျိုးနေကြပြီ။ ရှေးခေတ်က စိုက်ပျိုးသောမှိုဟူ၍ မရှိ။ မိုးဦးကျ၊ မိုးလယ်၊ မိုးနှောင်းအချိန်များတွင် ရာသီအလိုက်ပေါ်သော မှိုအမျိုးမျိုးကို တောတွင်း၊ တောစပ်၊ လယ်တောစပ်များတွင် ရရှိနိုင်သည်။ ကောက်ရိုးမှိုဟု ခေါ်သည်။ အင်ဖက်များကြွေကျပြီး မိုးရွာသောအခါ အရွက်ပုပ်များအောက်မှ ထွက်လာသောမှိုကို ဖက်ဆွတ်မှိုဟုခေါ်သည်။ ထို့အတူ တောင်ပို့မှ ထွက်သောမှိုကို တောင်ပို့မှိုဟု ခေါ်သည်။ မိုးကုန်ခါနီးတွင် မြက်ရိုင်းပင်များကြားမှ ရှည်လျားစွာထွက်လာသောမှိုမျိုးကို မှိုခြေတံရှည်ဟု ခေါ်သည်။ မိုးကုန်ပြီး ဆောင်းဦးပေါက် နှင်းများကျလာမှ ထွက်သောမှိုကို ငွေနှင်းမှိုစသည်ဖြင့် ရာသီဥတု အခြေအနေအလိုက် အမည်ပေးထားသည်။ မှိုအမျိုးပေါင်း ၁၀၀ ကျော်ရှိသည်ဟု ရုက္ခဗေဒပညာရှင်များက ဆိုသည်။

မှိုသည် အတက်စာဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ သရုပ်သဏ္ဌာန်ကို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော မဟာဘုတ ဓာတ်ကြီး လေးပါးအမြင်ဖြင့်ကြည့်၍ ပြောခြင်းဖြစ်သည်။

ပထဝီဟူသော မြေကြီးအမာကို ပျော့ပျောင်းနူးညံ့သည့် မှိုငယ်လေးက ထိုးဖောက်၍ထွက်လာခြင်းမှာ ဝါယောအား (တွန်းကန်အား)ကောင်း၍ဖြစ်သည်။ တစ်ပွင့်ထီးတည်းတွင် လေဝင်၊ လေထွက်ကောင်းသည့် အက်ကြောင်းများ ပါရှိခြင်းမှာ အာကာသ သဘောဖြစ်သည်။ မှိုအဖူးအငုံများတွင် အက်ကွဲကြောင်းများမရှိသဖြင့် အာကာသပိတ်ပြီး ပို၍ အတက်သဘောဆောင်ပါသည်။

ထို့ကြောင့် မှိုစားလျှင် အပွင့်ကိုစားသည်ထက် အဖူး၊ အငုံ မှိုမျိုးကိုစားလျှင် ပို၍တက်သည်။ သွေးတက်လျှင် အိပ်ချင်ငိုက်မျဉ်း လေးလံထိုင်းမှိုင်းခြင်းကိုဖြစ်စေပြီး အကြောတက်လျှင် မလှုပ်မရှားခြင်းဖြစ်မည်။ အာရုံကြောများ ထုံထိုင်းမည်။ မလှုပ်မရှားချင်ဖြစ်မည်။

လေးဖက်နာရောဂါ အခံရှိသူများ မှိုစားလျှင် အထူးသဖြင့် မှိုအဖူးအငုံကိုစားလျှင် အဆစ်များကိုက်လာတတ်သည်။ Gout ခေါ် အဆစ်ကြီးများရောင်သည့် ရောဂါရှိသူများစားလျှင် သွေးတွင်းမှ Uric Acid တက်လာပြီး ခြေမဆစ်၊ ဒူးဆစ်ကြီးများ ရောင်လာတတ်သည်။ ထိုသို့မဖြစ်စေရန်အတွက် မှိုစားလျှင် ငရုတ်သီးစိမ်းအပွ၊ ကန်စွန်းရွက်နှင့် တွဲဖက်စားသုံးသင့်သည်။ ကန်စွန်းရွက်တွင်လည်း လယ်ကန်စွန်း၊ ကုန်းကန်စွန်း အရွက်ချွန် အသေးလေးများက ပို၍ ဆေးဖက်ဝင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**အဆင့်မြင့်စားသောက်ဆိုင်ကြီးများ၏ မီနူးခေါ် အစားအသောက်စာရင်းကိုကြည့်လျှင် မှိုကန်စွန်းကြော်ဟုပါသည်ကို အမြဲတွေ့ရသည်။ တောကြိုအုံကြားတွင်ပေါက်သည့်မှိုနှင့် လယ်ကန်သင်းရိုးတွင်ပေါက်သည့် ကန်စွန်းတို့ နှစ်မျိုးပေါင်း၍ မိတ်ဖက်အစားအဖြစ် နာမည်ကြီးသည်။ မှိုကန်စွန်းသည် လူချမ်းသာတို့အတွက် တန်းဝင်အစားအစာ ဖြစ်လာရသည်။ မှိုကို ကန်စွန်းနှင့် တွဲရခြင်းမှာ စားကောင်းရုံသက်သက် မဟုတ်ပါ။ မှိုမှန်သမျှ အဆိပ်အတောက်မကင်းသဖြင့် အဆိပ်အတောက်မဖြစ်စေရန် ကန်စွန်းရွက်နှင့် တွဲပေးခြင်းဖြစ်သည်။ ရှေးက ဓာတ်စာနားလည်သည့် သမားတော်ကြီးများက တွဲပေးခဲ့ခြင်းဖြစ်သည်**

## ရေရှားပါးနေသော မလှိုင်မြို့နယ်အတွင်းမှ ကျေးရွာများသို့ မြို့နယ်ရဲတပ်ဖွဲ့က သောက်သုံးရေများသွားရောက်လှူဒါန်း



**မလှိုင် မေ ၂၂**

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မလှိုင်မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးနေသော ကျေးရွာအုပ်စုများသို့ မလှိုင်မြို့နယ်ရဲတပ်ဖွဲ့နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးလျက်ရှိရာ မေ ၂၀ ရက်က နတ်စင်ကုန်းကျေးရွာအုပ်စု ကန်ရွာကျေးရွာနေပြည်သူများအတွက် သောက်သုံးရေများကို ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းထားသည့် ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မလှိုင်မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းဝင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထွန်းတို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့မိသားစုများက ကန်ရွာရှိ အိမ်ခြေ ၁၆၀ မှ ဒေသခံပြည်သူ ၇၅၀ ခန့်အတွက် သောက်သုံးရေများကို ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။ ကန်ရွာသည် မလှိုင်မြို့၏အရှေ့ဘက် ကိုးမိုင်ခန့် အကွာတွင်ရှိပြီး ရွာအတွင်း၌ စက်ရေတွင်းများရှိသော်လည်း သုံးရေအဖြစ်သာ အသုံးပြုနိုင်သဖြင့် သောက်ရေအခက်အခဲကြုံတွေ့နေရသည့် ကျေးရွာဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



## ပေါင်ဒဏ်ရာကြောင့် အီတလီအိုးပင်းပြိုင်ပွဲမှ ရှာရာပိုဗာ ထွက်ခဲ့ရ

ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် အီတလီအိုးပင်း ဒုတိယအဆင့်ပွဲစဉ် ကစားနေစဉ် ပေါင်ဒဏ်ရာရရှိခဲ့၍ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရပြီး အရှုံးလည်း ပေးခဲ့ရသည်။

ရှာရာပိုဗာသည် ယင်းပြိုင်ပွဲတွင် ခရိုအေးရှား တင်းနစ်မယ် ဘာရိုနီနှင့် ယှဉ်ပြိုင်နေစဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဘာရိုနီကို အရှုံးပေးခဲ့ရမှုနှင့်ပတ်သက်ပြီး “ဒီပွဲမှာ ကျွန်မ ကံမကောင်းခဲ့ပါဘူး။ မမျှော်လင့်ဘဲ ဒဏ်ရာရရှိခဲ့တဲ့အတွက် ပရိသတ်တွေကို တောင်းပန်ချင်ပါတယ်”ဟု ရှာရာပိုဗာက ပြောသည်။

ပြင်သစ်အိုးပင်းတွင် ချန်ပီယံ နှစ်ကြိမ်ဖြစ်ခဲ့ဖူးသည့် ရှာရာပိုဗာက ပြင်သစ်တင်းနစ်အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်မှာ မိမိ၏ စိတ်ဓာတ်ပြင်းပျမှုကို ထိခိုက်စေမည်မဟုတ်ဘဲ တွန်းအားတစ်ရပ်သာ ဖြစ်စေခဲ့သည်ဟု ၎င်းက ပြောကြားသည်။ မေ ၂၂ ရက်က စတင်ကျင်းပသည့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ရှာရာပိုဗာအား ဖိတ်ခေါ်ယှဉ်ပြိုင်ခြင်း မပြုရန် ပြင်သစ်အိုးပင်းအဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သည်။



## တယ်ရီ ဆွမ်ဆီးရောက်မှာလား

ချယ်လ်ဆီးအသင်းခေါင်းဆောင်ဟောင်း တယ်ရီအား ဆွမ်ဆီးအသင်းမှ ခေါ်ယူရန် ကြိုးစားနေရာ အခြေအနေမှာ နီးစပ်နေပြီဖြစ်ကြောင်း ဆွမ်ဆီးနည်းပြ ပေါလ်ကလီမန့်က ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၃၆ နှစ်အရွယ်ရှိ တယ်ရီသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း မတိုးမြှင့်တော့သဖြင့် အသင်းမှ ထွက်ခွာမည်ဖြစ်ရာ လောလောဆယ်တွင် အသင်းလက်မဲ့ဖြစ်လျက်ရှိသည်။ လာမည့် ဘောလုံးရာသီတွင် ဆွမ်ဆီးအသင်း အောင်မြင်မှုရရှိရန် တယ်ရီက များစွာအထောက်အကူပေးနိုင်မည်ဟု နည်းပြပေါလ်ကလီမန့်က ယုံကြည်လျက်ရှိသည်။

တယ်ရီသည် အသက် ၃၆ နှစ်ရှိပြီဖြစ်သော်လည်း ခြေစွမ်းမှာ ထိပ်တန်းကစားသမားအဆင့်ရှိနေဆဲဖြစ်ပြီး ပြိုင်ဘက်တိုက်စစ်ကို ဟန့်တားထိန်းချုပ်နိုင်နေဆဲဖြစ်ကြောင်း ပေါလ်ကလီမန့်က ပြောကြားသည်။ တယ်ရီအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဆွမ်ဆီးက ခေါ်ယူနိုင်မည်ဖြစ်သော်လည်း တယ်ရီအနေဖြင့် ဆုံးဖြတ်ချက်မချရသေးကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက ထုတ်ဖော်ပြောကြားသည်။

ဆွမ်ဆီးအသင်းသည် ယခုနှစ်တွင် တန်းမဆင်းခဲ့ရသဖြင့် ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ကစားသမားသစ်များ ဖြည့်ဆည်းရန် ရှိနေသည်။ ဆွမ်ဆီးသည် တယ်ရီကို ခေါ်ယူနိုင်ခဲ့ပါက နောက်ထပ်ကစားသမားသစ်နှစ်ဦးကိုလည်း ခေါ်ယူမည်ဖြစ်ပြီး အသင်းမှ အဓိကကစားသမားတစ်ဦးဖြစ်သော ကွင်းလယ်လူ ဆီဂတ်ဆန်ကိုလည်း အသင်းမှ မထွက်ခွာရေး ဆွဲဆောင်စည်းရုံးလျက်ရှိသည်။

ကောင်းမြတ်သူ - စုစည်းသည်။

# ယူရိုပါလိဂ်ဖလား ပိုင်ရှင်ဟာ မန်ယူလား

*ဥရောပ ပြည်တွင်းလိဂ်ဘောလုံးပြိုင်ပွဲတွေ ပြီးဆုံးချိန်မှာတော့ ဘောလုံးပရိသတ်တွေအတွက် ယူရိုပါလိဂ်ဖလား ဖိုင်နယ်ပွဲက အသင့်စောင့်ကြိုနေပြီဖြစ်ပါတယ်။ နာမည်ကြီး မန်ယူနဲ့ အိုင်းယက်စ်တို့ရဲ့ နောက်ဆုံး ဗိုလ်လုပွဲကတော့ ပြိုင်ပွဲမကျင်းပမီကတည်းက ပရိသတ်နှုတ်ဖျားမှာ ရေပန်းစားလျက်ရှိနေပြီး နှစ်သင်းစလုံး ဗိုလ်စွဲနိုင်ခြေရှိတာမို့ ပရိသတ်တွေအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ကောင်းနေတာတော့ အမှန်ပါပဲ။*



မေ ၂၄ ရက်မှာ ကစားမယ့် ယူရိုပါလိဂ်ဖလား နောက်ဆုံး ဗိုလ်လုပွဲကို စတော့ဟုမ်းမှာရှိတဲ့ ပရိသတ် ၅၀၆၅၃ ဦး ဝင်ဆံ့တဲ့ Friend Arena ကွင်းမှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို အသက် ၄၀ နှစ်သာရှိသေးတဲ့ ဆလိုဗေးနီးယားဒိုင်လူကြီး ဒါမီယာစကိုမီနာက တာဝန်ယူ ကိုင်တွယ်မှာဖြစ်ပါတယ်။ ကွင်းလယ်ဒိုင်လူကြီး ဒါမီယာစကိုမီနာကတော့ ၂၀၁၂ ခုနှစ် ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့ပွဲစဉ် မန်ယူနဲ့ အိုင်းယက်စ်တို့ ကစားခဲ့တဲ့ပွဲကို ကိုင်တွယ်ကြီးကြပ်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် မန်ယူနဲ့ အိုင်းယက်စ်တို့ရဲ့ပွဲကို ဘယ်လိုထိန်းကျောင်းရမလဲဆိုတာ ကွင်းလယ်ဒိုင်လူကြီး ဒါမီယာစကိုမီနာ ကောင်းကောင်းသိနေသူတစ်ဦး ဖြစ်ပါတယ်။

နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်လာတဲ့အသင်းကြီးတွေရဲ့ ဂုဏ်ရှိန်ဝါကြီးမားမှုကလည်း ဒီပွဲ ပိုမိုတောက်ပစေမှာဖြစ်ပါတယ်။ မန်ယူရဲ့ လက်ရှိအနေအထားကို ကြည့်ရင် အက်ရှ်လေယန်း၊ လုခ်ရှော၊ ရိုဂျို၊ မိုဗစ်နဲ့ မန်ဆက်ရှ်တို့ ဒဏ်ရာရရှိနေကြပြီး ကစားသမားတွေလည်း ပွဲပန်းနေကြပါတယ်။ မန်ယူအသင်းဟာ ဒီနှစ်မှာ ယူရိုပါလိဂ်ဖလားရရှိရေးဟာ အရေးတကြီး လိုအပ်နေတာမို့ ဖောင်ဖျက် ကစားပါလိမ့်မယ်။

မန်ယူရဲ့ ဒီနှစ် ယူရိုပါလိဂ်ဖလား ဖြတ်သန်းခဲ့မှုကို ကြည့်ရင် ဆဲလ်တာဗီဂို၊ အန်ဒါလက်ချ်၊ ရိုစတော့ဗ်၊ စိန့်အက်တီယန်၊ ဇော်ယာ၊ ဖီယင်နူ၊ ဖီနာဘာချီစတဲ့အသင်းတွေနဲ့ ကစားခဲ့တဲ့အခါ တစ်ပွဲမှ မရှုံးခဲ့ပါဘူး။ ဒ့ါအပြင် မန်ယူတိုက်စစ်မှူးတွေက စုစုပေါင်း ၂၃ ဂိုး သွင်းယူနိုင်ခဲ့ပြီး ပေးဂိုးက ရှစ်ဂိုးသာရှိခဲ့မှုကလည်း ခံစစ်ပိုင်းကောင်းမွန်တာကို ပြသနေပါတယ်။ မန်ယူဟာ ယူရိုပါလိဂ် ၁၀ ပွဲ ဆက်တိုက်ရှုံးပွဲမရှိခဲ့ဘဲ ကစားနိုင်ခဲ့တာမို့ အိုင်းယက်စ်တို့လည်း သတင်းကြီးနေတဲ့ မန်ယူကို အချိန်ယူ ပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ မန်ယူတိုက်စစ်မှာ လူငယ်တွေကို ပွဲထုတ်ဖို့ရှိနေပြီး ပေ့ါဂ်ဘာလည်း ပြန်လည်ခြေစွမ်းပြနိုင်ရင်တော့ ရလဒ်ကောင်းကို မန်ယူပိုင်ဆိုင်နိုင်အောင် ကြိုးစားပါလိမ့်မယ်။

အိုင်းယက်စ်တို့ကတော့ လောလောဆယ်မှာ ဒဏ်ရာပြဿနာမရှိဘဲ ရှူအိုနီတစ်ဦးတည်းသာ ဒဏ်ရာရရှိနေခြင်းဖြစ်ပြီး ကျန်ကစားသမားများကတော့ ကောင်းကောင်းအနားရထားပါတယ်။ အိုင်းယက်စ်တို့က အခုလို နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်ခဲ့ရာမှာ စုစုပေါင်း ၂၄ ဂိုး သွင်းယူခဲ့ပြီး ပေးဂိုးမှာတော့ အိုင်းယက်စ်တို့က ၁၅ ဂိုး ရှိခဲ့ပါတယ်။

ဒ့ါအပြင် အိုင်းယက်စ်တို့က အဝေးကွင်း ခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ခံစစ်ပိုင်းလည်း အားနည်းတာမို့ သတိထားကစားမှ ရပါလိမ့်မယ်။ အိုင်းယက်စ်တိုက်စစ်မှာ ဒေါလ်ဘတ်၊ ထရာအိုးရေး၊ ယူနက်စ်၊ ကလက်ဆန်တို့က အားကိုးအားထားရသူတွေဖြစ်တာမို့ မန်ယူခံစစ်ကြောင်းက အမှားအယွင်းမရှိမှ ရပါလိမ့်မယ်။ လောလောဆယ်မှာ ခုနစ်သင်းစလုံး ခြေစွမ်းက ဟန်ချက်တူနေတာမို့ တော်ရုံကြိုးစားလို့ မရနိုင်ပါဘူး။ ဒီပွဲက မန်ယူရဲ့နိုင်ပွဲအဖြစ် သတ်မှတ်ရမယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။ ။

မိုးမြင့်လင်းလက်

## ဘန်လေမှ နောက်ခံလူ မိုက်ကယ်ကိန်း မန်ယူက ခေါ်ယူရန် ကြိုးစားနေ

ဘန်လေအသင်း နောက်ခံကစားသမား မိုက်ကယ်ကိန်းကို မန်ယူအသင်းက လာမည့် အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရေး နှစ်ဖက်အသင်း တာဝန်ရှိသူများ ဆွေးနွေးလျက်ရှိသည်။

အသက် ၂၄ နှစ်အရွယ်ရှိ မိုက်ကယ်ကိန်းမှာ မန်ယူအသင်းမှ ၂၀၁၅ ခုနှစ်တွင် ဘန်လေအသင်းသို့ ရောင်းချခဲ့ခြင်းဖြစ်ပြီး ယခုခြေစွမ်းပြနိုင်နေမှုကြောင့် မန်ယူနောက်တန်း အားဖြည့်ရန် ပြန်လည်ခေါ်ယူရေး ကြိုးစားနေခြင်းဖြစ်သည်။ မိုက်ကယ်ကိန်းသည် မန်ယူအသင်း၏ ငယ်မွေးခြံပေါက်ကစားသမားတစ်ဦးဖြစ်ပြီး အသက် ၁၁ နှစ်ကတည်းက မန်ယူသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။

မန်ယူနောက်တန်းတွင် လူငယ်ကစားသမားများ ဖြည့်ဆည်းရန် လိုအပ်လျက်ရှိရာ မော်ရင်ဟိုက မိုက်ကယ်ကိန်းအား ပြန်လည်ခေါ်ယူရေးဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ မန်ယူသည် မိုက်ကယ်ကိန်းအား ဘန်လေသို့ ရောင်းချစဉ်က ပေါင် နှစ်သန်းခန့်သာ ရရှိခဲ့ရာ ယခု ပေါင် ၂၅ သန်းဖြင့် ညှိနှိုင်းလျက်ရှိကြောင်း သတင်းများ ထွက်ပေါ်နေသည်။

“ကျွန်တော်ကတော့ အရင်ကတည်းက မန်ယူမှာပဲ ကစားချင်နေတာပါ။ ဒါပေမယ့် အခြေအနေအရ အသင်းပြောင်း ကစားခဲ့ရပေမယ့် မန်ယူအိမ်မက်က ရှိနေဆဲပါပဲ။ ဘန်လေမှာ ပွဲထွက်ခွင့် များများရခဲ့ပြီး အသင်းကို အကျိုးပြုနိုင်ခဲ့လို့ ပျော်ရွှင်နေပါတယ်”ဟု မိုက်ကယ်ကိန်းက ပြောသည်။



# ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် လူကူးမျဉ်းကျားများရေးဆွဲ

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင်း၌ လမ်းအသုံးပြုသူ ပြည်သူများ ယာဉ်အန္တရာယ်ကင်းစေရန်နှင့် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ လူကူးမျဉ်းကျားများကို မြို့နယ်စည်ပင်သာယာက မေ ၁၉ ရက်မှစ၍ ရေးဆွဲလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ အလက(၃)ထခွဲရှေ့မှာ လူကူးမျဉ်းကျားဆွဲတာပါ။ အမှတ်(၄)လမ်း၊ ရွှေပြည်သာကွေ့၊ ဆီဆိုင်ရှေ့၊ ပုလဲလမ်းဆုံ နဲ့(၁၄)လမ်းဆုံ မီးပွိုင့်မှာလည်း မျဉ်းကျားဆွဲပြီးပါပြီ။ လူကူးမျဉ်းကျားချည်းပဲ အမှတ်(၄)လမ်းမှာ နှစ်ခု၊ ဗိုလ်ချုပ်လမ်းမှာ တစ်ခုနဲ့ ကျန်သုံးနေရာကိုလည်း တစ်ဆက်တည်းလုပ်ဆောင်သွားမှာပါ"ဟု ရွှေပြည်သာမြို့နယ်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ဒုတာဝန်ခံ ကိုရန်နိုင်စိုးက မေ ၂၀ ရက်က ပြောသည်။




ရွှေပြည်သာမြို့နယ်သည် စက်မှုဇုန်များရှိ၍ ယာဉ်ဖြတ်သန်းမှုများသော မြို့နယ်ဖြစ်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရန် မီးပွိုင့်နှင့် လူကူးမျဉ်းကျားများကို လူနှင့်ယာဉ်ဖြတ်သန်းမှုများသော နေရာတို့တွင် လိုအပ်သလို တပ်ဆင်ရေးဆွဲထားလျက်ရှိရာ ဆေးပျယ်နေသော လူကူးမျဉ်းကျားအချို့ကိုလည်း ပြန်လည်ရေးဆွဲလျက်ရှိသည်။ မြို့နယ်အတွင်း နေ့စဉ်သွားလာနေသော ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း စည်းကမ်းလိုက်နာကာ သတ်မှတ်ထားသာ လူကူးမျဉ်းကြားမှသာ လမ်းကူးကြခြင်းဖြင့် မြို့နယ်အတွင်း ယာဉ်မတော်တဆမှုများ ကင်းဝေးစေမည်ဖြစ်သည်။

**သန်းထိုက်(လှိုင်သာယာ)၊**
**ဓာတ်ပုံ-မြင့်သန်းကြည်(ရွှေပြည်သာ)**

# ဆောက်လုပ်ဆဲ ကျေးရွာကျောင်းစာသင်ဆောင်အတွက် အလှူရှင်များလိုအပ်နေ

**ကျောက်တံခါး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရွာသစ်ကြီးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လာမည့် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူဦးရေနှင့် စာသင်ဆောင် လုံလောက်မှုမရှိနိုင်၍ ရွာသူရွာသားများစုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး စာသင်ဆောင်တစ်ခုကို ဆောက်လုပ်လျက်ရှိကာ ထိုစာသင်ဆောင်အတွက် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းတွင် ပညာရေးဌာနမှချပေးထားသော ကျောင်းဆောင်များရှိသော်လည်း လာမည့်ပညာသင်နှစ်တွင် သူငယ်တန်းမှအဋ္ဌမတန်းအထိ ကျောင်းသားဦးရေ စုစုပေါင်း ၂၅၆ ဦးနှင့် ဆရာ ဆရာမ ၁၁ ဦးရှိသဖြင့် စာသင်ကြားနေရသော ကျောင်းသားကျောင်းသူအရေအတွက်နှင့် စာသင်ဆောင် မလုံလောက်ဘဲ အခက်အခဲများ ရင်ဆိုင်နေရ၍ ကျေးရွာနေပြည်သူများ၊ ကျောင်းသားမိဘများ တိုင်ပင်ကာ ကျောင်းဆောင်သစ်ကို ကျောင်းဖွင့်ရာသီချိန်အမီပြီးစီးအောင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ကျောင်းအကျိုးတော်ဆောင်ဦးအေးကြူကပြောသည်။



"စာသင်သားဦးရေနဲ့ စာသင်ဆောင် မမျှတလို့ ပညာသင်ကြားရာမှာ အခက်အခဲရှိခဲ့ပါတယ်။ ကျောင်းဖွင့်ချိန်မှာလည်း နောက်ထပ်တိုးလာမယ့်ကျောင်းသားတွေရှိနေတာကြောင့် စာသင်ဆောင် ထပ်မံတိုးချဲ့မဆောက်ရင် မဖြစ်လို့ အခု အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အုပ်ညှပ်သွပ်မိုး တစ်ထပ်ဆောင်ကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်တာဖြစ်ပါတယ်။ စာသင်ဆောင် ဆောက်လုပ်ရာမှာ ငွေကြေးမပြည့်စုံလို့ သွပ်မိုးပြီးရင်တော့ အကာကို တာလပတ်နဲ့ ယာယီကာရံပြီး သင်ရမှာဖြစ်ပါတယ်။ အလှူရှင်များပေါ်ပေါက်လာရင်တော့ အားချင်းအပြီး တည်ဆောက်နိုင်မှာဖြစ်ပါတယ်"ဟု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ကြွေက ပြောသည်။

ကျောင်းဆောင်အတွက် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ကျောင်းအကျိုးတော်ဆောင်ဦးအေးကြူ ဖုန်း-၀၉-၄၂၀၂၄၃၄၆ နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဖုန်း-၀၉-၂၅၄၄၂၃၄၇၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# တောင်ငူတက္ကသိုလ်မှ သတ္တဗေဒကျောင်းသား ကျောင်းသူများ ဒီမော့ဆိုမြို့နယ်အတွင်း လာရောက်လေ့လာ

**ဒီမော့ဆို မေ ၂၂**

တောင်ငူတက္ကသိုလ်မှ ပါမောက္ခဌာနမှူး ဒေါက်တာဝင်းဝင်းသန်း ဦးဆောင်၍ ပါမောက္ခဆရာမများ၊ သတ္တဗေဒဌာနမှ ကျောင်းသား ကျောင်းသူများ ပါဝင်သော လေ့လာရေးအဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီမော့ဆိုမြို့နယ်အတွင်း အထင်ကရနေရာများသို့ မေ ၂၀ ရက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ စာတမ်းပြုစုရာတွင် မိမိနှင့်သက်ဆိုင်သော စာတမ်းခေါင်းစဉ်အလိုက် အခက်အခဲ မရှိစေရေးအတွက် သွားရောက်လေ့လာခြင်းဖြစ်ကြောင်း၊ လွိုင်ကော်မြို့နယ်အတွင်းရှိ လောပိတရေအားလျှပ်စစ်စက်ရုံ၊ သဘာဝကြွတ်ဂူနှင့် မြကလပ်တောင်တော်ကိုလည်းကောင်း၊ ဒီမော့ဆိုမြို့နယ်တွင် ပန်ပက်ကျေးရွာ၊ ငွေတောင်ဆည်နှင့် မြို့နယ်ပျားလုပ်ငန်း ဌာနကိုလည်းကောင်း သွားရောက်လေ့လာပြီး ရှမ်းပြည်နယ်တွင်လည်း တောင်ကြီး၊ အင်းလေးနှင့် ရွာငံသို့ ဆက်လက်သွားရောက် လေ့လာသွားမည်ဖြစ်ကြောင်း ပါမောက္ခဌာနမှူး ဒေါက်တာဝင်းဝင်းသန်းက ပြောကြားသည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် တတိယနှစ် ကျောင်းသား ကျောင်းသူ ၅၈ ဦး၊ စတုတ္ထနှစ် ၁၂၃ ဦး၊ ပထမနှစ် ဂုဏ်ထူးတန်း ကျောင်းသား ကျောင်းသူ ၁၃ ဦး၊ ဒုတိယနှစ် ဂုဏ်ထူးတန်း ကိုးဦး၊ တတိယနှစ် ဂုဏ်ထူးတန်း ၁၂ ဦး၊ မဟာသိပ္ပံ ခြောက်ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၂၁ ဦးတို့ ပါဝင်ကြကာ မေ ၂၀ ရက်က ဒီမော့ဆိုမြို့နယ် ပျားလုပ်ငန်းဌာနသို့ လာရောက်လေ့လာစဉ် လွိုင်ကော်မြို့နယ်တာဝန်ခံ ဦးကျော်ဦး၊ ဒီမော့ဆို မြို့နယ် တာဝန်ခံ ဦးခင်မောင်တင့်နှင့် ဝန်ထမ်းများက ကျောင်းသားကျောင်းသူများ သိရှိလိုသည်များကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကောလင်းတွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ရန် အစီအစဉ်မရှိသေး

**ကောလင်း မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်မှ မေးမြန်းချက်အပေါ် ကျောင်းဖွင့်ခွင့်ပြုခြင်းသည် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုခြင်းဖြစ်သဖြင့် ပြည်ထောင်စုအဆင့်မှသာ ဆောင်ရွက်၍ရမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် ကျောင်းဖွင့်လှစ်ရန်အစီအစဉ်မရှိသေးကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၏ လွှတ်တော်တွင် ဖြေကြားချက်အရ သိရသည်။

ကောလင်းမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ပေးရန်နှင့် အကယ်၍ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိမရှိကို ကောလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းက မေ ၁၉ ရက်က ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မေးမြန်းခဲ့ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းကပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးအတွင်း နည်းပညာနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားရန်အတွက် မုံရွာမြို့၊ စစ်ကိုင်းမြို့နှင့် ကလေးမြို့များတွင် နည်းပညာတက္ကသိုလ် သုံးခု၊ ရွှေဘိုမြို့တွင် နည်းပညာကောလိပ်တစ်ခု၊ ကန့်ဘလူမြို့နှင့် ခန္တီးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ နှစ်ခု၊ မုံရွာမြို့၊ ချောင်းဦးမြို့၊ ကလေးမြို့နှင့် ခန္တီးမြို့တို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း လေးခုတို့ကို ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း လေးကျောင်းတွင် နှစ်စဉ် ကျောင်းအလိုက် စာသင်ခန်းအရွယ်အစား ဝင်ဆံ့မှုအပေါ် မူတည်၍ လက်ခံသင်ကြားပေးလျက်ရှိရာ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မုံရွာကျောင်း၌ ကျောင်းသား ၁၅၀၊ ချောင်းဦးကျောင်း၌ ၃၃ ဦး၊ ကလေးကျောင်း၌ ၁၂၂ ဦး၊ ခန္တီးကျောင်း၌ ၇၅ ဦးကို လက်ခံသင်ကြားပေးလျက်ရှိသည်။ အဆိုပါကျောင်းများသို့ တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသားများအား နိုင်ငံတော်က တစ်လလျှင် ကျောင်းသားတစ်ဦး ကျပ်သုံးသောင်းစီ ထောက်ပံ့ပေးလျက်ရှိပြီး အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် နှစ်နှစ်တက်ရောက်ပြီး အောင်မြင်သူများသည် အစိုးရ စက်မှုလက်မှုသိပ္ပံများသို့ ဆက်လက်တက်ရောက်နိုင်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ထရန်စဖော်မာရှော့ခ်ဖြစ်၍ ဝန်ထမ်းတစ်ဦးဓာတ်လိုက်သေဆုံး

**ဖလမ်း မေ ၂၂**

ချင်းပြည်နယ် ဖလမ်းမြို့၌ မေ ၂၀ ရက် နေ့လယ်ပိုင်းက ထရန်စဖော်မာရှော့ခ်ဖြစ်၍ ပြုပြင်သည့် လျှပ်စစ်ဝန်ထမ်းတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဖလမ်းမြို့ တလန်လိုရပ်ကွက်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာသည် မေ ၂၀ ရက် နံနက်ပိုင်းက ရှော့ခ်ဖြစ်နေ၍ လျှပ်စစ်ဝန်ထမ်းတစ်ဦးဖြစ်သော ဦးဗန်ဘွဲ့လျန်က မွန်းတည့် ၁၂ နာရီခန့်တွင် သွားရောက်ပြုပြင်စဉ် ဓာတ်လိုက်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းအတွက် ရန်ပုံငွေထည့်ဝင်ထားသူများအား ပြန်ထုတ်ပေး

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)ရှိလမ်းများကို ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းခင်းရန် ရန်ပုံငွေ ၁၀၀ ရာခိုင်နှုန်းအပြည့် ထည့်ဝင်ထားသူများအား တစ်ဧကလျှင်ကျပ် ၁၅ သိန်းနှုန်းဖြင့် ငွေပြန်လည်ပေးအပ်ပွဲကို စက်မှုဇုန်(၁) ရုံးခန်းမ၌ မေ ၁၉ ရက်က ကျင်းပခဲ့သည်။

စက်မှုဇုန်(၁)ဥက္ကဋ္ဌ ဦးမျိုးသိန်းက စက်မှုဇုန်အတွင်း ယာဉ်နှင့်ပြည်သူ သွားလာရေး လွယ်ကူစေရန် စက်မှုဇုန်လုပ်ငန်းရှင်များ ထည့်ဝင်ခဲ့ကြသည့်ငွေကို အရစ်ကျအဖြစ် ပထမအကြိမ် ပြန်လည်ပေးအပ်ခြင်းဖြစ်ပြီး စက်မှုဇုန်ကြီး သာယာလှပစေရန် ယခုကဲ့သို့ ဝိုင်းဝန်းလက်တွဲ၍ ဆက်လက်လုပ်ဆောင်ကြရန် အမှာစကားပြောကြားသည်။ ထို့နောက်ကွန်ကရစ်လမ်းထပ်ပိုးခင်းရန် တစ်ဧကလျှင် ကျပ်သိန်း ၉၀ စီ ထည့်ဝင်ထားသော စက်မှုဇုန်လုပ်ငန်းရှင်များအား တစ်ဦးလျှင် ကျပ် ၁၅ သိန်းစီကို ပထမအရစ်အဖြစ် ပြန်လည်ထုတ်ပေးခဲ့သည်။

ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)ကို ၁၉၉၀ ပြည့်နှစ်တွင် မြို့ပြနှင့်အိမ်ရာဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ပြီး ဇုန်အတွင်းအသုံးပြုနေသော ၁၁ ဒသမ ၈၆ မိုင်ရှည်သည့် လမ်းမှာ ပျက်စီးလာသည့်အတွက် စက်မှုဇုန်လုပ်ငန်းရှင် ၁၉၈ ဦးက တစ်ဧကလျှင် ကျပ်သိန်း ၉၀ နှုန်းဖြင့် ထည့်ဝင်ပြီး ၂၀၁၅ ဇန်နဝါရီလမှစ၍ လမ်းပေါင်း ၂၂ လမ်းတွင် ကွန်ကရစ်ထပ်ပိုးလွှာခင်းခဲ့ကာ ပိုငွေကို ပထမအကြိမ်အဖြစ် ပြန်လည်ထုတ်ပေးခြင်းဖြစ်ပြီး အရစ်ကျ ပြန်လည်ပေးအပ်သွားမည်ဟု သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## စလင်းမြို့နယ် ပဲတီစိမ်းစိုက်ခင်းများ အဝါရောင်ပြောင်း၍ အထွက်နှုန်းကျဆင်း

**စလင်း မေ ၂၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရဒေးကျေးရွာအုပ်စု ရဒေးကျေးရွာနှင့် သစ်ကိုက်အရှေ့ရွာ၊ အနောက်ရွာတို့တွင် မတ်လဆန်းက စတင်စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများသည် နှစ်ပတ်သားခန့်မှစတင်၍ မူလအရောင်မှ အဝါရောင်သို့ပြောင်းလဲသွားကြောင်းနှင့် ပဲတီစိမ်းမှာ ရက် ၆၀ တွင် စတင်ရိတ်သိမ်းနိုင်ပြီး ရိတ်သိမ်းသောအခါ မူလက တစ်ဧကလျှင် တင်း ၃၀ ခန့်ထွက်ရှိရာမှ ယခုအဝါရောင်ပြောင်းသွားသော စိုက်ခင်းများမှာ အသီးလှီပြီး တစ်ဧက ၁၂ တင်းနှင့်အောက်သာ ထွက်ရှိသည်။ အဝါရောင်ပြောင်းသွားသော ပဲတီစိမ်းမျိုးများမှာ မူလဒေသစိုက်မျိုးများဖြစ်ပြီး မျိုးတစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိပေးရသည်။ အချို့တောင်သူများက မျိုးသစ်တစ်ပြည်အား ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရာ အဝါရောင်မပြောင်းဘဲ မူလအထွက်နှုန်းထွက်ရှိသည်။ တစ်ဧကလျှင် မျိုးခြောက်ပြည်ခန့် ချရသည်။ ယခုအခါ မူလဒေသပဲတီစိမ်းမျိုးစိုက် ဧက ၃၀၀ ခန့်ရှိပြီး မျိုးသစ်စိုက်ဧကမှာ သုံးဧကခန့်သာရှိသည်။ အဆိုပါအဝါရောင်ပြောင်း အထွက်နှုန်းကျသဖြင့် တောင်သူများ အခက်အခဲတွေ့နေရကြောင်းနှင့် လက်ရှိပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ နှင့် လက်ကားဈေး ၃၈၀၀၀ ပေါက်လျက်ရှိကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**ပုဏ္ဏားကျွန်း မေ ၂၂**
ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား/အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက်က အထကအားကစားကွင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကွင်း၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း တက်ရောက်အမှာစကား ပြောကြားသည်။

၂၀၁၇ ခုနှစ် TSDP အစီအစဉ်အရ ကျင်းပသော ယနေ့ ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၅ သင်း စုစုပေါင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။**သူ(ပုဏ္ဏားမြို)**

## ခေတ်မီကိရိယာများဖြင့် မြေတိုင်းတာခြင်း အလုပ်ရုံဆွေးနွေး

**မကွေး မေ ၂၂**
မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၌ ခေတ်မီမြေတိုင်းကိရိယာများဖြင့် မြေတိုင်းတာခြင်းဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို မေ ၂၁ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်ဝင်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့် ရည်ရွယ်ချက်နှင့် ယခင်က ပေကြိုး၊ သံကြိုးများဖြင့် မြေတိုင်းခြင်းထက် ယခုခေတ်မီမြေတိုင်းကိရိယာများဖြစ်သည့် RTK၊ Totalstation တို့ဖြင့် တိုင်းတာခြင်းကြောင့် ပိုမို တိကျမှန်ကန် မြန်ဆန်သည့် ရလဒ်များ ရရှိနိုင်ပုံများ၊ အချိန် ကုန်သက်သာပုံနှင့် လူအင်အားသက်သာပုံများကို ရှင်းလင်းပြောကြားသည်။

ယခင်က သမားရိုးကျ မြေတိုင်းတာစဉ်က ကွင်းတစ်ကွင်းလျှင် အချိန်နှစ်လခန့်ကြာပြီး ယခု ခေတ်မီမြေတိုင်းကိရိယာများဖြင့် တိုင်းတာသည့်အခါ ကွင်းမြေပုံတစ်ခုလျှင် ၁၅ ရက်နှင့် ၂၀ ရက်ကြားတွင် ပြီးစီးနိုင်ကြောင်း၊ လူအင်အားအနေဖြင့်လည်း ယခင်က ဝန်ထမ်းအင်အားအများအပြား သုံးခဲ့ရပြီး ယခု ခေတ်မီစက်ကိရိယာများ အသုံးပြုသည့်အခါ ဝန်ထမ်းအင်အား အနည်းအကျဉ်းဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်တိုင်းလုံး၌ ကွင်းပေါင်း ၁၀၂၀၀ ခန့်နှင့် အကွက်ပေါင်း ၇၆၀ ရှိကြောင်း၊ တစ်နှစ်လျှင် စီမံချက်ဖြင့် ကွင်းပေါင်း ၆၅၀ ခန့်သာ တိုင်းတာနေရကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲ သင်တန်းပို့ချပြီးပါက ယခင်ကထက်ပို၍ တိုင်းတာဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲ သင်တန်းသို့ တိုင်းဒေသကြီးအတွင်း ၂၅ မြို့နယ်မှ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၂၆ ရက်အထိဖြစ်ကြောင်း သိရသည်။
**ကျော်ဇေယျ**

## လေပြင်းတိုက် မိုးရွာသွန်းမှုကြောင့် သစ်ပင်၊ သစ်ကိုင်းများကျိုးကျပြီး လျှပ်စစ်မီးပြတ်တောက်

**မတ္တရာ မေ ၂၂**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မေ ၂၀ ရက် ညနေ ၄ နာရီကျော်က လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းခဲ့မှုကြောင့် သစ်ပင်သစ်ကိုင်းများကျိုးကျ၍ ကားလမ်း ယာယီပိတ်ဆို့ကာ လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။



လေပြင်းတိုက်ခတ်မှုကြောင့် မန္တလေး-မိုးကုတ်ကားလမ်းဘေး မိုင်တိုင်အမှတ်(၂၀/၀)နှင့်(၂၀/၁)အတွင်းရှိ လုံးပတ် ၃ ပေခွဲခန့် မန်ကျည်းပင်မှာ လမ်းဘက်သို့ တိမ်းစောင်းသွားသဖြင့် ညနေ ၆ နာရီကျော်တွင် လမ်းကိုခေတ္တပိတ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းပေးခဲ့ရကာ ၇ နာရီခန့်တွင် လမ်းကြောဖွင့်ပေးနိုင်ခဲ့ပြီး ပုံမှန်အတိုင်း ဆက်သွယ်သွားလာနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ လေပြင်းတိုက်ခတ်မှုကြောင့် မတ္တရာမြို့အမှတ်(၂)ရပ်ကွက်၊ ရန်ကင်းရပ်ရှိ အခြေခံပညာမူလတန်းကျောင်းမှ အုတ်တံတိုင်းသုံးခန်း ပြိုလဲခြင်း၊ ကြားရွာကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်းမှ နှစ်ခန်းတွဲရေလောင်းအိမ်သာ သွပ်အမိုးလန်ပြီး နံရံတစ်ဖက်ပျက်စီးခြင်း၊ ကောက်ရိုးပုံကျေးရွာအုပ်စု ကောက်ရိုးပုံကျေးရွာ သုသာန်ဇရပ်ပေါ်သို့ သစ်ကိုင်း ကျိုးကျသဖြင့် သွပ်အမိုးများနှင့် အသားချောင်းများ ပျက်စီးဆုံးရှုံးခြင်းတို့ ဖြစ်ပွားခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်ခြင်းများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။
**စိုးကျော်သူထွေး(မတ္တရာ)**

## ဖလမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဟားခါး မေ ၂၂**
ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ဝန်ကြီးများက ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၀ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟားခါး-ဖလမ်း ကားလမ်းပေါ်တွင် စက်ယန္တရားများဖြင့် မြေကာနံရံများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မိုးဦးမကျမီကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို လမ်းညွှန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖလမ်းမြို့ဆူရ်ဘုန် လေယာဉ်ကွင်း တည်ဆောက်ရေး လုပ်ငန်းခွင်ကို သွားရောက်စစ်ဆေးရာ တာဝန်ယူတည်ဆောက်လျက်ရှိသော လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများက တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လိုင်ဗားဆည်သို့ ရောက်ရှိကြပြီး ဆည်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ဆည်တာတမံ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆည်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တောများ ထိန်းသိမ်းရေးတို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။




ဖလမ်းမြို့ဆူရ်ဘုန်လေယာဉ်ကွင်းတည်ဆောက်မှုလုပ်ငန်းခွင်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရမ်ထလိုကျေးရွာအုပ်စု တလန်ဇာရ်ကျေးရွာ၌ ကျေးလက်နေ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့အစိုးရတစ်ခုတည်းဖြင့် ဖော်ဆောင်၍ မရနိုင်ကြောင်း၊ အစိုးရအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသလို ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာလျှင် မိမိတို့ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေ ကျပ်သိန်း ၅၀ ကို ပြည်နယ်လူမှုရေးဝန်ကြီးဦးပေါင်လွန်းမင်ထန်က ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**



## အန္တရာယ်ရှိနိုင်သော ချောင်းကူးတံတား ပြန်လည်တည်ဆောက်ပေးစေလို

**ဒလ မေ ၂၂**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အောင်မင်္ဂလာရပ်ကွက် ရှင်စောပုလမ်းမနှင့် မြို့မ(၄)ရပ်ကွက် ဒလသဘော်ကျင်းလမ်းမတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ဒေါသာချောင်းကူး ဘေလီသံပေါင်တံတားမှာ ပျက်စီးယိုယွင်းနေပြီး ဖြတ်သန်းသွားလာသော ပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်၍ ပြုပြင်ပေးရန် ဒေသခံပြည်သူများ လိုလားလျက်ရှိကြောင်းသိရသည်။

အဆိုပါတံတားမှာ ဒလမြို့နယ် အောင်မင်္ဂလာရပ်ကွက်အတွင်းရှိ ဒေါသာချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော တံတားဖြစ်ပြီး ယခုအခါ တံတား၏ ကြံ့ခိုင်မှုမှာ အားနည်းလျက်ရှိကာ တံတားပေါ်တွင်လည်း နေ့စဉ်ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းမောင်းနှင်သွားလာနေကြပြီး ဒလသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူများလည်း အဓိက အားထားနေရသော တံတားတစ်ခုဖြစ်ခြင်းကြောင့် လာမည့် မိုးရာသီအတွင်း အချိန်မရွေး အန္တရာယ်ရှိနိုင်သည့် ထိုတံတားကို ပြန်လည်တည်ဆောက်ပေးရန် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများက ဆန္ဒရှိနေကြခြင်းဖြစ်သည်။

အောင်မင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းစိုးက တံတားကို တည်ဆောက်ထားသည်မှာ နှစ် ၂၀ကျော်ပြီဖြစ်ပြီး တံတားအရှည် ၈၁ ပေ၊ အကျယ် ၁၂ ပေရှိ ဘေလီသံပေါင်တံတား ဖြစ်ကြောင်း၊ ကြမ်းခင်းများမှာ သစ်သားများဖြစ်ပြီး အချိန်ကြာလာသည်နှင့်အမျှ ကြံ့ခိုင်မှု အားနည်းလာကြောင်း၊ ထိုတံတားမှာ ဒလမြို့နယ် မြို့မ(၄) ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင်ရွှေစာရံစေတီသို့လာသော ဘုရားဖူးကားများ၊ ဆိုက်ကားများဖြင့် ဒလသို့ လာရောက်လေ့လာကြသော ကမ္ဘာလှည့်ခရီးသွားများနှင့်အတူ ဒေသခံပြည်သူများ၊ ကုန်တင်ကားများ၊ ယာဉ်ကြီးယာဉ်ငယ်များ၊ နေ့စဉ် ဖြတ်သန်းသွားလာနေကြသော တံတားဖြစ်ကြောင်း၊ တံတားမှာ လက်ရှိအချိန်တွင် အတော် ပျက်စီးယိုယွင်းနေပြီဖြစ်၍ ဒေသခံပြည်သူများနှင့် ခရီးသွားများ အန္တရာယ်ကင်းဘေးကင်းစွာ ဖြတ်သန်းသွားလာနိုင်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တံတားကို အသစ်ပြန်လည်တည်ဆောက်ပေးစေလိုကြောင်း ပြောကြားသည်။
**နိုင်လင်းကျော်(ဒလ)**

# ဘားအံမြို့ ကမ်းနားလမ်းသာယာလှပရေးဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး

**ဘားအံ မေ ၂၂**
ကရင်ပြည်နယ် ဘားအံမြို့၏ ကမ်းနားလမ်းကို သန့်ရှင်းသာယာ လှပစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီနှင့် UHM ကုမ္ပဏီတို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၀ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တင်ဒါစိစစ်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းက လုပ်ငန်းဆိုင်ရာများရှင်းလင်းပြောကြားကာ UHM ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကမ်းနားလမ်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တင်ဒါစိစစ်ရွေးချယ်ရေး ကြီးကြပ်မှုကော်မတီဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီတာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့သည်။


စီမံကိန်းဆောင်ရွက်မည့် ကမ်းနားလမ်း၏ ကောင်းကင်ဓာတ်ပုံ

အဆိုပါစီမံကိန်းတွင် အရှည် ပေ ၆၀၀၀ ကျော်ရှိ ဘားအံမြို့ ကမ်းနားလမ်း၏ ဇားမဲတောင်မှ ရွှေယဉ်မျှော်အထိ လမ်းပိုင်းတွင် ယခင် ၂၄ ပေအကျယ်လမ်းကို အကျယ် ၁၀ ပေ တိုးချဲ့ခြင်း၊ ရေပန်းဥယျာဉ်အလှတည်ဆောက်ခြင်း၊ ကမ်းနားလမ်းရေပေါ်ညဈေး တည်ဆောက်ခြင်း၊ ရွှေယဉ်မျှော်ဘုရားနားတွင် ပန်းခြံငယ် တည်ဆောက်ခြင်း၊ အများပြည်သူအပန်းဖြေနိုင်မည့်နေရာ၊ ကစားကွင်း(သဲကွင်း)များ ပြုလုပ်ခြင်း၊ လမ်းမီးများ ထွန်းညှိခြင်း၊ ဈေးဆိုင်ခန်းများ၊ ဘက်စုံသုံးခန်းမနှင့် River View Hotel လုပ်ငန်းများ ပါဝင်ကာ စီမံကိန်းတန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်းကိုးသောင်းကျော်ခန့်မှန်းကုန်ကျမည်ဖြစ်ပြီး စီမံကိန်းကာလအားဖြင့် လေးနှစ်ကြာမြင့်မည်ဟု ရေးဆွဲထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဂျပန်ရိုးရာ နင်ဂျာယဉ်ကျေးမှုများအကြောင်း သရုပ်ပြပွဲကျင်းပ

**ရန်ကုန် မေ ၂၂**
ဂျပန်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုထဲတွင် ပါဝင်သော နင်ဂျာယဉ်ကျေးမှုနှင့်ပတ်သက်၍ သရုပ်ပြပွဲကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေအတွင်းရှိ MICT Park ၌ မေ ၂၁ ရက်က ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀-၆၀၀ ခန့်က တစ်နိုင်ငံနှင့်တစ်နိုင်ငံ သတင်းအချက်အလက်များ၊ လျှို့ဝှက်ချက်များကို လိုက်လံစုံစမ်းသော နင်ဂျာများ ပေါ်ပေါက်ခဲ့ဖူးကြောင်း သိရသည်။ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာနမှူး ပထမအတွင်းဝန် တိုရှိမိချိကိုဂ(Toshimichi KOGA)က "တစ်ယောက်နဲ့တစ်ယောက် မိသွားတဲ့အခါမှာ တိုက်တာခိုက်တာလုပ်ခဲ့တဲ့ နင်ဂျာဆိုတာ ရှိခဲ့တယ်။ လက်ရှိမှာတော့ နင်ဂျာဆိုတာ တည်ရှိမနေတော့ဘူး။ အရင်ခေတ်က နင်ဂျာတွေ ဘယ်လိုပုံစံမျိုးနဲ့ နေထိုင်ခဲ့တယ်ဆိုတာနဲ့ နင်ဂျာတွေရဲ့ ယဉ်ကျေးမှု မပျောက်ပျက်အောင် အစဉ်အဆက် လက်ဆင့်ကမ်းပြီး သရုပ်ပြမှုတွေကို လုပ်နေတာပါ။ နင်ဂျာတွေရဲ့ ယဉ်ကျေးမှုကို အားလုံးကိုမိတ်ဆက်ပေးချင်တာပါ" ဟု ပြောကြားသည်။

နင်ဂျာသရုပ်ပြပွဲကို Japan Culture House က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး သရုပ်ပြပွဲတွင် ဂျပန်နိုင်ငံမှ လာရောက်သော သရုပ်ပြအဖွဲ့ဝင် လေးဦးအနက် သုံးဦးက နင်ဂျာများအသုံးပြုသော လက်နက်များနှင့် တိုက်ခိုက်ပုံနည်းစနစ်များကို သရုပ်ပြခဲ့ကြသည်။



အဆိုပါအဖွဲ့သည် မေ ၂၃ ရက်တွင်လည်း မန္တလေးမြို့သို့သွားရောက်ကာ နင်ဂျာယဉ်ကျေးမှုအကြောင်း သရုပ်ပြသခြင်း အစီအစဉ်များ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကဗျာဝကမ်းခြေတွင် ကျောက်ပုစွန်ဖမ်းဆီးရမိမှု အဆမျာစွာလျော့နည်းလာ

**ရေး မေ ၂၂**
မွန်ပြည်နယ် ရေးမြို့နယ် ကဗျာဝပင်လယ်ကမ်းခြေ၏ အဓိက ရေလုပ်ငန်းတစ်ခုဖြစ်သည့် ကျောက်ပုစွန်ဖမ်းသည့်လုပ်ငန်းများအနေဖြင့် ကျောက်ပုစွန်ဖမ်းဆီးရမိမှုမှာ ယခင် ၁၀ နှစ်တာကာလအတွင်းနှင့်နှိုင်းယှဉ်ပါက အဆများစွာ လျော့နည်းလာလျက်ရှိကြောင်း ဒေသတွင်း ကျောက်ပုစွန်လုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။

ဒေသအခေါ် ခဲပုခေါ်သည့် ကျောက်ပုစွန်များကို ယခင် ၁၀ နှစ်တာကာလအတွင်းက တစ်ရက်လျှင် ပျမ်းမျှ ပိဿာချိန် ရာဂဏန်းအထိ ဖမ်းမိခဲ့ရာမှ ယခုအခါ ဆယ်ဂဏန်းမျှသာ ဖမ်းမိတော့ကြောင်း သိရသည်။ ကျောက်ပုစွန်ဖမ်းကြသူများမှာ ယခင်က စက်လှေငယ်ဖြင့် ကမ်းနီးပင်လယ်ပြင်တစ်လျှောက်တွင် ပိုက်ကွန်ဖြင့်လည်းကောင်း၊ ခဲပုံးဖြင့်လည်းကောင်း ဖမ်းဆီးကာ အရများသည့်ကာလတွင် တစ်ရက် ပိဿာချိန် ၂၀ အထိ ရရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ကမ်းဝေး ငါးဖမ်းစက်လှေကြီးတချို့ ကမ်းနီးသို့ ဝင်ရောက်ဖမ်းဆီးလာခြင်းကြောင့် ကျောက်ပုစွန်ဖမ်းဆီးရမိမှုမှာ လျော့ကျလာပြီး တစ်ရက်လျှင် တစ်ပိဿာခန့်သာ ဖမ်းမိတော့ကြောင်း ကျောက်ပုစွန်ဖမ်းဆီးသည့်လုပ်ငန်း လုပ်ကိုင်နေသူ ဦးကျော်အောင်က ပြောပြသည်။



ကဗျာဝပင်လယ်ကမ်းခြေတွင် ကျောက်ပုစွန်လုပ်ငန်း လုပ်ကိုင်နေသူမှာလည်း လွန်ခဲ့သည့် ၁၀ နှစ်ခန့်က သုံးဦးခန့်သာရှိရာမှ ယခုအခါ ၁၀ ဦးခန့်အထိ ရှိလာကြောင်း သိရသည်။ ကျောက်ပုစွန် ဖမ်းသူများ ဖမ်းဆီးရမိသော ကျောက်ပုစွန်အရှင်များကို အကြီးအသေး အမျိုးအစားနှစ်မျိုးခွဲခြားကာ သိလှောင်ကန် အဝယ်ဒိုင်များထံ ပိဿာချိန်ဖြင့် ပြန်သွင်းပြီးမှ ရန်ကုန်ကျောက်ပုစွန်အဝယ်ဒိုင်သို့ တင်ပို့ကာ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပင်လယ်ကမ်းခြေတွင် ပင်လယ်စာအဖြစ်လည်း လာရောက်ဝယ်ယူကြသူများရှိကြောင်း အဝယ်ဒိုင်များထံမှ သိရသည်။

**နေမျိုးထွန်း(ရေး)**

## မှုခင်းသတင်းတိုများ

### စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ ကျော် သိမ်းဆည်းရမိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကောင်းတုံကျေးရွာတွင် မူးယစ်ဆေးဝါးများ ရောင်းချနေသည့် နေအိမ်တစ်အိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ ကျော်ကို မေ ၂၀ ရက်က ဖမ်းမိခဲ့ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ကောင်းတုံကျေးရွာရှိ ဦးမောင်ထွေး၏နေအိမ်တွင် မူးယစ်ဆေးဝါးများ သုံးစွဲရောင်းချနေကြောင်း သတင်းအရ စင်းခန်းနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကျော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဦးမောင်ထွေးနှင့် ဇနီး ဒေါ်ရွယ်နှောင် (ခ)ဒေါ်တုတ်တို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၅၀ ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ဦးမောင်ထွေးနှင့် ဒေါ်ရွယ်နှောင် တို့အား စင်းခန်းနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



### ခြောက်ဘီးကားနှင့် ဆိုင်ကယ်တိုက်မိ၍ အမျိုးသမီးတစ်ဦး သေဆုံး

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဒူးကျိုးကျေးရွာအနီး ဇဝဲ-တကူ ကားလမ်းမပေါ်၌ မေ ၂၀ ရက် နံနက်က ခြောက်ဘီးကုန်တင်ကားနှင့် ဆိုင်ကယ်ပွတ်တိုက်မိရာမှ အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး သေဆုံးခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ဖြစ်စဉ်မှာ သောင်းဗိုလ်(၃၂ နှစ်)မောင်းနှင်ပြီး တူတော်စပ်သူ အောင်ချမ်းအေး(၁၂ နှစ်)နှင့် မခင်စန်း(၂၆ နှစ်)တို့ လိုက်ပါလာသည့် ဆိုင်ကယ်သည် ဇဝဲ-တကူ ကားလမ်းမပေါ်၌ ရှေ့မှ ညီညီစိုး(၂၇ နှစ်) မောင်းနှင်သည့် ခြောက်ဘီးကုန်တင်ကားကို ကျော်တက်စဉ် ကားကိုယ်ထည်ကို ဆိုင်ကယ်လက်ကိုင်နှင့် ပွတ်တိုက်မိပြီး ဟန်ချက်ပျက်ကာ ဆိုင်ကယ်နောက်တွင်လိုက်ပါလာသူ မခင်စန်းမှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လူသေဆုံးမှုဖြစ်အောင် ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူ သောင်းဗိုလ်နှင့် ခြောက်ဘီးကားမောင်းသူ ညီညီစိုးတို့အား တနင်္သာရီမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

### နွားများ တရားမဝင်သယ်ဆောင်လာသူလေးဦးကို ဖမ်းမိ

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွှေပန်းငူကျေးရွာ၌ တရားဝင် ခွင့်ပြုချက် အထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ နွားများကို သယ်ဆောင်လာသူလေးဦးအား မေ ၁၉ ရက် ညပိုင်းက ဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင်နွားများ သယ်ဆောင်လာကြောင်း သတင်းအရ လှည်းဆိပ်ရဲကင်းစခန်းမှူး ရဲအုပ်ညွန့်အောင်နှင့် အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရွာအနီးလယ်ကွင်းထဲတွင် နွားထီးခုနစ်ကောင်နှင့် နွားမတစ်ကောင်တို့ကို မြင့်သန်း၊ ထွန်းမြင့်၊ ထွန်းထွန်းနိုင်နှင့် ကျော်မျိုးဦးတို့ လေးဦးက သယ်ဆောင်လာခြင်းဖြစ်ပြီး တရားဝင်ခွင့်ပြုချက် အထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့လေးဦးအား ကျောင်းကုန်းမြို့မရဲစခန်းတွင် အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



### ကိုရင်တစ်ပါး အဆိပ်သောက်၍ သေဆုံးမှုဖြစ်ပွား

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ထန်းလုံးတပ်ကျေးရွာ ရွာဦးကျောင်း၌ စိတ်မမှန်သော ကိုရင်တစ်ပါး အဆိပ်သောက်၍ သေဆုံးမှု မေ ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း ချောင်းခွနယ်မြေရဲစခန်းမှ သိရသည်။ အဆိုပါကျောင်းမှ ကိုရင်အာဒိစ္စ(ခ)ဌေးလှိုင်ဦး(၁၃ နှစ်)သည် အဆိပ်သောက်၍သေဆုံးကြောင်း သတင်းအရ ချောင်းခွနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ကြည်နှင့် တပ်ဖွဲ့ဝင်များက ကျောက်ဆည်ဆေးရုံတွင် သွားရောက်စစ်ဆေးရာ သေဆုံးသူတွင် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိရဘဲ အစာအိမ်ထဲတွင် ပိုးသတ်ဆေးရည်တစ်မျိုး တွေ့ရကြောင်းနှင့် ၎င်းကိုရင်သည် စိတ်မူမမှန်ဘဲ တဇွတ်ထိုးပြုလုပ်တတ်ကြောင်း သိရသဖြင့် ချောင်းခွရဲစခန်းမှူး ရဲအုပ်အောင်ကြည်က နယ်မြေရဲစခန်း၌ သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲတင့်**

# THANLWIN PRIVATE SCHOOL

## သံလွင်ပုဂ္ဂလိက အလယ်တန်းကျောင်း

# ကျောင်းအပ်လက်ခံနေပါပြီ

MENTAL DEVELOPMENT

PHYSICAL DEVELOPMENT

သံလွင်ပုဂ္ဂလိက အလယ်တန်းကျောင်းအနေဖြင့် ကျောင်းသူ/ သားများ၏ ကာယနှင့် ဉာဏဘက်စုံ ဖွံ့ဖြိုးစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော နိုင်ငံတော်သင်ရိုးကို သင်ကြားမည်ဖြစ်ပြီး STEM ၊ English 4 Skills ၊ Life Skills ၊ မြန်မာမှုရေးရာပညာ၊ ပန်းချီ၊ ဂီတ၊ သဘင်၊ စိုက်ပျိုးရေးနှင့် အားကစားဘာသာရပ်များကို (ဖြည့်စွက်) ထည့်သွင်းသင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

ကျောင်းအပ်နှံမှုဆိုင်ရာ အချက်အလက်များအား အသေးစိတ်သိရှိလိုပါက

နေ့စဉ်(ပိတ်ရက်မရှိ) နံနက် ၉ : ၀၀ နာရီမှ ည ၇ : ၀၀ နာရီ အထိ အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်စုံစမ်း၍ ကျောင်းအပ်နှံနိုင်ပါသည်။

**Thanlwin Private School**

အမှတ်(၂၀၃)၊ (၅)လမ်း၊ ကံ့ကော်အိမ်ရာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း ၀၁ ၆၃၉၃ ၉၇၊ ၀၁ ၆၃၉၃ ၉၉၊ ၀၉-၇၇၈ ၇၇၉ ၇၃၉၊ ၀၉ ၂၄ ၂၄ ၂၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကလေးငယ်များအား လောကတွင် အမြင့်ဆုံးရှင်သန်ခွင့်ရရှိနိုင်ရန် လေ့ကျင့်ပေးသည်။**

---

THANLWIN EDUCATION SERVICES

THANLWIN PRIVATE SCHOOL

### သံလွင်ပညာရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်

## သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်း

၁။ သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်းအား (၂၀၁၇-၂၀၁၈) ပညာသင်နှစ်တွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အစိုးရဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများကို သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်းတွင် ကျောင်းအပ်နှံပါက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အတန်းအလိုက်ကျောင်းလခနှုန်းထားများကို အောက်ဖော်ပြပါအတိုင်း လျှော့ပေါ့ကောက်ခံသွားမည်ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | လျှော့ပေါ့နှုန်းထား |
|---|---|---|
| (က) | အစိုးရဝန်ထမ်း (ညွှန်ကြားရေးမှူးနှင့်အထက်) | ၅% |
| (ခ) | အစိုးရဝန်ထမ်း (ဒုတိယညွှန်ကြားရေးမှူးနှင့်အောက်) | ၁၀% |
| | (မိဘနှစ်ဦးစလုံးဝန်ထမ်းဖြစ်ပါက) | ၁၅% |
| (ဂ) | စစ်မှုထမ်း၊ ပညာရေးဝန်ထမ်း | ၁၅% |
| (ဃ) | အတူတကွကျောင်းတက်ရောက်ကြမည့် မောင်နှမအရင်းအခြာများအတွက် သီးခြားသတ်မှတ်ထားသော လျှော့ပေါ့နှုန်းထားများ | |

၃။ သံလွင်ပုဂ္ဂလိကကျောင်းအနေဖြင့် ကျောင်းသူ/သားများ၏ ကာယနှင့်ဉာဏဘက်စုံဖွံ့ဖြိုးစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှချမှတ်ထားသော နိုင်ငံတော်သင်ရိုးကို သင်ကြားမည်ဖြစ်ပြီး STEM၊ English 4 Skills၊ Life Skills ၊ မြန်မာမှုရေးရာပညာ၊ ပန်းချီ၊ ဂီတ၊ သဘင်၊ စိုက်ပျိုးရေးနှင့် အားကစားဘာသာရပ်များကို (ဖြည့်စွက်) ထည့်သွင်းသင်ကြား လေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက -

**Thanlwin Private School**

အမှတ်(၂၀၃)၊ (၅)လမ်း၊ ကံ့ကော်အိမ်ရာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း ၀၁ ၆၃၉၃ ၉၇၊ ၀၁ ၆၃၉၃ ၉၉၊ ၀၉-၇၇၈ ၇၇၉ ၇၃၉၊ ၀၉ ၂၄ ၂၄ ၂၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# 1 ကျပ် ရင်းလျှင် 3 ကျပ် ရနိုင်မည့်အခွင့်အရေး

LaVilla
NGWE SAUNG

PHASE-II

## WEEKEND HOME @ ငွေဆောင်

ငွေပိုသူများ
ရင်းနှီးမြှုပ်နှံရန်

လုပ်ငန်းရှင်များ
အနားယူရန်

ချစ်သူများ
အပန်းဖြေရန်

SEA VIEW လုံးချင်းအိမ်ယာမြေ

(၃၀၀) သိန်းခန့် ပေးရုံဖြင့်

APRIL - 2018 နေထိုင်ခွင့်ရမည်။

27,28- May- 2017
9:00 am to 9:00pm
Meliá Yangon Hotel
iGREEN မှရောင်းမည်။




ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ
ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး
တစ်ပေပတ်လည်လျှင်
၉၀၀၀၀ /- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ
စွယ်တော်စီးတီး အိမ်ရာ
မင်္ဂလာဒုံမြို့နယ်
■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀ )ပေါ်တွင်တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။
■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။
■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။
■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။
အထူးအစီအစဉ်အနေဖြင့် AYA BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။
DEVELOPER-
GRAND STYLE CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
TEL : 09 797-332211, 09 797-221133
09 799-332211, 09 799-221133

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဆရာမကြီး ဒေါ်အေးသန်း

**ရွှေတောင်မြို့**

**အသက်(၈၆)နှစ်**

ဦးဆန်းမော်ခင်[ညွှန်ကြားရေးမှူး(ငြိမ်း)] ဒေါ်မြင့်မြင့်ဇော်တို့၏ မိခင်သည် ၁၆-၅-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထင်အောင်ဦး-ဒေါ်ဝါဝါ**
**ဦးဝင်းလှိုင်**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုးမောင်

**အသက်(၈၂)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးအောင်မင်းသိန်း(ငြိမ်း)၊ ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး၏ချစ်လှစွာသော ဖခင်ကြီး ဦးစိုးမောင် အသက်(၈၂)နှစ်သည် ၂၁-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးညွန့်ဝင်း၊ ကသ-၉၅နှင့်**
**ဗသက(၁၀၁)မှ သူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းလှိုင်

**(ဒုံးပျံ အိုင်အိုဒင်းဆား)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ် ၁၃၂/B၊ ၇လွှာနေ ဒေါက်တာဇော်နိုင် အမှုဆောင်ဒါရိုက်တာ မြန်မာရောဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ဖခင် ဦးထွန်းလှိုင်သည် ၂၀-၅-၂၀၁၇ရက် (စနေနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့**
**မြန်မာရောဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်**
**သက်ဆိုင်သောကုမ္ပဏီလီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံဆားလုပ်ငန်းရှင်များအသင်း)၏ဖခင်ဖြစ်သူ ဦးထွန်းလှိုင် (ဒုံးပျံအိုင်အိုဒင်းဆား) အသက်(၈၀)သည် ၂၀-၅-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆားလုပ်ငန်းရှင်များအသင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး

**လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)၊ စက်မှုတိုင်း(၃)၊**
**ဆည်/ရေ ဦးစီးဌာန၊ ပြည်မြို့**

**အသက်(၅၉)နှစ်**

ပြည်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ စက်မှုအလုပ်ရုံအဆင့်(ခ)မှ ဦးမြင့်မောင်အေး(လက်ထောက်ညွှန်ကြားရေးမှူး-စက်မှု)သည် ၂၀-၅-၂၀၁၇ရက် နံနက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူးချုပ်)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး

**လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)**

**အသက်(၅၉)နှစ်**

ပြည်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ စက်မှုအလုပ်ရုံ အဆင့်(ခ)မှ ဦးမြင့်မောင်အေး (လက်ထောက်ညွှန်ကြားရေးမှူး-စက်မှု)သည် ၂၀-၅-၂၀၁၇ရက် နံနက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(စက်မှု)နှင့် ဝန်ထမ်းများ**
**စက်မှုတိုင်း(၄)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မန္တလေးမြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး**

## ဒေါ်သင်းသင်းဆက်

**B.Sc (Hons) (Zoo) 1995 Batch, DMA, MBA**
**(Director, Zifam Pyrex Myanmar Co.,Ltd)**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောင်းလမ်း၊ အမှတ်(၃)နေ ဦးကျော်နိုင်စိုး (BE, Civil, 95, Sept)၏ ချစ်လှစွာသောဇနီး ဒေါ်သင်းသင်းဆက်သည် ၁၉-၅-၂၀၁၇ရက် (သောကြာနေ့) ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အသည်းအထူးကုဆရာဝန်ကြီး**
**ပါမောက္ခ ဦးခင်မောင်ဝင်း-ဒေါက်တာဒေါ်ခင်လေးရီ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း မယ်တော်ကြီး**

## ဒေါ်တင်မေ

**အသက်(၉၉)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ သစ်လေးလုံးကျေးရွာအုပ်စု၊ သစ်လေးလုံးကျေးရွာ၊ ဓမ္မလင်္ကာရကျောင်းတိုက်၊ မြတ်ဆုမွန်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၏ဦးစီးပဓာနနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိက၏မယ်တော်၊ (ဦးရွှေပို)၏ဇနီး၊ ဦးမြလွင်-ဒေါ်အုန်းမြင့်၊ ဦးသောင်းမြင့်-ဒေါ်ချစ်ပု၊ ဦးသောင်းတင့်-ဒေါ်ခင်မာစန်း၊ ဦးသောင်းဝင်း-ဒေါ်နုတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် သစ်လေးလုံးကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ရွှေ(ခ)ဒေါ်တင်လေးဝေ

**(အေဝမ်းဖလင်းကုမ္ပဏီလီမိတက်)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၂၅နေ (ဦးမှတ်ကြီး-ဒေါ်ပန်းမယ်)တို့၏သမီး၊ (ဦးအုန်းစိန်-ဒေါ်သောင်းမေ)တို့၏သမီးချွေးမ၊ကိုငြိမ်းချမ်းအောင်၊ကိုညီညီထက်ကျော်-မသဲဖြူဖြူအောင်၊ကိုဝေယံအောင်-မနော်လဲ့လဲ့မွန်၊ ကိုဖုန်းပြည့်အောင်-မဆုရည်နှင်း၊ မောင်ရဲဝင့်စိုးမြ၊ မရတနာစုသက်၊ မောင်ရဲလင်းအောင်-မဇင်မာထက်၊ မောင်အံ့မော်ထွန်း၊ မောင်ရွှေဇင်အောင်၊ ကိုသိန်းမင်းထွဋ်-မမြတ်သိင်္ဂါထွဋ်၊ မောင်ဝင်းသုတထွဋ်၊ ကိုခွန်ကျော်သီဟ-မမေအာရဏ်ဦး၊ မဟေမာန်ယမုံဦး၊ မောင်ယမ်ယမ်တို့၏အဘွား၊ မယွန်းလဲ့ဝေယံ၊ မပန်းမြတ်သခင်တို့၏ဘွားဘွားကြီး၊ ဦးတင်ရွှေ (မင်းသူရိန်ရုပ်ရှင်)၏ချစ်လှစွာသောဇနီးသည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ရွှေ(ခ)ဒေါ်တင်လေးဝေ

**(အေဝမ်းဖလင်းကုမ္ပဏီလီမိတက်)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၂၅နေ (ဦးမှတ်ကြီး-ဒေါ်ပန်းမယ်)တို့၏သမီး၊ (ဦးအုန်းစိန်-ဒေါ်သောင်းမေ)တို့၏သမီးချွေးမ၊ (ဦးအောင်ကြီး)-ဒေါ်သီတာချို၊ (ဦးစိုးမြ)-ဒေါ်ချိုချိုဝင့်(တာဝန်ခံ၊ ဓာတ်မှန်ဌာန၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး)၊ ဦးထွန်းထွန်း-ဒေါ်စိုးစိုးထိုက်၊ ဦးဝင်းဌေး - ဒေါ်မီမီချို၊ ဦးမြင့်လှိုင် - ဒေါ်လွင်လွင်ချို၊ ကိုအောင်ကျော်မိုး (Research Manager Third Eye Co.,Ltd.)တို့၏ချစ်လှစွာသောမိခင်၊ ဦးတင်ရွှေ(မင်းသူရိန်ရုပ်ရှင်)၏ချစ်လှစွာသောဇနီးသည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးချောင်အပ်ကီ(ခ)ဦးလပ်ကီ

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၈(B)၊ ဝေဘာဂီလမ်း၊ အလုံမြို့နယ်နေ ဒေါ်ချွဲဖွန်၏ခင်ပွန်း၊ ချောင်ပတ်ထွေ(ခ)အောင်ကျော်ဝင်း-မရည်မွန်အောင်၊ (ချောင်ပတ်ကွန်)၊ ချောင်ပတ်ရင်(ခ)ရင်ရင်း-မမြင့်မြင့်ဝင်း၊ မအောင်မေကြူတို့၏ဖခင်၊ မောင်ဘုန်းမြတ်ပိုင်၊ မောင်ဇေယျာဖြိုး၊ မောင်ဝင်းမင်းထက်တို့၏ အဘိုးသည် ၂၂-၅-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၂နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်ကြီးရဲနိုင်ဦး (ငြိမ်း)

**OTS (၁၀၆)**

**ဦးစီးအရာရှိ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၄၃)နှစ်**

ဗိုလ်ကြီးရဲနိုင်ဦး(ငြိမ်း) (ဦးစီးအရာရှိ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ၂၀-၅-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (၁၀၆)မှ သူငယ်ချင်းများ**

---

## ဦးမောင်ဦးသာ

**ရွှေပန်းထိမ်၊ ဝက်ပါလမ်း**
**(နေပူခံ)ရွာကြီးမြောက်ရပ်ကွက်**
**နာရေးကူညီမှုအသင်းဝင်(စစ်တွေ)**

**အသက်(၇၁)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဝက်ပါလမ်းနေ ဦးမောင်ဦးသာ (ရွှေပန်းထိမ်)သည် ၂၀-၅-၂၀၁၇ရက် ညနေ ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအားသိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးဝင်းလွင်(ခ)

## ဦးကျင်းဟုန် (မြိတ်)

**အသင်းဝင်အမှတ်(၃၅၃၈)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၈)လမ်း၊ အမှတ်(၆-ခ)၊ ပထမထပ်နေ ဒေါ်မြတ်မြတ်သင်း၏ခင်ပွန်းသည် ၂၀-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးဝင်းနွယ် (မြင်းမူ)

**လက်ထောက်ညွှန်ကြားရေးမှူး**
**တောင်ငူခရိုင်(လဝက)**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၁၈၊ ၄လွှာ(ဝဲ)နေ (ဦးနွဲ့ယဉ် - ဒေါ်ခွက်)တို့၏သား၊ (ဦးစိန်ထွန်း)-ဒေါ်အေးကြည်တို့၏သားသမက်၊ဦးမြင့်အောင်-ဒေါ်စန်းစန်းဝင်း၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ကြည်တို့၏ညီ/မောင်၊ ဦးသက်တင်-ဒေါ်နုနုခင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးနိုင်အောင်-ဒေါ်မျိုးသူဇာနိုင်၊ ဦးမျိုးနိုင်-ဒေါ်ခင်စန်းလှိုင်တို့၏မောင်/အစ်ကို၊ ဒေါ်စိုးစိုးဝင်း (အထက-၃၊ ပုဇွန်တောင်)၏ ခင်ပွန်း၊ မောင်မိုးကျော်စိုး B.E (ME)၊ မောင်မိုးဇော်စိုး B.E (Civil) Victoria University College တို့၏ချစ်လှစွာသောဖခင်သည် ၂၂-၅-၂၀၁၇ရက် နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာကေခိုင်ဝင်း

**အသက်(၃၀)**

လှိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်၊ ကန္တာရဝတီလမ်း၊ မ/၁၅၂နေ ဦးဖေဝင်း (ငြိမ်း၊ ညွှန်မှူး၊ ဆ/မ)-ဒေါ်ယဉ်ယဉ်သန်းတို့၏သမီး၊ ဦးနေဝင်းအောင် (ခေတ္တ - မလေးရှား)၏ ညီမသည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် တရားနာယူပြီး မွန်းလွဲ ၁ နာရီတွင် တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၇ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## အလ်ဟာဂျ်ဟာဂျီ ဦးတင်ဦး

**မိုးသောက်ပန်းဆောက်လုပ်ရေး**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ် ၅/ကနေ (အလ်ဟာဂျ်ဟာဂျီ ဦးတင်မြိုင်(မရ်ဟွန်)-ဟာဂျီမ ဒေါ်ဝင်းရီတို့၏သား၊ ဟာဂျီမ ဒေါ်သန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ [အလ်ဟာဂျ်ဦးတင်ထွန်း(မရ်ဟွန်)]ဟာဂျီမဒေါ်မြင့်မြင့်ရီ၊ အလ်ဟာဂျ်ဟာဂျီ ဦးစိုးနိုင်-ဟာဂျီမ ဒေါ်အေးအေးမြင့်၊ အလ်ဟာဂျ်ဦးတင်သိန်း-ဟာဂျီမဒေါ်သန်းသန်းရွှေ၊ အလ်ဟာဂျ် ဟာဂျီ ဦးဝင်းသန်း-ဟာဂျီမဒေါ်ချိုချိုမြင့်၊ အလ်ဟာဂျ် ဦးသိန်းလင်းအောင်-ဟာဂျီမ ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို၊ အလ်ဟာဂျ် ဦးဉာဏ်မြင့်ဦး-ဟာဂျီမ ဒေါ်သဇ္ဇာဝင်း၊ ဦးဝင်းစိုး-ဒေါ်နှင်းအိဖြူ၊ ဦးမောင်မောင်ဦးတို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၁၇ရက် (စနေနေ့) ည ၁၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၄-၅-၂၀၁၇ရက် ဇိုဟိုရ်နမာဇ်လ်အပြီးတွင် ရေဝေးကဘဲရ်စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဦးတင်ဦး၏ နာရေးကိစ္စအဝဝကို နှုတ်အားဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်ခြင်းဖြင့်သော်လည်းကောင်း၊ အကူအညီပေးခဲ့ကြသော မိတ်ဆွေများအားလုံးကို ကျန်ရစ်သူမိသားစုများမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကောဝိဒါဘိဝံသ

**စေတိယင်္ဂဏ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ**
**ပဋ္ဌနိကာယဏ္ဏဝ-ပိဋကတ္တယပါရဂူ**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**

**သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ သာသနာ့လင်းရောင်ကြည်စာသင်တိုက်နှင့် ခင်ဦးမြို့နယ်၊ မူးသာရွာ၊ ဥတ္တရာရုံကျောင်း၊ ကုန်းကျောင်းရေထွက်စေတီကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက လဋ္ဌီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ မထေရ်မြတ်ကြီးသည် (၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်) ၂၀-၅-၂၀၁၇ရက်(စနေနေ့)နံနက် ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် နယုန်လဆန်း ၁ရက်) ၂၆-၅-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျောင်းတိုက်မှ ပင့်ဆောင်၍ ဆင်ဖြူကွင်းသုသာန်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော်နှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pi Ciin Za Cing @ ဒေါ်ကြင်

**အသက်(၉၆)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ကျေးရွာနေ (Pu Rev. Za Khup-Pi Ciang Zam)တို့၏သမီး၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လောဖေကျေးရွာနေ (Pu Suang Thang-Pi Ciang Hau)တို့၏သမီးချွေးမ၊ (Dr. Vum Ko Hau - Pi Mang Ko Ciin), (Capt. Kham Cin Khai၊ အငြိမ်းစား-Pi Cingh Ciang), (Pi Ciin Ko Mang-Syapi Mang Thawng)တို့၏ညီမ၊ (Pi Mang Za Dim-Pu Tuang Za Khai), (Pu Suangh Cin Pau)-Sm Cing Za Pau(Australia)၊ (Sm Pum Za Cing)၊ (Nu Vung Za Lian)တို့၏အစ်မ၊ (Mr. Thang Za Pau), Sm Hau Khan Dim (USA)၊ (Ms. Zam Cing Hau)၊ Nu Khup Za Cing-(Pa Tual Do Thang)၊ Dr. Hau Cingh Mang(မြိတ်တက္ကသိုလ်)၊ Pa Thian Za Mung @ ကိုချင်းမောင်လေး-Nu Khup Za Niang @ ဆရာမရိုစီခိုင်၊ Sim Thang Za Man Pa Khai Khan Lian @ အိုက်လုံး-Nu Cing Khawm Niang တို့၏ ချစ်လှစွာသောမိခင်၊ အမှတ် ၁၁၃၆၊ (၉၁)ရပ်ကွက်၊ ကျောက်လမ်းသွယ်၊ ဒဂုံသီရိလမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ (Lt Col.Thian Ko Khai @ ဒုဗိုလ်မှူးကြီးထျန်ခိုခိုင်၊ အငြိမ်းစား)၏ချစ်လှစွာသောဇနီး၊ တူ၊ တူမ ၃၃ယောက်တို့၏အဒေါ်၊ မြေး ၆၆ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅း၂၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၅-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်နှင့် အမှတ် ၁၅၂၊ ဗိုလ်မြတ်ထွန်းလမ်းရှိ ရန်ကုန်စီးယင်းနှစ်ခြင်း ဘုရားကျောင်းတို့မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဗိုလ်သိန်း

**B.A.Ed, B.Ed**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၅၈၆နေ(ဦးထွန်းရင်-ဒေါ်မယ်တော်)တို့၏သား၊ ဦးအေးချမ်း-ဒေါ်သက်သက်ဦး၊ ဦးတင်လှ-ဒေါ်ခင်ခင်ဇော်၊ ဦးဇော်မင်း-ဒေါ်အေးအေးတင်၊ ဒေါ်သီသီဇော်၊ ဦးဝင်းသိန်း-ဒေါ်ချိုသက်ခိုင်၊ ဒေါ်ငြိမ်းငြိမ်းဝင်း၊ ဦးကိုကိုသိန်း၊ ဦးညီညီသိန်း-ဒေါ်မြသက်ဝေ၊ ကိုဇော်ဇော်အောင်၊ မပိုးအိမွန်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်မြင့်မြင့်ကြွယ်)၏ခင်ပွန်းသည် ၂၂-၅-၂၀၁၇ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကိုကိုကြီး(ခ)ဟိုင်လင်း

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွှေလမ်း၊ အမှတ် ၄၇နေ (ဦးထွန်းရွှေ-ဒေါ်စောမူ) ပိုလိုလက်ဖက်ခြောက်တို့၏သား၊ (ဦးမောင်စံ)-ဒေါ်ကျင်နုတို့၏သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၇လမ်း၊ အမှတ် ၄၇နေ ဒေါ်စန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ဒေါက်တာကြည်မေ-ဦးဉာဏ်ထွန်း၊ဒေါ်ကျင်မေ-ဦးကျော်စိန်တို့၏မောင်၊ ဒေါ်ရီမေ-ဦးသိန်းဝင်း၊ ဒေါက်တာရင်မေ-ဦးယုဟန်၊ ဒေါ်ယဉ်ယဉ်ဝေ-ဦးစံမြင့်၊ ဒေါက်တာမင်းသိမ်း-ဒေါ်သီတာဦးတို့၏ အစ်ကိုသည် ၂၂-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၄၇၊ ၇လမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါလမ်းမတော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာကေခိုင်ဝင်း

**လှိုင်ကော်ပြည်သူ့ဆေးရုံကြီး**

**အသက်(၃၀)**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော (ဦးဖေဝင်း)၏သမီး လက်ထောက်ဆရာဝန် ဒေါက်တာကေခိုင်ဝင်း (ဆမ-၂၇၄၂၆) အသက်(၃၀)သည် ၂၁-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများမိသားစု**
**ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ ဒုတိယအစည်းအဝေးသို့ အထူးဒေသ- ၄ အဖွဲ့ တက်ရောက်မည်ဟု သိရ

**သတင်း - မျိုးသူဟိန်း (သတင်းစဉ်)**

**နေပြည်တော်  မေ  ၂၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံ ဒုတိယအစည်းအဝေးကို နေပြည်တော်၌ မေ ၂၄ ရက်မှ ၂၈ ရက်အထိ ၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ကျင်းပမည့်အခြေအနေနှင့် ပတ်သက်၍ ညီလာခံပထမနေ့ နံနက်ပိုင်းတွင် ညီလာခံဖွင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း၊ ညီလာခံဖွင့်ပွဲ ကျင်းပသည့်အခါ ယခင်ကျင်းပပြီးစီးခဲ့သည့် (၂၁)ရာစုပင်လုံ ပထမ အစည်းအဝေးကဲ့သို့ ခေါင်းဆောင်များက အဖွင့်အမှာစကား ပြောကြားကြမည်ဖြစ်ကြောင်း။

ညနေပိုင်းတွင် ညီလာခံကိုယ်စားလှယ်တော်ကြီးများ သိသင့်သိထိုက်သည့် အချက်အလက်များကို ဆွေးနွေးမည့်ပုံစံများအား ရှင်းလင်းတင်ပြပြီး လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းဆွေးနွေးခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးတက်ရောက်ခဲ့သည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ UPDJC အတွင်းရေးမှူး ခွန်မြင့်ထွန်းက ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၄ ✻

# Yangon Water Bus ပြေးဆွဲရာတွင် ရေယာဉ်များ၏ အရည်အသွေးကို စစ်ဆေးမှုများပြုလုပ်၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီမှသာ ပြေးဆွဲခွင့်ပြုသွားမည်



**Water Taxi** ပြေးဆွဲမည့် ရေယာဉ်နှင့် ဆိပ်ခံတံတားပုံစံ  ဓာတ်ပုံ - tinttintmyanmar.com

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

**ရန်ကုန်  မေ  ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် Yangon Water Bus ပြေးဆွဲရာတွင် ရေယာဉ်များ၏ အရည်အသွေးကို စစ်ဆေးမှုများပြုလုပ်၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီမှသာ ပြေးဆွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

"ရေလမ်းခရီးသွားလာမယ့် ခရီးသည်တွေရဲ့ဘေးအန္တရာယ်ကင်းရှင်းရေးကို ပထမဦးစားပေးအနေနဲ့ စီစဉ်ဆောင်ရွက်နေတာဖြစ်ပါတယ်၊ ဒီအတွက် ကိုယ့်အစီအစဉ်နဲ့ ဆောက်လုပ်တဲ့ သင်္ဘောဖြစ်စေ၊ နိုင်ငံခြားက တင်သွင်းလာတဲ့ သင်္ဘောဖြစ်စေ ကျွန်မတို့အနေနဲ့ လက်ခံနိုင်တဲ့ အရည်အသွေး မပြည့်စုံရင် လက်ခံမှာမဟုတ်ပါဘူး၊

စာမျက်နှာ ၅ ကော်လံ ၁ ✪

## လူ့အခွင့်အရေး ကော်မရှင်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာပါစွပ်စွဲချက်များ နှင့်ပတ်သက်၍ မှန်ကန်မှုမရှိ စုံစမ်းစစ်ဆေးရေးအဖွဲ့ မောင်တောဒေသ သွားရောက်စုံစမ်းပြီး ကျူးလွန်သူများအား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်

စာ ➤ ၉

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး ကျင်းပပုံများကို တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  မေ  ၂၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ ဒုတိယအစည်းအဝေးကို မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)တွင် စတင်ကျင်းပသွားမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# လက်ရှိချန်ပီယံ ရတနာပုံအသင်း ရောဝတီအသင်းကို အနိုင်ယူ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**မန္တလေး  မေ  ၂၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ လက်ရှိချန်ပီယံ ရတနာပုံအသင်း နိုင်ပွဲဆက်ခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံက ရောဝတီကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရတနာပုံ အသင်းသည် ၂၄ မိနစ်တွင် ပေးလိုက်ရသည့် ဂိုးကြောင့် နောက်မှလိုက်ကစားခဲ့ရသော်လည်း လူစားဝင် ကစားသမား သက်နိုင်၏ ခြေစွမ်းပြမှုနှင့်အတူ အနိုင်ပြန်ရခဲ့သည်။ ရတနာပုံအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် ငါးမှတ်သာကွာတော့ပြီး ချန်ပီယံဆုကို ကာကွယ်နိုင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ရောဝတီအသင်းသည် ဦးဆောင်ဂိုးရခဲ့သော်လည်း လေးဂိုးပြန်ပေးခဲ့ရပြီး

စာမျက်နှာ ၁၄ ကော်လံ ၁ ❍



ရတနာပုံနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်

